www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံပါစေ မမမယ်။ ဒီနေ့အတွက် မမဆီကို စာမရေးဘဲ မနေနိုင်လောက်အောင် ဆွဲဆောင်မှုတစ်ခု ရှိနေလို့ စားရေးလိုက်ပါတယ်။ မမမယ်ရေ ... အခုလေးတင်ပဲ မမရဲ့ "အခန့်မသင့်မုန်တိုင်း" ဝတ္ထုလေးဖတ်လို့ပြီးပါတယ်။ မမရေ တကယ်ကို ရသမြောက်ဝတ္ထုစာအုပ်လေးပါ။ မမရဲ့စာတ်လမ်းတွေထဲမှာ အထူးခြားဆုံးနဲ့ ဇာတ်အိမ်ဖွဲ့နွဲ့မှုအကောင်းဆုံးလို့ ထင်မိတယ်။ မမမယ်ရယ် တကယ် တော်လွန်းပါတယ်။ လေးလည်း လေးစားပါတယ်။ ထာဝရလည်း အားပေးနေမယ်လို့ ကတိပေးတယ်နော်။

မမယ်ရဲ့

ချစ်ပရိသတ်

ဖြိုးမေမိ

ညောင်ပိုင်းကျေးရွာ

ကျောက်တန်းမြို့နယ်

ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေး

## အမှတ်တရအစီအစဉ်

ဘုံလေးရေ ...

ပျော်ရွှင်ပါစေနော် ...

ချေလို့ နေလို့ ချစ်လေသည်က မိုက်သလားတော့ မမေးနဲ့။ အဘွားကြီးရေဆိုပြီး စုတို့ သူငယ်ချင်းတွေ အချင်းချင်း ခေါ်နေကြပြီ။ အပြင်မှာကော မင်းသားတွေအမေက ခေါ်ချေချေ လားဟင်။ ဟဲ ဟဲ ... နောက်တာပါ။ ဘုံလေးရဲ့ အရေးအသား တွေကို ကြိုက်ပြီးသားပဲ။ ဘုံလေး အရေးအသားတွေက တစ်နေ့ ထက်တစ်နေ့ သွက်လက်လန်းဆန်းလာတယ်။ ဘုံလေးရေ ... ဗီဒီယိုဓာတ်ကားတွေလည်း ကြည့်နေရတယ်။ ဝတ္ထုကို မမီ သော်ငြား ကောင်းတော့ ကောင်းပါတယ်။ နောက်ဆိုရင် ဘုံလေး ဝတ္ထုတွေကို ရုပ်ရှင်ကားကြီးတွေအဖြစ် မြင်ချင်သေးတယ်။

အမြဲအားပေးနေတဲ့

Su Yadanar
3rd year(Maths)
ရတနာပုံတက္ကသိုလ်
မန္တလေးမြို့။



စေတနာစာပေး

## အမှတ်တရအစီအစဉ်

သို့

ချစ်မမမယ်မင်းရေ ...

မမရဲ့ "အခန့်မသင့်မုန်တိုင်း"၊ "ချေလို့နေလို့ချစ်လေသည်" ဝတ္ထုလေးတွေဖတ်ပြီး မမကို အရမ်းလေးစားသွားတယ်။ တစ်လနဲ့တစ်လ မတူဘဲ တစ်မူထူးခြားတဲ့ ဇာတ်အိမ်လေးတွေ ရေးတတ်တဲ့ မမရဲ့ အတွေးအခေါ်လေးတွေကိုလည်း ကြိုက်တယ်။ စာအုပ်ထဲမှာ ဓာတ်ပုံလေးထည့်ပေးဦးလေ မမ။ အရင်ကဆို မမဓာတ်ပုံလေးကြည့်ပြီး စာအုပ်ဖတ်ရတာ ပို feel ရှိတယ်။ မမ ဝတ္ထုတိုပေါင်းချုပ်လေးတွေ ထုတ်ပေးနော်။ မမကို အရမ်းလည်း ချစ်တယ်။ အမြဲတမ်းလည်း အားပေးနေတယ်။ မမစာအုပ်တွေကို ဖတ်ရတာ ခွန်အားရှိတယ်။

အေးအေးသာ
မြန်ကြီးရွာ၊ မော်ကျွန်းမြို့
မြန်ကြီးရွာမအုပ်စု၊
ဧရာဝတီတိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

To

မမမယ်မင်း ...

ရိုးမြေကျခေါင်းခါသည် ဝတ္ထုလေးကို ဖတ်ပြီးမှ မကြာသေးဘူး။ ဗီဒီယိုအခွေ ထွက်လာလို့ ကြည့်ရပါတယ်။ အရမ်းကို ကောင်းပါတယ် မမရေ။ ကောင်းဆို မမကိုယ်တိုင် ဇာတ်ညွှန်းခွဲထားတာကိုး။ အရမ်းတော်တဲ့ မမမယ်မင်းကို အမြဲတမ်း လေးစားချစ်ခင်ပြီး အားပေးနေပါတယ်လို့။

ပျော်ရွှင်သုခ ထာဝရပိုင်ဆိုင်ရပါစေ။

ကျော်ယမင်း
ရတနာပုံတက္ကသိုလ်
3rd year (Maths)



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မယ်ရေ ...

ဒီလထွက် ချေလို့ နေလို့ ချစ်လေသည် ဝတ္ထုလေး ကတော့ သိပ်ထူးခြားတာပဲနော်။ မြင့်မိုးမယ်လို့ အမည်တွင်တဲ့ အခြောက်မကြီး မယ်မယ်ရဲ့မေတ္တာတရားကြီးမားပုံလေးတွေကို ဖတ်မိပြီး အခြောက်တွေဘဝကို စာနာမိသွားတယ်။ တအားကောင်း ပါတယ်။ နောက်လ ဘာစာအုပ်ထွက်မှာလဲဟင်။ ဖြစ်နိုင်ရင် တော့လေ မယ့်ရဲ့စာအုပ်တွေကို တစ်လကို နှစ်အုပ်လောက် ဖတ်ချင်တာ။ အရမ်းသဘောကျလို့လေ။ မယ်ရေ ... အမြဲတမ်းအား ပေးနေတယ် သိလား။ မယ် ဒီ့ထက်မက အောင်မြင်မှုသရဖူ ဆောင်းနိုင်ပါစေ။

ချစ်သော မယ့်အတွက်

ခေးဆက်
အမှတ်(၃၁)၊ သဇင်ရပ်
ဒေးဒရဲ။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

ဆရာမဘုံ ...

ဆရာမရဲ့အမာခံပရိသတ်ပါ။ ကျွန်တော့်နာမည်က ထင်လင်းသက်ပါ။ ဆရာမ စာအုပ်တိုင်းကို လစဉ်ဖတ်ရှုဖြစ်ပါတယ်။ စာအုပ်တိုင်းလိုလိုက သဘောကျ နှစ်သက်စရာ ကောင်းပါတယ်ဗျ။ ဆရာမကို အမြဲအားပေးနေတယ်နော်။

ထင်လင်းသက်
1st MB (မကွေး)။



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမဘုံ ...

နှစ်သစ်မှာ ပျော်ရွှင်ပါစေ။ "ချော့လို့ နေလို့ ချစ်လေသည်" ဖတ်လို့ ကောင်းတယ်။ ဗီဒီယိုရိုက်မယ်ဆိုရင် ရယ်ရမှာ သေချာတယ်။ နေကောင်းရဲ့လား မသိဘူး။ မမဘုံ နှစ်သစ်မှာ ဒီထက်မက အောင်မြင်ကျော်ကြားနိုင်ပါစေ။

နှစ်သစ်ရဲ့နေ့ရက်တိုင်းမှာ ပျော်ရွှင်ပါစေ။

မင်းမြတ်ခြိမ့်ရဲ
တ/နှစ် (Maths)
အိမ်အမှတ်(၅၈)၊ ညောင်ပင်သာ
မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမဘုံရေ ...

မှတ်မိသေးလား။ မမဘုံရဲ့စာအုပ်တွေကို အမြဲတမ်းဖတ်ဖြစ်တယ်။ မမဘုံရဲ့ "ချေလို့ နေလို့ ချစ်လေသည်"စာအုပ်ကို တအားကြိုက်တယ်။ မမဘုံရေ "အခန့်မသင့်မုန်တိုင်း"ကတော့ ရှယ်ပဲဗျိုး။ ထင်မထားတဲ့ လှည့်ကွက်တွေနဲ့ ဖတ်ရတာ အရမ်းမိုက်တယ်။ နောက်လည်း ဒီထက်မက ကောင်းတဲ့ဇာတ်လမ်းကောင်းများစွာကို ရေးသားဖန်တီးနိုင်ပါစေ။

ခင်သကာ
အမှတ်(၁၈)၊ အောင်ဘောဂလမ်း
ဖော့ကန်ရပ်၊ အင်းစိန်မြို့
ရန်ကုန်။



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

ချစ်မရေ ...

နေကောင်းရဲ့လား။ ချစ်မရဲ့စာတွေကို ဖတ်ရတာ တအားကောင်းပါတယ်။ စာအုပ်တွေက တစ်လပြီး တစ်လ ပိုပိုကောင်းလာတယ်။ စ–လယ်–ဆုံး အဓိပ္ပာယ်ရှိတဲ့ ဇာတ်လမ်းကောင်းလေးတွေကို ဖန်တီးနိုင်သထက် ဖန်တီးနိုင်ပါစေနော်။

ဆွေဆွေမြင့်
အမှတ်(၁၈)၊ အောင်ဘောဂလမ်း
ဖော့ကန်ရပ်၊ အင်းစိန်မြို့
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မမမယ်မင်းရေ ...

မမရဲ့ဒီလထွက်တဲ့ "ချေလို့နေလို့ချစ်လေသည်" ဝတ္ထုလေးကိုတော့ တအားနဲ့ကို သဘောကျသွားပြီ။ အရမ်းချေတာပဲ။ မောင်မင်းသခင် ဆိုတဲ့ ဇာတ်ကောင်နာမည်ကို တအားကြိုက်တာပဲ။ ပဲပိုးတီ ဆိုတဲ့ နာမည်ကလည်း ဆန်းဆန်းလေး။ မမ ဇာတ်ကားတွေလည်း ကြည့်ရတယ်။ တအားကောင်းပါတယ်။ မမကို အရမ်းလည်း အားကျမိပါတယ်။

မမရေ ... မမမွေးနေ့လေးရယ်၊ ပြီးတော့ မမရဲ့ အချစ်ရေးလေးရယ်ပါ သိခွင့်ရှိမယ်ဆို ပြောပြစေချင်ပါတယ်။ စိတ်မဆိုးနဲ့နော် မမ။ ညီမလေး စပ်စုမိသလို ဖြစ်သွားတယ်။

ချစ်သော မမမယ်မင်း၊ ပျော်ရွှင်သာယာမှုအပေါင်း ပိုင်ဆိုင်နိုင်ပါစေ။

မမမယ်မင်းရဲ့
ထာဝရပရိသတ် ...

တင်ဇာဇာထက်
ပတ္တမြားလမ်း၊ နှယ်ခွေ(၄)ရပ်ကွက်
အမှတ်(၆၆၇)၊ မင်္ဂလာဒုံ



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

ခင်မင်လေးစားရသော ဘုံရေ ...

"ဆေးကျောင်းသားနှင့်အီကိုကွင်း"ဖတ်ပြီးကတည်းက ဘုံ့စာအုပ်တွေကို အားပေးချင်လာခဲ့သူပါ။ ဘုံ ထွက်ပြီးတဲ့ စာအုပ်တွေအားလုံး ပြန်ရှာဖတ်တယ်။ အရမ်းတော်တယ်။ ဇာတ်လမ်းတွေကလည်း ဆန်းသစ်မှုရှိတယ်။ ထာဝရအောင်မြင်ပါစေ။

သော်တာ (T T)
ရပ်ကွက်(၂)၊ အမှတ်(၃၇၈)
ခနောင်တိုရပ်ကွက်
ဆိပ်ကြီးခနောင်တိုမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com





## အမှတ်တရအစီအစဉ်

To

Dear MMB.

I' က Zin Aung

I က ယူ့ရဲ့ ထာဝရပရိသတ်ပါ။ You ရဲ့ ချေလို့ နေလို့ ချစ်လေသည် တအားမိုက်တယ်။ နောက်ထွက်မယ့် စာအုပ်က ဘာနာမည်လဲ။

အမြဲတမ်း ယူ အောင်မြင်ပါစေနော်။

You every Smile !

Nay Zar Lwin
hisusu O @ gmail. com.
Pyi Kye Ta Khon Township,
Mandalay.





## အမှတ်တရအစီအစဉ်

သို့

Hello ဘုံဘုံ ...

ဘုံဘုံလို့ ချစ်စနိုး ခေါ်တာကို ခွင့်ပြုပေးနော်။ ဘုံဘုံ စာအုပ်တွေထဲမှာ "ချေလို့နေလို့ချစ်လေသည်"က အရမ်းမိုက်တယ်။ ဘုံဘုံရေ... "နောက်ကျောကချစ်သူ" စာအုပ်ကလေး ဒို့တို့မြို့မှာ မရောက်ဘူး။ ရှာလို့မတွေ့ဘူး။ အဲဒီစာအုပ်လေးကို ခေါင်းစဉ်နဲ့တင် ကြိုက်နေမိတာ။ ဖြစ်နိုင်ရင် ဘုံဘုံဆီက အဲဒီ စာအုပ်လေးကို လက်မှတ်ထိုးလေနဲ့ လက်ဆောင်တောင်းချင်ပါတယ်။ ဘုံဘုံ ဖြစ်နိုင်မှပါ ...။

ချစ်ခင်စွာ အားပေးသော

ဖွဲ့ထက်ဝန်း
၃၉ (သာယာကုန်း)
ဝါးဘိုးလမ်း၊ သိမ်ဇရပ်မြို့။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ဘုံလေးသို့ ...

စာရေးပြီး မိတ်ဆက်ချင်ခဲ့တာ ကြာပါပြီ။ ဒီတစ်ခါတော့ သေချာပေါက် မိတ်ဆက်ဖြစ်သွားပြီ။ ဘုံလေးကို အမြဲအားပေးနေခဲ့သူပါ။ ဘုံလေးရေ ... စာအုပ်တွေထဲမှာ အရင်လိုဓာတ်ပုံမထည့်တော့တာလဲဟင်။ ဘုံလေး ပုံလေးကို မြင်နေရတော့ ဖတ်ရတာ ပိုအရသာရှိသလိုပဲ။ ဘုံလေး ကျန်းမာရေးကိုလည်း ဂရုစိုက်နော်။ စာတွေအများကြီး ရေးသားဖန်တီးနိုင်ပါစေလို့ မမက ဆုတောင်းပေးပါတယ်နော်။

ဘုံလေး အစဉ်ထာဝရ ကျန်းမာရွှင်လန်း ပျော်ပါး နှစ်ဖြာ စိတ်ချမ်းသာပါစေ ...။

မမက ဘုံလေးရဲ့ပရိသတ်စစ်စစ်

ကျင်ကျင်အေး
အမှတ်(၉၈) မြင်တော်သာလမ်း
ပဲခူးမြို့။



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

မမရေ ... မမစာတွေ ဖတ်ရတာ အရမ်းကို လန်းဆန်းတက်ကြွရပါတယ်။ မမ နောက်ပိုင်းစာအုပ်တွေက ပိုပြီးရင့်ကျက်လာတဲ့ အရေးအသားတွေနဲ့နော်။ မမကို လေးစားအတုယူမိတယ်။ အသက်ငယ်ငယ်လေးနဲ့ ပျော်ရွှင်အောင်မြင်တဲ့ လူငယ်ဘဝကို ပိုင်ဆိုင်ထားလို့လေ။ မမရဲ့အကြောင်းကို ဝတ္ထုဖွဲ့ရေးထားတဲ့ ဓာတ်လမ်းတစ်ပုဒ်လောက် ရေးချကြည့်ပါလို့ တောင်းဆိုပါရစေ။ ညီမလေး ဖတ်ပြီး အားကျ အတုယူချင်လို့ပါ။ မမစာအုပ်တွေကို မမအေးပြောလို့ ဖတ်ကြည့်ပြီး နှစ်သက်ခဲ့ရတာပါ။ မမရေ ... စာပြန်ပေးပါလို့ တောင်းဆိုပါရစေနော်။ မမရဲ့ဓာတ်ပုံလေးပါ ညီမလေးတို့ ညီအစ်မအတွက် ထည့်ပေးလိုက်ပါနော်။ မမကို အရမ်းလည်း ချစ်တယ်။ မမ ... ညီမလေးတို့ကို စာပြန်ပါစေလို့လည်း ဆုတောင်းနေတယ်။

မမဆီကပြန်စာကို မျှော်နေတဲ့ ...

Bird. Angel
အမှတ်(၉၈)၊ မြင်တော်သာလမ်း
ပဲခူးမြို့

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

ညီမလေး မယ်မင်းရေ ...

ညီမလေးစာအုပ်တိုင်းက ကောင်းပြီးသားပါ။ ဒီနေ့အတွက် အခန့်မသင့်မှုတိုင်း ဖတ်ဖြစ်တယ်။ ဇာတ်အိမ်က အရမ်းမိုက်တယ်။ ဒါပေမဲ့ စာသားလေးတွေ မှားနေတယ်၊ ဇာတ် frame ကတော့ ရှယ်ပဲနော်။ ဘယ်သူနဲ့ ရိုက်မှာလဲဟင် ? ။

ခင်မို့မို့ထွန်း
ရန်ကင်း၊ အောင်သုခရပ်
ဘုရင့်နောင်လမ်း
မုံရွာမြို့။



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

ဆရာမရေ ...

အချစ်ဝတ္ထုတွေ ရေးနေတဲ့ ဆရာမတို့ လေးစားစွာ စာရေးလိုက်ပါတယ်။ ဆရာမ မရိုးသတ်ချိုးမွှာနဲ့အတူ အောင်မြင်သောနေ့ရက်များစွာကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ဆရာမ ဘာဝတ္ထုတွေ ထွက်ဖို့ရှိသေးလဲ။ ဆရာမစာအုပ်တွေကို Online ကနေပါ download လုပ်လို့ရရင် ကောင်းမယ်နော်။ စာအုပ်အငှားဆိုင်ကနေဆို စောင့်ရတာ ကြာလို့လေ။

ဆရာမဘဝမှာ အစဉ်ထာဝရ လန်းဖြာကျန်းမာပါစေဗျား။

သားသား
လင်းဓေး

www.burmeseclassic.com

## စေတနာစာပေး

### အမှတ်တရအစီအစဉ်

မမယ်မင်း ...

ကျွန်မက မရဲ့စာပေတော်ပရိသတ် တစ်ဦးပါ။ မ ရွက်ထားသမျှတွေထဲက တချို့အားလုံး ဖတ်ပြီးပါပြီ။ အားလုံးထဲမှာမှ "အဲ့မယ်အချစ်ဖျက်ဆောင်းဆိုး"ကိုတော့ အကြိုက်ဆုံးပဲ။

ရတနာခင်းဝေ
ရွှမ်းပိုင်ရပ်၊ ရေနီကျေးရွာအုပ်စု
ရေတာရှည်၊ ပဲခူးတိုင်း။



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

သို့

ဆရာမ ...

ဆရာမ မင်္ဂလာပါ။ ကျွန်တော် ဆရာမဆီသို့ ခင်မင်ချစ်ခင်စိတ်ဖြင့် စိတ်ဆက်စာရေးပါတယ်။ ဆရာမ ဝတ္ထုတိုင်းကို မဖတ်ဖြစ်ပေမယ့် ဆရာမရဲ့ဝတ္ထုတိုင်းကိုတော့ နှစ်သက်မိသူပါ။ ဆရာမရေ ... ဆရာမရဲ့အရေးအသားအား ဇာတ်လမ်းဇာတ်ကွက်တွေဟာ တအားကောင်းပါတယ်။ တစ်ခု ဝေဖန်ချင်မိတာက ဆရာမဇာတ်ကောင်ရဲ့ အပြင်အဆင်ကို သိပ်ရေးလေ့မရှိဘူးနော်။ ဆရာမက ဇာတ်လမ်းကို အသားပြုရေးထားတာနော်။

ဒါပေမဲ့ ဇာတ်လမ်းကို အာရုံစူးစိုက်တဲ့အတွက် တအားကို ဇာတ်လမ်းကောင်းပါတယ်။ ဆရာမ ဝေဖန်တာကို စိတ်မဆိုးဘူး မဟုတ်လားဟင်။ ဆရာမ လစဉ်လတိုင်း တချို့ ချက်စေချင်တဲ့ ပရိသတ်တွေ ရှိပါတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေ အားလုံးက ဆရာမကိုပဲ အမြဲအားပေးနေကြတာ။

ဆရာမရဲ့ စကားပြောသုံးနှုန်းမှုတွေက တအားခေတ်မှီပြေးတာလေ။ အရမ်း လူငယ်ဆန်တယ်။ ကျွန်တော်တို့ ဆရာမ facebook မှာ fallow လုပ်ထားပါတယ်။ Add မရလို့လေ။ ဆရာမ fb မှာ တင်တဲ့ ကဗျာလေးတွေကိုလည်း ကြိုက်တယ်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ

## အမှတ်တရအစီအစဉ်

ဆရာမရေ "ချေလို့နေလို့ချစ်လေသည်" ဘယ်တော့ ထွက်မလဲဗျ။ facebook မှာတော့ ထွက်ပြီး ကြေညာထားပေမယ့် ကျွန်တော်တို့ဆီ ရောက်မလာသေးဘူး ဆရာမရဲ့ အဲဒီ့ခေါင်းစဉ်ကြောင့် ဖတ်ချင်စိတ်တွေ မရိုးမရွ ဖြစ်ရပါတယ်။ ဆရာမ ရှာ... သွားလို့ စိတ်မဆိုးနဲ့နော်။ ကျွန်တော်တို့ သူငယ်ချင်းတွေ အားလုံး ပေါင်းပြီး ရေးတဲ့စာမို့ပါ။ ဆရာမကို အမြဲအားပေးနေတဲ့အသိ အမှတ်ပြုခံရဖို့ စာစိုက်ကို စာတွေကျူးတာ သွားထည့်ပေးပါ။

ဆရာမ ဒီထက် ပိုပြီးလန်းတဲ့ ဇာတ်လမ်းလေးတွေရဲ့ ပုံကိုင်ရှင် ဖြစ်ပါစေဗျာ။

ပြည့်ထွန်း၊ အောင်မြတ်၊ ကျောင်းဇေး
1st year (Chem:) (dis)
ဒဂုံတက္ကသိုလ်
ကျောက်ပုံကျေးရွာ
တောင်သာမြို့နယ်
မန္တလေးမြို့။



စေတနာစာပေ

## အမှတ်တရအစီအစဉ်

သို့

မမတော့

ချေလို့ နေလို့ ချစ်လေသည်" Title လေးနဲ့ လိုက်ဖက်လွန်းစွာ အရမ်းချောတတ်တဲ့ မောင်မင်းသခင်နဲ့ ပဲပိုးတီရဲ့ အချစ်ဇာတ်လမ်းလေးကိုဖတ်ပြီး အရမ်းကြိုက်ရပါတယ်။ မောင်မင်းသခင်က အရမ်းမိုက်တယ်။ ဇာတ်ကားရိုက်ရင် ဘယ်သူတွေနဲ့ ရိုက်မှာလဲဟင် မမ။

အိငယ်
ကညင်ကွဲကျေးရွာ၊ ဘိုကလေးမြို့၊
ဧရာဝတီတိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

မမမယ်မင်းဘုံ ...

အိမ်ထောင်ရေးစာတ်ဆန်းလေးတွေ ရေးပါဦး။ မိုးလုံလေလုံ၊ ပျားရည်ဆမ်းတို့လို သီးသန့်အိမ်ထောင်ရေးစာတ် ရေးပါနော်။ ဖတ်ချင်လှပြီ။ စာအုပ်တွေ အစုနောက်ပိုင်း အထွက်ကျဲတယ်နော်။ များများရေးပါ။ များများအောင်မြင်ပါစေ။

**Naw See Wah**
(၆/၃၉) ၅၂ x ၅၃ လမ်းကြား
သရက်ကုန်း၊ အောင်မြေသာစံ
မန္တလေးမြို့။



## အမှတ်တရအစီအစဉ်

သို့

ဘုံရေ ...

ဘုံရဲ့ "ချေလို့ နေလို့ ချစ်လေသည်"က လန်းလွန်းတယ်ကွာ။ ခေါချေချေကို သဘောကျတယ်။ ဘုံက ဟာသလည်းရတယ်နော်။ တကယ်တော်တယ်။ အဲဒီလို အချစ်ဟာသတွဲ စာတ်အမြူးလေးတွေ ရေးပေးဦးနော်။ ဖတ်ဖို့ Ready ပါ။

ဘုံလေးရဲ့အမာခံပရိသတ်။

• မြတ်သူသူစင်
ရေခဲစက်ရပ်၊ ရေနံချောင်း
မကွေး။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ ဘုံရေ ...

ဘုံ့ရဲ့ အခုထွက်ထားတဲ့ "ချော့လို့ နေလို့ ချစ်လေသည်" စာအုပ်ကို အရမ်းကြိုက်တယ်။ ပဲပိုးတီနဲ့ မောင်မင်း ဖြိုးစီတို့ အချစ်ဇာတ်လမ်း Romance ဖြစ်တယ်နော်။ အပြင်မှာ အဲဒီလို မျိုးပဲလား။ နောက်တော့ စိတ်ဆိုးရဘူးနော် ဘုံ။ ဘုံရဲ့ ... နောက်လထွက်မှာ ဘာစာအုပ်လဲဟင်။ ပြောပြပါဦး။ အမြဲစောင့် မျှော်အားပေးနေတယ်နော်လို့။

Forever audience
သင်ဇာမြင့်ကြည်
(၉)ရပ်ကွက်၊ သာယာဝတီ
မင်းလှမြို့နယ်၊ စစ်ကွင်းမြို့၊
ပဲခူး(အနောက်)။



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ဝတ္ထုတွေရေးတဲ့ ဘုံဘုံရေ ...

ဘုံဘုံရဲ့ "အချစ်မသင့်မှန်တိုင်း" ဝတ္ထုကတော့ အံ့ဖွယ်ရာကွယ်။ ဖတ်ဆုံးအောင်ကျမ်းဖတ်လို့ မရအောင် ကောင်းတယ်။ ဉဉ၊ တုတုရဲ့ ညီအစ်မစရိုက်ကလည်း တကယ့် မိုက်တယ်။ ဒီဝတ္ထုလေးကို ဖတ်နေရတာ ရုပ်ရှင်ဇာတ်ကားတစ် ကား ထိုင်ကြည့်နေရသလိုပဲ။ ဘုံဘုံ ရေးတာတွေက ပညာသား ပါပါနဲ့ ထိမိတယ်။ သိပ်ကြိုက်တယ်။ အရမ်းကို အောင်မြင်နေ ပါပြီ ဘုံဘုံရယ်။

Congratulation
ထေဇင်ဦး
(၄၈/၁၃၂)၊ အုန်းတော
စည်ပင်လမ်း၊ တောင်တွင်းကြီး
မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမဘုံ ...

HAPPY NEW YEAR.

နှစ်သစ်မှာ စိတ်သစ်လူသစ်ဖြင့် ကောင်းမှုများကို ဖန်တီးရေးသားနိုင်ပါစေ။

အမြဲတမ်းမှာ စိတ်ချမ်းသာပါစေ။

ဆုတောင်း၍ ...

ရွှန်းတာရာ
NAY PYI TAW
ph. 0979815372



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမမယ်မင်း ...

မမရဲ့ဝတ္ထုထဲမှာ ပရိသတ်ကို လေးစားစွာဖြင့် ပရိသတ်စာလေးတွေ ထည့်တာကို သဘောကျတယ်။ မမ ... မမက ဘာနဲ့ကျောင်းပြီးတာလဲ။ မမကို အပြင်မှာ တွေ့ဖူးချင်တယ်။ မမရေ ... စာအုပ်တွေက တစ်ခါတစ်ခါ စာသားတွေ မပါတာရှိတယ်။ အဲဒါမျိုးဆို စာဖတ်ရတာ အရသာပျက်တယ်။ မမက ရန်ကုန်မှာပဲလားဟင်။ မမရေ ... မမကို အမြဲအားပေးနေတယ်။ မမ စာပြန်ရင် ဓာတ်ပုံလေး ထည့်ပေးပါဦးနော်။

နှိုရာရှင်း
ရှင်းရှင်း - ဆိုင်
ဦးအောင်ဇေယျလမ်း၊
အရှေ့ပိုင်းရပ်ကွက်၊
ပန်းတာနော်မြို့

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

သို့

မမယ် ...

"သံယောဇဉ်မျက်စောင်း" က ဘယ်သူ့ဖွေ့နဲ့ ဗိုဒီမှို့ ရိုက်မှာလဲ။ နောက်ရောက်ရှဘူ ချစ်သူကဗျောက်ကမမယ့်ရဲ့ "အထင်လွဲသစ်ရွက်" ကြည့်ပြီးပြီ။ သွန်းအွတ်နဲ့ မမယ် စတွေ့တွေ့ရိုက်တယ်။ ထူးထူးခြားခြားလေးတွေ ရေးဦးနော်။

မမယ် အနေကျောင်းပါစေ။

နိုင်ဇာ

တိုက်(၆)၊ ရွှေခင်းသာအိမ်ရာ

သာကေတ၊ ရန်ကုန်။



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံ ...

မင်္ဂလာပါနော်။ ညီမကတော့ အိအိဝင်းပါ။ နောက်ပြီး အစ်မရဲ့ပရိသတ်တစ်ယောက်ပါ။ ညီမလေး အစ်မကို အရမ်းလေးစားပါတယ်။ အရမ်းလည်း အားကျပါတယ်။ ကိုယ်ဝါသနာပါတဲ့ အလုပ်ကို လုပ်ရလို့ အရမ်းပျော်ရွှင်မှာပဲနော်။ ညီမက ပန်းချီဆွဲတာ အရမ်းဝါသနာပါတယ် သိလား။ ဒါပေမဲ့ ပန်းချီဆရာတစ်ယောက် မဖြစ်နိုင်သေးပါဘူး။ ကိုယ့်အလုပ်နဲ့က တခြားစီပဲနော်။ အစ်မရဲ့ စာအုပ်တွေလည်း ဖတ်တယ်။ အရမ်းကြိုက်တယ်။ နောက်ပြီး အောင်ရဲလင်းနဲ့ မခိုင်သင်းကြည်နဲ့ ကားဆို အရမ်းကြိုက်တာ ရယ်ရတာကိုး။ ညီမက အချစ်ထက် အချစ်နဲ့ ဟာသဇာတ်လမ်းကို ပိုသဘောကျတယ်။ ဟာသလေးတွေ များများရေးပေးနော်။ မာနမကြီးတာကိုလည်း အရမ်းခင်တာ။ ညီမကိုရော ပြန်ခင်မှာလားဟင်။ ညီမကို အစ်မတော်ပုံရယ်၊ လက်မှတ်ရယ် လက်ဆောင်အဖြစ်ပေးပါလားလို့ တောင်းဆိုချင်ပါတယ်။ နောက်ဆိုလည်း စာရေးလို့ရမလားဟင်။ အစ်မဆီက ပြန်စာလည်း ဖတ်ချင်တယ်။ နောက်ပြီး အစ်မကို အမြဲအားပေးနေမယ် သိလား။ ခင်မင်လျက်ပါ။ အမြဲအားပေးနေမယ်။

အစ်မရဲ့ပရိသတ်

Ei Ei Win

စိန်ဂေဟာ၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## ဝေဟာနုဟာပယ်

### အမှတ်တရအမှီအစဉ်

Hello

မယ်မယ် ...

မတွေ့ရတာကြာပြီ။ အရင်လို ကြည့်ကောင်းနေတုန်းပဲလား။ "ချေရှိ နေရှိ ချစ်ခြေသည်"ကို ဖတ်ပြီးပြီနော်။ အရှိန်ကို ဖတ်လို့ကောင်းပါတယ်။ စွွှေတစ်အုပ်လုံးက အချေ့ပေါ့။ မယ်မယ်ကလည်း ချေ့ပြီးတော့ ရေးထားတာ အတော်ကောင်းတယ်။ ဇာတ်လမ်းကို ဆွဲဆောင်ရဲ့ကောင်းမှာ သိလား။ "ခေါင်မင်းသခင်"ဆိုတဲ့ အချေ့မင်းသားကို ကြွေရပါတယ်။ "မြင့်မိုးမယ်"ဆိုတဲ့ အချေ့မယ်မယ်ကိုလည်း သဘောကျရပါတယ်။ မင်းသားနဲ့မင်းသမီး ပြင်းစီးတဲ့အခန်းကို အရှမ်းကြည့်နူးရပါတယ်နော်။ အိုး ... အရှမ်းကို ဖတ်လို့ကောင်းပါတယ် မယ်မယ်ချေ့ချေ့ရေ။

နောက်ဝတ္ထုတွေလည်း မျှော်နေပါတယ်။ တစ်အုပ်နဲ့တစ်အုပ် မကြာဘဲ မြန်မြန်လေး ထွက်ပေးပါနော်။

ဒီထက်မက အောင်မြင်မှုတွေ ဆိမ်းပိုက်နိုင်ပါစေ။

လမင်း
အမှတ်(၄၄/ခ)၊ တော်ဝင်သစ်ခွရိပ်
မင်္ဂလာစွယ်ဖျားဦးရပ်ကွက်၊ ကလေးမြို့။

P.S မယ်မယ့်ဆီ မှန်မလောက်မြင်ထားတော့ လမင်းရဲ့ မယ်မယ်မရှိရတာတော် ကြာပြီနော်။



## ဝေဟာနုဟာပယ်

### အမှတ်တရအမှီအစဉ်

သို့

မမဘုံ ...

မင်္ဂလာပါ။ နေကောင်းရဲ့လား မသိဘူး ခင်ဗျား။ အခန့်မသင့်မှန်တိုင်း ဖတ်ပြီးသွားပြီ။ ဖတ်လို့ အရှမ်းကောင်းတယ်။ ဇာတ်လမ်းလည်း ကောင်းတယ်။ မမဘုံ ဖော်ပြနိုင်ရေးပေးတာ မင်းမြတ်ဆီ ရောက်ပါတယ်။ Photo အကြီး ထည့်ပေးပါခင်ဗျား။ ကျောင်းပြန်မှန်ခဲ့နေပါပြီ။ မမဘုံ ဇာတ်လမ်းကောင်းများစွာ ရေးနိုင်ပါစေ။ ဒီထက်မက အောင်မြင်ကျော်ကြားနိုင်ပါစေ။

မင်းမြတ်ဖြိုးရ
တ/နစ်၊ သန်းဖြ
အိမ်အမှတ်(၂၈)၊ ဈေးဘောင်ပင်သာ
မိဖျလာမြို့၊ မန္တလေး။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမမယ်မင်းဘုံ ...

မမဆီကို စာမရေးတာ ကြာပြီနော်။ ညီမက(၁၀) တန်းတက်နေတာမို့ပါ။ ညီမက စာမေးပွဲပြီးရင်တော့ မမစာတွေ ပြန်ဖတ်မှာပါ။ မမရဲ့ပြန်စာကိုလည်း ရပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ မမ နောက်ထွက်တဲ့ စာအုပ်တွေက အရမ်းကောင်း တယ်လို့ ကိုကိုက ပြောပါတယ်။ မမရဲ့အောင်မြင်မှုတွေအတွက် လည်း Congratulation ပါ။ ညီမရဲ့ ဝထ္ထုမဆုံးမိတ်ဆက်စာနဲ့ အခုမိတ်ဆက်စာပါတဲ့ စာအုပ်နာမည်လေးတွေကို ပြောပြပေးစေ ချင်ပါတယ်။ ညီမစာမေးပွဲ နီးနေပြီမို့ စာအများကြီး မရေးတော့ ပါဘူး။ အခုတော့ သတိရလို့ပါ။ မမက အရမ်းလည်း ချောတာ ပဲ။ 4/1 ကိုလည်း ကြိုက်ပါတယ်။ ဖြစ်နိုင်ရင်လေ ပြန်စာရယ်၊ ဖုန်းနံပါတ်နဲ့ ဓာတ်ပုံလေး ပို့ပေးစေချင်ပါတယ်။ တစ်ကိုယ်လုံး အပြည့်ပုံလေးနော်။

မမ့ ဒီထက်မက အောင်မြင်ပါစေ။

ဆန္ဒဖြင့် ဆုတောင်းရင်း ...

ညီမလေး အိသန္တာကျော်
အိမ်အမှတ်(၅၃၆)၊ အမှတ် ၇ နယ်မြေ
အုတ်ဖိုရပ်၊ ချောက်မြို့။
13-1-15.

# မယ်မင်းဘုံ



# သဝန်တိုမဂ်လာကကြိုး

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံ၏ထွက်ပြီးစာအုပ်များ

၁။ အချစ်ရေိယာပြင်ပသို့ရောက်ရှိနေပါသဖြင့် (အောင်သီရိဗိဒ်ယို)

၂။ ချစ်ရင် . . . နှစ်မိနစ်စောင့် (ရွှေစင်ဦးဗိဒ်ယို)

၃။ ငွေတောင်ပြည်က မြသူ (အောင်သီရိဗိဒ်ယို)

၄။ ချစ်သူလိမ်းဖို့ ဒေးကရင်မ် (အောင်သီရိဗိဒ်ယို)

၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည် (ရွှေစင်ဦးဗိဒ်ယို)

၆။ အချစ်ကိုမြိုချက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ (အောင်သီရိဗိဒ်ယို)

၇။ ဆယ်ကျော်သက်ဂိမ်း (အောင်သီရိဗိဒ်ယို)

၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည်၊ (အောင်သီရိဗိဒ်ယို)

၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင် (အောင်သီရိဗိဒ်ယို)

၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗိဒ်ယို)

၁၁။ အနန်းမြို့ကသတို့သား (မြင့်မာဟာရုပ်ရှင်ထုတ်လုပ်ရေး)

၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ် (အောင်သီရိဗိဒ်ယို)

၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသိပါ (အောင်သီရိဗိဒ်ယို)

၁၄။ နှတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း (အောင်သီရိဗိဒ်ယို)

၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူကလေစိမ်းတိုက်လေသည် (အောင်သီရိဗိဒ်ယို)

၁၆။ ဘာညာသာရကာ (အောင်သီရိဗိဒ်ယို)

၁၇။ ပျားရည်ဆမ်းဒွိဟ (အောင်သီရိဗိဒ်ယို)

၁၈။ အနှမ်း Equation (အောင်သီရိဗိဒ်ယို)

၁၉။ တဆိတ်လောက်ခင်ဗျာ - ချစ်သူကို...ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ (အောင်သီရိဗိဒ်ယို)

၂၀။ အငြိုးကွန်ယက်နတ်သမီး (အောင်သီရိဗိဒ်ယို)

၂၁။ ပို့လေးရည်းစား မြို့ကြီးသား (အောင်သီရိဗိဒ်ယို)

၂၂။ အမုန်းပြယ်ဗိုင် (အောင်သီရိဗိဒ်ယို)

၂၃။ နှလုံးသား Hacker (အောင်သီရိဗိဒ်ယို)

၂၄။ ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ (အောင်သီရိဗိဒ်ယို)

၂၅။ သူ့စိတ်နာတဲ့ကြာဖြတ်အစိအစဉ် (အောင်သီရိဗိဒ်ယို)

၂၆။ 4 in 1 (အောင်သီရိဗိဒ်ယို)

၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သီရိဗိဒ်ယို)

၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည် (အောင်သီရိဗိဒ်ယို)

၂၉။ နေမထိအလွမ်း (အောင်သီရိဗိဒ်ယို)

၃၀။ မိုးလုံလေလုံ အိမ်ထောင်ပြုသည် (အောင်သီရိဗိဒ်ယို)

၃၁။ နောက်ကျောကချစ်သူ (အောင်သီရိဗိဒ်ယို)

၃၂။ ရှိုးမြေကျခေါင်းခါသည် (စိမ်းဝါနီဗိဒ်ယို)

၃၃။ သံယောဇဉ်မျက်စောင်းတိုး (အောင်သီရိဗိဒ်ယို)

၃၄။ ပြာနတ်မောင် ဝှန်းဒိုင်းကြဲနေသည် (အောင်သီရိဗိဒ်ယို)

၃၅။ ဆေးကျောင်းသားနှင့်အိကိုကွင်း (အောင်သီရိဗိဒ်ယို)

၃၆။ အခန့်မသင့်မုန်တိုင်း (အောင်သီရိဗိဒ်ယို)

၃၇။ ချေလို့နေလို့ ချစ်လေသည် (အောင်သီရိဗိဒ်ယို)

[illegible]

၃၈။ သဝန်တို မင်္ဂလာ ကကြိုး

www.burmeseclassic.com

www.burmeseclassic.com

မယ်မင်းဘုံ

သဝန်တို မဂ်လာ ကကြီး

၂၀၁၅ခုနှစ်၊မတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၀၆၅၁) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၀၀၄၇၇)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

မယ်မင်းဘုံ

သဝန်တို မဂ်လာ ကကြီး၊ မယ်မင်းဘုံ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၅

၂၈၈-စာ၊ ၅×၇

(၁)သဝန်တို မဂ်လာ ကကြီး

အစ-(၁)

www.burmeseclassic.com





ဦးသီဟ၊ ဒေါ်တင်တင်အေးတို့က သူတို့ရဲ့မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ ပီတိချစ်စရာ ကလေးမလေးကို စိတ်မသက်သာစွာဖြင့် ကြည့်လိုက်ရင်း ရှေ့နေကြီးဘက်သို့ လှည့်လိုက်ကာ ...

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ဘက်ကတော့ ဆူးလေးကို စောင့်ရှောက်ရမယ့် ဝတ္တရားရှိပြီးသားပါ။ ကိုဇင်ရိုးတို့နဲ့ ကျွန်တော်တို့ ဆိုတာ တစ်ထယ့် ဆွေမျိုးအရင်းအချာတွေလို နေခဲ့တဲ့ သူတွေပဲလေ။ အခုလို ကိုဇင်ရိုးတို့ လင်မယားက သူတို့မျက်စိမှိတ်[illegible]ဆူးလေးကို စောင့်ရှောက်ပေးဖို့ ကျွန်တော့်တို့ဆီ အပ်သွားတယ်ဆိုတော့ ကျွန်တော်တို့ဘက်က ပိုပြီးတော့တောင် တာဝန်ရှိသွားပါပြီ။ ဆူးလေး



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော်တို့ အနေနဲ့ကလည်း ကိုယ့်ရဲ့သားသမီး အရင်းတစ်ယောက်လို စောင့်ရှောက်သွားမှာပါ"

"ဟုတ်ကဲ့ပါ။ ကိုသီဟတို့ရဲ့စိတ်ဓာတ်ကို ကျွန်တော်တို့ သိပြီးသားပဲ။ ဆူးလေးကို ကိုသီဟနဲ့ မအေးတို့က အကောင်းဆုံး ပျိုးထောင်ပေးနိုင်မယ် ဆိုတာ ယုံကြည်ပါတယ်။ ကျွန်တော့်ဘက်ကလည်း အမြဲတမ်း ကူညီပေးသွားမှာပါ...

ဒီကလေးအတွက် အစစအရာရာ ကုန်ကျစရိတ်တွေ အတွက်ကတော့ ကိုဇင်ချိုတို့ ထားခဲ့တဲ့ ပစ္စည်းဥစ္စာတွေထဲက နှစ်စဉ်ကြေး ထောက်ပံ့ပေးသွားပါမယ်။ သမီးဆူးလေး အသက်နှစ်ဆယ် ပြည့်တဲ့အခါကျမှ သူ့မိဘတွေရဲ့ အမွေအားလုံးကို လွှဲပေးမှာ ဖြစ်ပါတယ်"

ရှေ့နေကြီးက ကွယ်လွန်သူရဲ့ဆန္ဒအတိုင်း တသဝေမတိမ်း ပြောပြနေတာကို ကိုသီဟတို့က နားထောင်ရုံသာ နားထောင်လိုက်သည်။ အဲဒီကိစ္စတွေက သူတို့အတွက်က သိပ်ပြီး ပြဿနာမရှိချေ။





"ဟုတ်ကဲ့ပါ။ ဒါတွေက စာချုပ်စည်းကမ်းတွေ ဆိုပေမယ့် ဒီကလေး ကြီးပြင်းဖို့အတွက် ကုန်ကျစရိတ် နှစ်စဉ်ကြေး ဆိုတာလည်း ကိစ္စမရှိပါဘူး။ ကျွန်တော်တို့က ဒီကလေးရဲ့ အမွေထိန်းသဘော ဆိုပေမယ့် ဆူးလေးကို သမီးတစ်ယောက်လို သဘောထား,ထားတာပါ"

"ကျေးဇူးတင်ပါတယ် ကိုသီဟရယ်။ ဘာပဲဖြစ်ဖြစ် ကိုသီဟတို့လို မိတ်ဆွေကောင်းရထားတာ ကိုဇင်ချိုတို့ သိပ်ကံကောင်းတယ်ဗျာ။ ကိုဇင်ချိုတို့ကလည်း လင်မယားနှစ်ယောက်စလုံးက ဆွေမျိုးကမရှိ ဆိုတော့ သူတို့ ကား accident ဖြစ်လို့ ဆုံးခါနီးအချိန်မှာ ဒီသမီးလေးကို ကိုသီဟနဲ့ မအေး လက်ထဲ ယုံယုံကြည်ကြည် ထည့်ခဲ့ပြီးမှ ဆုံးရှာတာဆိုတော့ သူတို့ နောက်ဆံမငင်တော့ပါဘူး"

"ဒါပေါ့ဗျာ ...။ ဒီအချိန်မှာ ကျွန်တော်တို့က ဆူးလေးရဲ့ စိတ်ဓာတ်ခွန်အားတွေကို ပေးရမှာလေ။ ကျွန်တော်တို့ မိဘတာဝန် ကျေရပါစေမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုသီဟက ရှေ့နေကြီးကို လေးလေးနက်နက် ကတိပေးပြီးနောက်တွင် မအေးက သမီးလေးဆီ ထသွားလိုက်ရင်း သမီးလေးကို ချီပိုးကာ ...

"သမီး ... ဆူးလေး ... ဒီနေ့ကစပြီး သမီးကဖေဖေ၊ မေမေတို့နဲ့ အတူတူ ဒီအိမ်မှာပဲ နေရမယ်နော်"

"ဟုတ်ကဲ့ ... အန်တီ"

"အဲ့ ... သမီးလေး ... အန်တီလို့ မခေါ်နဲ့လေ။ ဆူးလေးက မေမေလို့ခေါ်။ ဟုတ်ပြီလား ... ကဲ ... မေမေလို့ ခေါ်ကြည့်ပါဦး"

မအေးက ဆူးလေးကို စိတ်ရှည်လက်ရှည်ဖြင့် ချော့မြူချီပိုးထားရင်း အခေါ်အဝေါ်တွေ ပြင်နိုင်းလျှင် ဆူးလေးက မျက်နှာကလေးမဲ့ကာ ခေါင်းယမ်းပြရင်း ...

"ဟင့်အင်း ... အန်တီက ဆူးမေမေမှ မဟုတ်တာ။ အန်တီက ဖွူးသစ်ညိုရဲ့မေမေဟာကိုး"

"အဲ့ ... အတတ်ကလေးကိုး"





မအေးက အဲဒီလို မာကျောကျော အပြောလေးကို သဘောတကျ ရယ်မောနေစဉ်မှာ သားလေးက မအေးရဲ့ဘေးသို့သွားရင်း ...

"ဟဲ့ ... နင်နဲ့ငါက သူငယ်ချင်းပဲဟာ။ နင်က ငါတို့အိမ်မှာနေမှာလေ။ အဲဒီတော့ မေမေက နင့်မေမေပေါ့"

သားလေး အပြောကြောင့် ဆူးလေးက မှုန်တေတေဖြင့် စိုက်ကြည့်တွေနေပြီးမှ မအေးရဲ့ဘက်သို့လှည့်ကာ ...

"မေမေ"

ဟု ခေါ်၏။ အဲဒီတော့မှ အားလုံးက ပျော်ရွှင်စွာ ရယ်မောနိုင်တော့သည်။

"အဲဒီလိုမှပေါ့ဟ။ လာ ... ငါတို့ သွားဆော့မယ်။ နင့်ကို ငါ့အရုပ်တွေ ပြမယ်"

သားလေးက ဆူးလေးကို ခေါ်သွားလျှင်တော့ ရှေ့နေကြီးက သဘောတကျပြုံးကာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“အေးဗျာ... ဘာပဲဖြစ်ဖြစ် အခုလို ကလေးချင်းက ရင်းနှီးပြီးသားဆိုတော့ ဘာမှ စိတ်ပူဖို့ မလိုတော့ဘူးပေါ့”

“ဟုတ်တယ် ... ရှေ့နေကြီးရဲ့။ သားလေးက အရင်ကိုဇင်ချိုတို့ ရှိကတည်းက ဆူးလေးနဲ့က သူငယ်ချင်းတွေလေ။ နောက်ပြီး မူကြိုကတည်းက အခု ငါးတန်းရောက်တဲ့အထိ တစ်ကျောင်းတည်း တစ်တန်းတည်း သူငယ်ချင်းတွေဆိုတော့ ဒီကလေးနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် အရမ်းခင်ကြတာ။ သူတို့အတွက်တော့ စိတ်မပူပါနဲ့”

“ဟုတ်ကဲ့ပါ။ ကဲ ... အဲဒါဆို အားလုံးလည်း အဆင်ပြေပြီဆိုတော့ ကျွန်တော် အလုပ်လေးတွေရှိလို့ သွားလိုက်ပါဦးမယ်။ ကျွန်တော်လည်း မကြာ မကြာ လာကြည့်မှာပါ။ ကိုသီဟနဲ့ မအေးတို့ လိုအပ်တာရှိတယ်ဆိုလည်း ပြောပါနော်”

“ဟုတ်ကဲ့ပါဗျ။ ကျေးဇူးပါပဲ”





ကိုသီဟတို့ လင်မယားက ရှေ့နေကြီးကို ကားရပ်ထားရာနေရာထိ လိုက်ပို့နှုတ်ဆက်ပြီး ရှေ့နေကြီး ထွက်သွားသောအခါတွင်တော့ ကိုသီဟက မျက်စပစ် အပြုံးလေးနဲ့အတူ ချစ်ဇနီးအား ပြုံးကြည့်ရင်း ...

“ကဲ ... မိန်းမရေ ... ဒီနေ့ကစပြီး တို့ရဲ့ရတနာအိုးလေးကို အထူးဂရုစိုက်နော်။ ကြားလား ... ဆူးလေးက ကိုယ်တို့အတွက် လာဘ်ကောင်လေးဟ”

“သိပါတယ် ကိုရယ်။ အေးက မညံ့ပါဘူး။ အရှုံးပေါ်နေတဲ့ အေးတို့ရဲ့လုပ်ငန်းတွေကိုလည်း ငွေပြန်လည်လာအောင် ကိုဇင်ချိုတို့က လုပ်ပေးသွားတယ်။ ဟော ... သူတို့ရဲ့ ပွဲရုံကုမ္ပဏီကလည်း ခုဆို အေးတို့အပိုင် ဖြစ်သွားပြီ။ အဲဒီတော့ ဆူးလေးကို ဂရုစိုက်ရမှာပေါ့”

“ဟုတ်တယ်... သိပ်ဟုတ်တယ်။ ဒီလောက်လေးနဲ့ ကိုယ်တို့က ကျေနပ်လို့ မရဘူး။ ကိုဇင်ချိုတို့ ပိုင်သမျှ အားလုံး ဆူးလေးလက်ထဲ ရောက်မယ့်အရွယ်ထိ ကိုယ်တို့က ပိုးမွေး



www.burmeseclassic.com

www.burmeseclassic.com



သလိုမွေးပြီး ကိုယ်တို့လက်ထဲ အရယူရမယ်။ ဆူးလေးက ကိုယ်တို့အတွက်ကတော့ တစ်နေ့ ရွှေဥတစ်ဥ ဥပေးနေတဲ့ ရတနာလေးနော်။ ဟား ... ဟား ... တစ်သက်လုံးကွာ။ မိန်းမ ... ပျော်ပျော်ကြီး စံစားစမ်း။"

ကိုသီဟတို့က ပျော်ရွှင်လွန်းစွာ ဟားတိုက်ရယ်မောလိုက်ကြသည်။ တကယ့်ကို နှစ်ရှည်စီမံကိန်းတောင်မှ ပဒေသာပင် စီမံကိန်းကြီး ကိုယ့်လက်ထဲ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတာမို့ တကယ့်ကို ပျော်မဆုံး မော်မဆုံးပေ။ ဆူးလေးရဲ့ အမွေထိန်းဆိုပေမယ့် ကိုယ်သာလည်တယ် နပ်တယ်ဆို အဲဒီထိန်းသိမ်းထားရတဲ့ အမွေတွေဟာ အားလုံး ကိုယ့်အတွက်ပဲ ဖြစ်သည်။

❋❖❋





"ဟော ... သမီးလေး ... လာပြီ။ လာ ... ဒီမှာထိုင်။ မနုရေ ... ကလေးအတွက် ဘရိတ်ဖတ်စ် ချပေးပါဦး။"

မနုက ဗန်းကြီးဖြင့် ထည့်ယူသယ်ဆောင်လာကာ အေးတို့ ရှေ့သို့ လာချပေး၏။ အိမ်မှာက ကိုယ်တွေလူကြီးတွေက ကော်ဖီနဲ့မုန့်လောက်ပဲ နံနက်စာ စားလေ့ရှိပေမယ့် ကလေးနှစ်ယောက်ကတော့ ဘရိတ်ဖတ်စ်ကို အကျအနစားတာ ဖြစ်၏။ သားလေးသစ်ညိုက မနက်တိုင်း ကြက်ဥပြုတ်နှင့် ကွေကာအုပ်ပဲ စားတတ်သလို သမီး ဆူးလေး ကျပြန်တော့လည်း မနက်တိုင်း နန်းကြီးသုပ်စားတာဖြစ်၏။

အေးက ကလေးနှစ်ယောက် မနက်ကျောင်းမသွားခင် မနက်စာကျွေး၍ ကျောင်းပို့ကာ ကျောင်းကိုလည်း ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး တစ်ယောက်တစ်ဘူး ထည့်ပေးလိုက်သည်။ ပြီးရင် ညနေကျောင်းပြန်ကြို စသဖြင့်ပဲ အေးရဲ့အချိန်တွေက ဒီထဲမှာ ကုန်ဆုံးစေ၏။ ကလေးနှစ်ယောက်ကို အဲဒီလိုမျိုး ဂရုတစိုက် စောင့်ရှောက်တာမို့ သားရော သမီးရောက စာထူးချွန်တဲ့ ကလေးတွေအဖြစ် အေးတို့မိဘတွေ ဂုဏ်တက်ရလေသည်။

"ကြီးကြီးနု ... ဆူး ဒီနေ့ နန်းကြီးသုပ် မစားချင်ဘူး"

"ဟင် ... သမီးလေးက ဘာစားချင်လို့လဲ"

"ကွေကာအုပ်နဲ့ ပူတင်း စားချင်တာ"

ဆူးက သားသားရဲ့ပန်းကန်ဘက်ကို လှမ်းကြည့်ရင်း တောင်းဆိုနေလျှင် အေးက မနုကို ထပ်လုပ်ခိုင်းရသည်။

"မနုရေ ... အဲဒါဆို ဆူးလေးအတွက် ထပ်စီစဉ်ပေးပါဦး"

"ဟို ... ဟို ... မရှိတော့ဘူး မကြီး။ ကွေကာအုပ်ပဲကျန်တော့တယ်"

"ဟမ် ... ရဘူး ... ရဘူး။ ဆူးက နှစ်ခုစလုံး စားချင်တာ ဒါချည်းမစားဘူး။ မစားချင်ဘူး"





ဆူး တစ်ယောက်က ထုံးစံအတိုင်း ဂျီကျပြီမို့ အေးမှာ တကယ်ပဲ အခက်တွေ့ရလေ၏။ တစ်ဖက်က ကိုယ့်ရဲ့သား။ ပြီးတော့ သားသားက ဒါပဲ စားတတ်တာ။

"အေးပါ ... အေးပါ ဆူးလေးရယ်။ မေမေ မနက်ဖြန်ကျတော့ စီစဉ်ထားမယ်။ ဟုတ်ပြီလား"

"ဟင် ... ရဘူး။ ရဘူး။ ဆူး ဒီနေ့ပဲ စားမှာ"

"မေမေ ... ဆူးကို သားမုန့် ကျွေးလိုက်လေ။ သား သူ့မုန့် စားလိုက်မယ်"

ဆူးက ဂျီကျ၍ ခက်နေတုန်း သားက ပြောတာကြောင့် အလျှော့ပေးတတ်တဲ့ သားလေးခေါင်းကို ဖွဖွပွတ်သပ်ရင်း ...

"ဟယ် ... သားလေးရယ်။ မေမေ သားလေးအတွက် တစ်ခုခု ထပ်စီစဉ်ပေးမယ်။ သား ဘာစားမလဲ"

"ရပါတယ် မေမေရယ်။ သား ဆူးလေး နန်းကြီးသုပ်ပဲ စားလိုက်တော့မယ်။ ဟဲ့ ... ဆူးလေး ... ရော့ ... ငါ့ပူတင်း နင်ပဲစားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်က သူတို့ဘာသာသူတို့ ပစ္စည်းအလဲအလှယ်လုပ်ကာ ပြေလည်သွားကြပြီး ဆူးလေးကလည်း ကွေကာအုပ်သောက်လိုက်၊ ပူတင်း စားလိုက်ဖြင့် အဆင်ပြေသွားသလို သားကလည်း နန်းကြီးသုပ် စားနေတာ ဟုတ်နေတာပဲ ဖြစ်သည်။

ကလေးနှစ်ယောက် စားနေတာကို ကြည့်နေတဲ့ မနုက ...

"သားလေးက ဆူးလေးအပေါ် တော်တော်အနစ်နာခံကာပဲနော်။ သူ့ကို ချော့ကျွေးရင်တောင် မစားတဲ့ နန်းကြီးသုပ်ကို အခုကျတော့လည်း ကြည့်ပါဦး စားနေလိုက်တာ"

"ကလေးနှစ်ယောက် အဆင်ပြေတာပဲ ကောင်းပါတယ် မနုရယ်။ သားသားက သူ့ကိုယ်သူ အစ်ကိုကြီးစိတ် ထားနေပုံရတယ်။ မနေ့ကလည်း ကျွန်မ ကျောင်းသွားကြို့တော့ ဆူးလေး ကျောပိုးအိတ်ကို သူက လွယ်ပေးထားတယ်လေ"





အေးက ပြောနေစဉ် သားသားက လှမ်းကြည့်ကာ ပြုံးပြတာမို့ အေးက သားလေးကို ပြန်ပြုံးပြရင်း ခေါင်းလေးပုတ်လိုက်ကာ ...

"စား ... စား သား။ ခဏနေ ကျောင်းသွားဖို့ ပြင်ရဦးမှာ ...

သမီး ...' ဆူးလေး ... စားလို့ကောင်းတယ်မလား"

"ဟုတ်"

အေးက ကလေးနှစ်ယောက်ကို အပြုံးဖြင့် ငေးကြည့်နေကာ သူတို့လေးတွေကို အလိုလိုက်ဖို့သာ ရည်ရွယ်သည်။

ဆူးလေးတစ်ယောက် စိတ်လက်ချမ်းသာစွာ ရှိနေမှ အေးတို့အတွက်လည်း သက်သောင့်သက်သာ ရှိနိုင်မယ် မဟုတ်ပါလား။ အဲဒါကြောင့် အင်မတန်မှ ပိုလျှံနေသော နှစ်စဉ်ထောက်ပံ့ကြေးကို ရတာနှင့်တင် တော်တော်လေး တွက်ချေကိုက်တာမို့ အေးတို့ဘက်က ဆူးလေးကို အလိုလိုက်ဖို့ပဲရှိသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com







၃၀-(၂)

www.burmeseclassic.com

www.burmeseclassic.com





"ဟား ... ဘယ်လိုလဲ သားနဲ့သမီး ဖြေနိုင်ခဲ့ရဲ့လားဟေ့။ နောက်ဆုံးပိတ် အိတ်နဲ့လွယ်ပဲ မှလား"

ဖေဖေက အိမ်တံခါးဝကနေ ဆီး၍လှမ်းမေးလိုက်လျှင် သစ်ညိုက လက်မထောင်ပြကာ ဖေဖေ့ဆီ ဆီးပြေးသွားလိုက်ရင်း ...

"အိုခေတာပေါ့ ဖေဖေရ။ အနည်းဆုံးတော့ 3 လုံးပဲ"

"ဟား ... သားက သုံးလုံးဆိုသော့ သမီး ဆူးလေးက ကော"

"ဖေဖေကလည်း အသစ်က သုံးလုံးဆိုမှတော့ ဆူးက ငါးလုံးပေါ့။ ဒီနေ့ Bio ကိုလည်း လုံးဝအပြတ်အသတ် ဖြေလာနိုင်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဒါမှ ငါ့သားနဲ့ သမီးကွ။ ကဲ ... လာကြ။ ဆူးလေး ... အိမ်ထဲမှာ ရှေ့နေကြီး ရောက်နေတယ်။ သမီးရဲ့ အောင်မြင်မှုကို လာမေးတာ"

ဖေဖေက သစ်ညိုကိုတစ်ဖက် ဆူးကိုတစ်ဖက် တစ်ဖက်တစ်ချက်စီ ပခုံးဖက်ကာ အိမ်ထဲဝင်လာလျှင် ဧည့်ခန်းမှာ ထိုင်နေတဲ့ မေမေနှင့် ရှေ့နေကြီးက အပြုံးဖြင့် ကြိုဆိုကာ ...

"ဟေး ... ဘယ်လိုလဲ၊ ဒီမောင်နှမ ဖြေနိုင်လာတယ်လား မမေးတော့ဘူး၊ ဒီ ဘယ်နှလုံးလဲပဲ မေးတော့မယ်"

"ဟဲ ဟဲ ... လေးလေးက သိပ်တော်တာပဲ။ ဆူးက အနည်းဆုံး ငါးလုံးပဲ"

"ဟား ... အဲဒီ ဆူးမကလေ။ ပြောလိုက်ရင် အပိုင်ချည်းပဲ။ အောင်စာရင်းက နင်ထုတ်တာ ကျနေတာပဲ"

ဆူးက လေးလေးကို ပြောလျှင် သစ်ညိုက ဆရာကြီး ဝင်လုပ်တာကြောင့် ဆူးက ပေစောင်းစောင်း တစ်ချက်ကြည့်ရင်း ...





"ဟဲ့ ... ငါက ဘာပဲလုပ်လုပ် တိတိကျကျ လုပ်တာ။ ငါ ငါးလုံးဆို ငါးလုံးပေါ့။ နင်သာ ယောကျ်ားလေးဖြစ်ပြီး ရှုပ်ပလာတိုက်လို့ မြင်ယောင်ပါသေးတယ်။ ဟဲ ဟဲ"

"ဟား ... ဖွဲဟဲ့။ ဖွဲဟဲ့ ... လွဲပါစေ ဖယ်ပါစေ။ ဆူးစုတ် ဆူးပဲ့ ... အခုပဲ ဖြေလို့ပြီးတယ်။ ငါ့ကို နမိတ်မရှိ ဘာတွေလာပြောနေမှန်း မသိဘူး"

"ကဲ ... ကဲ ... တော်ကြတော့။ နင်တို့နှစ်ယောက်ဟာလေ။ ဒီမှာ လေးလေး ရှိသေးတယ်လေ"

မေမေက လှမ်းဟန့်တော့မှ ဆူးကော သစ်ညိုပါ ပါးစပ်ပိတ်သွားကြပေမယ့် မျက်နှာဟန်တွေဖြင့်တော့ သတ်နေကြသေးသည်။

"အားနာလိုက်တာ ရှေ့နေကြီးရယ်။ အဲဒီ ကလေးနှစ်ယောက်က သိတဲ့အတိုင်းပဲ"

"ကလေးတွေပဲဗျာ။ ရပါတယ်။ ကဲ ... ဆူးလေး ... သမီးလေးက အခု ဆယ်တန်းလည်း ဖြေပြီးပြီဆိုတော့ ဘာတွေလုပ်ဖို့ စဉ်းစားထားလဲ။ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးရဲ့ အမေးကြောင့် ဆူးက ဘာလုပ်ရကောင်းမလဲ တစ်ချက်တော့ စဉ်းစားကြည့်မိသည်။ လောလောဆယ်တော့ မစဉ်းစားမိသေးပေမယ့် ဆယ်တန်းမဖြေရခင် ကြိုတွေးထားတာမျိုးတွေတော့ ရှိသည်။ ဒါကလည်း ဟိုဟာဖြစ်ချင် ဒါဖြစ်ချင်နဲ့ တိကျမှုတော့ မရှိ။ ဆူးက ဘာလုပ်ရမှန်း မသိသေးစွာ လေးလေးကို ခေါင်းယမ်းပြရင်းက ...

"စဉ်းစားထားတာတွေကတော့ အများကြီးပဲ။ ဒါပေမဲ့ ဘာလုပ်ရမလဲ တိတိကျကျ မရွေးရသေးဘူး။ သေချာတာကတော့ ဆူး လွတ်လွတ်လပ်လပ် အနားယူမယ်။ လျှောက်လည်မယ်"

"ဟား ... သိပ်ကောင်းတဲ့ စိတ်ကူးပဲ။ ဒါ လုပ်ရမှာပေါ့။ အဲဒါကြောင့်မို့ လေးလေးက သမီးဆူးလေး ပိုပျော်သွားအောင်လို့ ဗန်ကောက်ကို ရှောပင်းထွက်ခိုင်းရင် ကောင်းမလားလို့ သမီးဖေဖေတို့နဲ့ တိုင်ပင်နေတာ"





"ဝါး ... တကယ်"

ဆူးက ပျော်လွန်းလို့ ကိုယ့်နားကိုယ် မယုံနိုင်စွာ ဖြစ်ရလေသည်။

ဟား ... ပျော်စရာကြီး။ ဆယ်တန်း English စာရဲ့ သင်ကြားမှုတွေကြောင့် ဆူးက Shopping Paradise ဆိုတဲ့ စကားလုံးကို စွဲနေကာ ဗန်ကောက်ကို ချစ်နေတာဖြစ်၏။

"တကယ်ပေါ့ ... သမီးရဲ့။ သမီးမေမေနဲ့ သမီးနဲ့ကို ရှော့ပင်းပေါ့"

ဟင် ... သမီးနဲ့ မေမေပဲဆိုတော့။ အသစ်ကော။ ဆူးက အလိုက်တသိဖြင့် ဘေးနားမှာ မျက်နှာလေးငယ် ငြိမ်နေသော အသစ်ကို တစ်ချက်လှမ်းကြည့်လိုက်ရင်း ဖေဖေနဲ့လေးလေးကို မေးရလေသည်။

"လေးလေး ... မေမေနဲ့ ဆူးပဲဆိုတော့ အသစ်မပါဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်လေ သမီးရဲ့။ ဒါက ရှေ့နေကြီး စီစဉ်တာဆိုတော့ သမီးအတွက်ပဲ ဖြစ်ရမှာပေါ့။ သမီးက အသက်ငယ်နေသေးတော့ မေမေက အဖော်လိုက်ပေးရတာ”

“ဟင် ... အဓိပ္ပာယ်မရှိတာ။ လေးလေး ... အခုချိန်ထက်ထိ ခွဲခြားနေတုန်းလား။ ဆူးက ဒီမိသားစုဝင်ပဲလေ။ ဆူးရဲ့ပိုက်ဆံဟာ ဒီမိသားစုရဲ့ ပိုက်ဆံပဲဟာ။ ဆူးကျ ဇန်ကောက်ရှောပင်းထွက်ရတယ်။

အသစ်ကျတော့ မပါဘူးဆိုတော့ လုံးဝအဓိပ္ပာယ်မရှိဘူး ...

လေးလေး ... သွားမယ်ဆိုရင်လည်း မိသားစုတူတူပဲ။ ဆူးတစ်ယောက်တည်း အခွင့်အရေးရပြီး အသစ်မပါလာဘူး ဆိုရင်တော့ ဆူးလည်း မသွားတော့ဘူး”

“ဟဲ့ ... ဟဲ့ ... ဩော် ... သမီး”

“ဆူး”





မေမေနှင့် အသစ်က ဆူးကို တားသော်လည်း ဆူးက လက်သင့်မခံဘဲ လေးလေးကို ပြောလျှင် လေးလေးက အခက်တွေ့သွားတဲ့ဟန်ဖြင့် ...

“ဘယ်လိုပြောရမလဲ သမီးရယ်။ လေးလေးက သမီးရဲ့ အမွေတွေကို နှစ်အကြာကြီး စီစဉ်ပေးနေရတဲ့သူလေ။ သမီးအတွက် စီစဉ်သင့်တာကိုပဲ စီစဉ်တာပါ။ လေးလေး ဘက်က သမီးအတွက် စီစဉ်ပေးသလို မောင်သစ်ညိုလိုက်ချင်တယ်ဆို မောင်သစ်ညိုရဲ့မိဘတွေက စီစဉ်ပေးမှာပဲလေ”

ဆူးက အဲဒီ အပြောကြီးကိုပဲ လက်မခံတာ။ လေးလေးက ရှေ့နေပီပီ စာချုပ်တွေ စာတမ်းတွေ အမွေထိန်းတွေ ဘာမှန်းမသိ ရှုပ်ယှက်ခတ်နေအောင် လုပ်နေလို့ ဆူးက အခုထိ ဒီမိသားစုဝင်ပေမယ့် ဒီမိသားစုဝင်လို့ကို မခံစားရတာ။ ဘာကြီးမှန်းကိုမသိ။ ဆူးအတွက် ကျောင်းစရိတ်ကျ လေးလေးဆီကလာတဲ့ ပိုက်ဆံဖြစ်ပြီး အသစ် ကျောင်းစရိတ်ကျ ဖေဖေ့ဆီကတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ခွဲနေတာကိုက မဟုတ်တာ။ တကယ်ဆို ဆူး ဒီအိမ်မှာ နေလာခဲ့တာ ဆယ်နှစ်သမီးကတည်းက။ မကြာခင်ပဲ ဆယ့်ခြောက်နှစ်ပြည့်တော့မယ်။ ဒါလည်း အသစ်အတွက် ဆူးအတွက် ခွဲနေရတုန်း။ ဆူးက စာမေးပွဲ ဖြေလာနိုင်တဲ့ အပျော်တွေတောင် ပျောက်ကုန်ကာ မျက်နှာကိုမဲ့ရှုံ့လိုက်ရင်း ...

"လေးလေး ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ။ အဲဒီလို ခွဲခြားတာမျိုး ဆိုရင်တော့ ဗန်ကောက်ကို ဆူးမသွားဘူး။ ဘာမှ မစီစဉ်နဲ့တော့"

ဆူးက အပြတ်ပြောခဲ့ကာ ထထွက်လာခဲ့လျှင် ... "ဆူးလေး ... ဆူးလေး"ခေါ်သံတွေကသာ ကျန်နေခဲ့ပြီး ဆူးရဲ့ အနောက်ကို အသည်းအသန် ပြေးလိုက်လာတဲ့သူကတော့ အသစ်ပဲဖြစ်၏ ။

"ဟဲ့ ... ဆူး ... ဆူးလေး ... ခဏနေဦး။ နင်ဟာ လေးလေးဦးဇော်ခကို ဘယ်လိုတွေ သွားပြောလိုက်တာလဲ"





အသစ်က ဆူးကို ဟောက်တာမို့ ဆူးက သူ့ကို မျက်မှောင်တစ်ချက် ကြုတ်ကြည့်ရင်း ...

"ငါ့ဘာသာ ပြောတာပဲ။ နင်ကကော ဗန်ကောက်ကို မလိုက်ချင်လို့လား"

"ဟာ ... ဆူးမရာ။ နင်ကတော့ အမြွှေပဲ။ လိုက်တော့ လိုက်ချင်တာပေါ့။ ဒါပေမဲ့ ..."

"ဘာဒါပေမဲ့လဲ။ ဒါပေမဲ့ မရှိဘူး။ ငါသွားရင် နင်ပါလိုက်ရမှာပေါ့ အသစ်ရဲ့"

ဆူးက တဇွတ်ထိုးမို့ အသစ်က ဟူးခနဲ လေ[illegible]တ် ခေါင်းကုတ်ရင်း ...

"နင်ကတော့ ခက်ပြီဟာ။ အောက်မှာလည်း လူကြီးတွေ အားနာစရာ။ ဘာပဲဖြစ်ဖြစ် ငါက နင်နဲ့တော့ မတူဘူး လေ ဆူးရဲ့။ ဖေဖေနဲ့ မေမေက အမွေထိန်းပုံစံ ဖြစ်နေတာ။ နင်က အဲဒါ လေးလေးကို သွားပြီး ငါမပါရင် မသွားဘူး ပြောတော့ ဖေဖေတို့လည်း ဘယ်ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆူးက အဲဒီလိုမျိုး ကြံဖန်တောင်တွေး မြောက်တွေးလျှောက်တွေးရန်သော အသစ်ကို ဆူးက တကယ် အားမလိုအားမရဖြစ်ကာ သူ့လက်မောင်းကို နာနာလေး တမင်ရိုက်ပစ်လိုက်ရင်း ...

"နင်က အစ ငါ့ကို ခွဲခြားနေ ... သိလား။ အဲဒါမျိုးဆို အားကြီး ဆမြင်ကတ်တယ်။ ဆက်မပြောနဲ့တော့။ ငါ အနားသွားယူလိုက်ဦးမယ်။ ညနေ ငါ ကိုရိုးယားကား ကြည့်မှာနော် ...

နင်လည်း အဲဒါပဲ လိုက်ကြည့်ရမယ်"

ဆူးက အနိုင်နဲ့ပိုင်းကာ အသစ်ကို ထားခဲ့ပြီး အခန်းထဲဝင်ကာ တံခါးပိတ်လိုက်သည်။ လွတ်လပ်ပျော်ရွှင်သော စိတ်နဲ့အတူ လွယ်အိတ်ကို စာအုပ်စားပွဲဆီသို့ ပစ်ထုတ်လိုက်ကာ အိပ်ရာပေါ်သို့ ကျောင်းစိမ်းတောင် မလဲနိုင်ဘဲ ဒိုင်ဗင်ဝင်ပစ်လိုက်သည်။





ဆယ်တန်းဖြေတဲ့ တစ်လျှောက်လုံး စာကြည့်စားပွဲမှာ အိပ်ပျော်တာ များခဲ့သမျှ အခုတော့ ဆူးက အဲဒီအကျိုးခံစားရှာ ပေါ့ပါးလန်းဆန်းခဲ့ပြီး ရှေ့လာမယ့် ဖျပ်ဖျပ်ထ အနာဂတ်တွေ စိတ်ကူးယဉ်ရင်း အိပ်ပျော်ခြင်းသို့ ရောက်သွားလေတော့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ ... ဟဲ့ ... ဒါက ဘယ်သွားမလို့လဲ”

တောက် ... သွားပါပြီကွာ။ သစ်ညိုက ရင်ထဲက နေ ကိုယ့်နဖူးကိုယ် ရိုက်လိုက်မိရင်း ကျိန်ဆဲမိသွားသည်။ ဆူးမ မသိအောင် ဒိုင်လျှိုနေပါတယ်ဆိုမှ ကွိခနဲ မိရတယ်လို့။

“ဟဲ့ ... အသစ်၊ မေးနေတယ်လေ။ နင် ဘယ်သွားမလို့လဲ ဆို”

"ဟင် ... ဟိုဟာ ... ငါ ထင်စက်တို့နဲ့ လက်ဖက်ရည် ဆိုင် သွားမလို့"

သစ်ညိုက ပါးစပ်ထဲတွေ့ရာ ဖောလုံးတစ်ခုကို ဖောလိုက်လျှင် သူ့အထာနပ်နေတဲ့ ဆရာမကြီးက သူ့ကို မှင်သေသေ အထာဖြင့် ရိုက်ပေါက်ရပ်ဖမ်းကာ ...





“မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒီပုံစံက လက်ဖက်ရည်ဆိုင် သွားထိုင်မယ့်ပုံစံ မဟုတ်ဘူး။ အဲဒီ စလင်းဘက်အိတ်ကြီးက ဘာလုပ်တာလဲ အဲဒါ။ ရှောက်သီးဆေးပြား သွားရောင်းမလို့လား”

“ဖွီ ... ဖွ ... ဘာလဲ ... ပေါက်ကရ။ ဒါက စလင်းဘက်အိတ်လား။ ဟား ... ဘယ်ခေတ်မှာ နေ့နေတာလဲ။ ဒါ Sport bag လေ။ ဟာ ... ဒါလေးတောင် နင် မသိဘူးလား”

သစ်ညိုက သူ့အိတ်ကို စလင်းဘက်အိတ် ဆိုသဖြင့် ခံနိုင်စွာ ပြန်ပြောလျှင် ဆူးမက ဟက်ဟက်ပက်ပက် ရယ်မောရင်း သူ့နားထင်ကို လက်ဖြင့်တွန်းလိုက်ကာ ...

“ဟား ... ဟား ... ပေါ်ပြီ။ ဘာတဲ့ ... ဘာတဲ့။ ဒီစလင်းဘက်က Sport bag ဟုတ်လား။ ဪ ... ဪ ... ငါ မသိဘူးပဲ ထားလိုက်ပါတော့။ နေစမ်းပါဦး။ လက်ဖက်ရည်ဆိုင်သွားမှာနဲ့ ဒီစလင်းဘက် ... အဲ ... အဲ ... ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ဒီ Sport bag နဲ့ ဘယ်လိုဆိုင်သလဲဟင်။ တစ်ချက်လောက် ရှင်းပြပါဦး"

မိဆူး တစ်ယောက် မယိတရိ မေးနေတဲ့ပုံစံနှင့် မခိုးမခန့် အထာကို သူ့မှာ အသည်းတယားယား ဒေါသထွက်ရရင်း လိမ်လို့ကလည်း မရတော့တဲ့ အနေအထားမှာမို့ သူက အောင့်သီးအောင့်သက်နဲ့ပင် ခပ်ဆောင့်ဆောင့်လေသံဖြင့် ဝန်ခံလိုက်ရတော့သည်။

"တောက် ... ငါ ... ငါက Gym သွားမလို့"

"ဖူး ... ဟူး ... ဟား ဟား ... ဘိုလို G(ဂျီ) Y(ဝိုင်) အမ်(M) ဂျင် (Gym) ... ဟုတ်လား"

မိဆူးက အမြင်ကတ်စရာကောင်းအောင် ခွက်ထိုးခွက်လန် ရယ်ရင်း သူ့ကို လှောင်တာမို့ သစ်ညိုက ဒေါကန်ကန်ဖြင့် ဘုတောပစ်တော့သည်။

"အေး ... ဟုတ်တယ်ဟ။ Gym သွားမလို့ ... ဘာဖြစ်လဲ"





"အမယ်လေးဟယ်။ နင့်ပုံစံနဲ့ Gym က သွားကစားရသေးတယ် ဟုတ်လား။ အေးဆေးနေစမ်းပါ သားကြီးရာ။ မင်းတို့ခေတ် မဟုတ်ပါဘူး"

ပြောနေရင်းနဲ့ သူ့ကို ဆွလာတာကြောင့် သူ့မှာ ကလိကလိဖြင့် ဒေါသက ပိုထွက်ရကာ ...

"ဟာ ... ဟျောင့်(ဟေ့ကောင်)။ ငါက ခေတ်အလိုက် ခေတ်အကြိုက် နေတာ။ ငါက ကြိုးကြိုးစားစားနဲ့ ကစားနေတဲ့အချိန်မှာ အိမ်ထဲမှာ နင်က အိပ်လိုက်စားလိုက်နဲ့ ဝက်မဖြစ်ပြီး သင်တန်းလည်းတက်ကော လှည့်ကြည့်မယ့် သူတစ်ယောက်တောင် ရှိမှာမဟုတ်ဘူး။ ကြိုက်တာပြော။ ငါတို့ကတော့ တက္ကသိုလ်အတက် Six pack အတွက်ပဲ။ ပြောရတာ လေကုန်တယ်ဟာ။ နင့်ကြည့်ရတာ SAE (Sleeping And Eating)ဆိုတော့ Six pack တွေ ဘာတွေ ကြားတောင် ကြားဖူးရဲ့လား မသိပါဘူး။ နင့်ကို ပြောရတာ လေကုန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ဘာကိစ္စ မကြားဘူးရမှာလဲ။ ဟွန်း ... နှင်ကတော့ ဘယ်ရီခြောက်ကွက် ထွက်မှာတော့ မဟုတ်ဘူး။ ပွေးကွက် ခြောက်ကွက်ပဲ ထွက်လာမှာ။ ငါတို့က နဂိုရှိတွေလေ နဂိုင်းက ထွက်ပြီးသား"

အချေသံဖြင့် ပြောနေသော ဆူးမကို သူက ကြည့်လို့မရစွာဖြင့် စိတ်ထဲကနေ မေတ္တာတွေ အတောင့်လိုက်ပို့ရင်း...

"ဝေ! ... ထွက်ပါတယ်။ ဟိ ဟိ ... လှတယ်။ လှတယ်"

"တောက် ... ဖူးသစ်ညို ... နင် လွှန်နေပြီနော်။ ငါ နင့်ကို ဖေဖေနဲ့ တိုင်ပြောမယ်။ သွား ... သွား ... နင့်မျက်နှာ မကြည့်ချင်ဘူး"

"အေးပါကွာ ဆူးချိုချိုရယ်။ မကြည့်ချင်တာကိုပဲ ကျေးဇူးတင်တယ်။ သွားလိုက်ပါဦးမယ် ခင်ဗျာ"

သစ်ညိုကလည်း ပြန်အရွဲ့တွေတိုက်ရင်း ဆူးမကိုကိုရီးယားတွေ ဆန်ပြကာ ကိုရီးယားအထာဖြင့် နှုတ်ဆက်ရင်း ခပ်သွက်သွက်လေး ထွက်လာလိုက်သည်။ အိမ်ထဲကနေ ဆူး





သူ့ကို စပါယ်ရှယ် မေတ္တာတွေ ပို့နေတော့မည်ဆိုတာ သိနေတာကြောင့် သစ်ညိုက တမင်တကာကို ကလိ ကလိ ဖြစ်နေအောင် ထားခဲ့ကာ ထွက်လာတာဖြစ်သည်။

ဒီအချိန် ဒီကာလတွေဟာ ဖားဘဝမှ ငါးဘဝသို့ကူးရတော့မယ့် စပ်ကူးမတ်ကူး ကာလလေး ဖြစ်နေတာမို့ ငါးဖြစ်မယ့်ဘဝမှာ လှပတနေဖို့ သူက Gym သွားရင်း ပြင်ဆင်နေတဲ့အချိန် ဖြစ်သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်အတွက် လောကကြီးနဲ့ စတင်မိတ်ဆက်ရာ နေရာကတော့ သင်တန်းတွေပဲဖြစ်သည်။ ဆယ်တန်းဖြေပြီး တစ်လခွဲလောက် ကဲချင်သလိုကဲပြီး နောက်မှာ လူကြီးဖြစ်ဖို့ လိုအပ်တဲ့ သင်တန်းပေါင်းများစွာကို သူတို့ တက်ကြရသည်။ လူကြီးဖြစ်ဖို့ လိုအပ်တဲ့ သင်တန်းမျိုးဆိုတာက စုံပလုံစီနေကာ အဓိက,ကတော့ English နဲ့ Computer ပဲ ဖြစ်သည်။

ငယ်ငယ်ကတည်းက အဲဒီနှစ်ခုနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့သော်လည်း လူ့အသိုင်းအဝိုင်းထဲမှာ မြင့်မြင့်မားမား တည်နိုင်ဖို့က E လို ကောင်းမှဖြစ်တာမို့ သူတို့က English နဲ့ ပတ်သက်တာတွကို စုံနေအောင် တက်ကြတာဖြစ်၏။ ကားမောင်းတတ်





ထားသော သစ်ညိုအတွက် လက်ထဲ ငွေရပြီ ဖြစ်တာကြောင့် အလန်းလွန် အလွန်လန်းနေရတာ ဖြစ်၏။ ဒါပေမဲ့ ဘေးမှာ ဆူးက ပါ,ပါနေတာကတော့ သူ နည်းနည်းလာဘ်ပိတ်ပါသည်။

"ငါ့ကို ယမင်းက မေးနေတယ်။ နင်နဲ့ ငါက ဘာတွေလဲတဲ့။ ငါက မောင်နှမတော်ပါတယ် ဖြေတာကို သူကမယုံဘူးတဲ့လေ။ တောက် ..."

သစ်ညိုက ကန်တင်းမှာထိုင်ကာ စိတ်ထဲဖုလာတဲ့ အကြောင်းကို ဆူးမကို ပြောလျှင် ဆူးမက သောက်နေတဲ့ ထောပတ်သီးဖျော်ရည်တောင် အသောက်မပျက်ကာ သူ့ကို ခပ်ချေချေ ဖြေလေ၏။

"ဩော် ... ဟော် ... နင်ကိုက မဖြစ်နိုင်တာ သွားဖြေတာကို အသစ်ရယ်။ စဉ်းစားလေ။ ဒီအဆင်နဲ့ ဒီအဆင် မောင်နှမ အစစ်ဆိုရင်တောင် တော်တော်စဉ်းစားကြမှာ။ ငါ့ရဲ့ Sweet ဖြစ်နေတဲ့ မျက်နှာလေးနဲ့ နင့်ရဲ့ အောင်



www.burmeseclassic.com

www.burmeseclassic.com



အောလက် မျက်နှာက မောင်နှမ တော်စရာလား။ မကောင်း တတ်လို့ သူငယ်ချင်း တော်ထားရတာ"

"ဩော် ... အေး ... အေး ... တော်တော်ပြောတတ်တဲ့ ပါးစပ်လေးနော မိဆူး။ နင်နော် ... နင် ... များနေပြီ။ ငါ နင့်ကြောင့် လာဘ်ပိတ်တယ်ဟ"

"ဟက် ဟက် ... ဒါကတော့ ရုပ်နဲ့လည်း ဆိုင်ပါတယ် ဟယ်။ ငါဆို နင်သိတဲ့အတိုင်းပဲ။ ခါချနေရတယ်"

"ဘာလဲ ... ယင်ကောင်တွေလား"

"ကောင်စုတ်"

ဆူးက ဒေါကန်ကန်ဖြင့် သူ့လက်မောင်းကို ရိုက်လေလျှင် သူက ရယ်သာ ရယ်နေလိုက်သည်။ ပြောရရင် သူတို့နှစ်ယောက်က တကယ့် ဂေါ်လီတွေပဲဖြစ်၏။ ဆူးတစ်ယောက်ဟာ ဆိုရင်လည်း သူ့အတွက်တော့ ပေါတောတော အထာတွေလုပ်ကာ သူကလည်း ဆူးအတွက်ဆို ပေါပဲ ဖြစ်သည်။





ပါးစပ်ကသာ ဟိုဆော်က ဘယ်လိုလန်းတယ်။ ဟိုဘဲက ဘယ်လိုဆင်တယ် ပြောကြပေမယ့် တကယ့် တကယ်ကျ သူတို့နှစ်ယောက်စလုံး ရည်းစားတော့ မထားဖြစ်လိုက်ကြပေ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနှင့် အချိန်တွေ လည်ပတ်ရင်း သူတို့မျှော်နေတဲ့ အောင်စာရင်းထွက်တဲ့ အချိန်မှာတော့ တကယ်ပဲ သူတို့မျှော်လင့်ထားခဲ့သလို သစ်ညိုက သုံးဘာသာဂုဏ်ထူးပါခဲ့ကာ ဆူးကတော့ လေးဘာသာဂုဏ်ထူး ထွက်ခဲ့လေသည်။

အဲဒီအတွက် ရှေ့ဆက်ရမယ့် တက္ကသိုလ်အတွက် လူကြီးတွေနှင့် တိုင်ပင်လျှင်တော့ သူကော ဆူးကော ဝါသနာပါသည့် တစ်ခုတည်းသော ဆန္ဒကို ပြောပြလိုက်သည်။

"သားကော ... ဆူးကော Bussiness Management ပဲ ယူဖို့ ဆုံးဖြတ်ထားတယ် ဖေဖေ"

"ဟေ ... ဘယ်လို။ သားနဲ့ သမီးက နှစ်ယောက်စလုံး အမှတ်ကောင်းတာပဲ။ ဖေဖေကတော့ သားကို အင်ဂျင်နီယာ





ဖြစ်စေချင်တာ။ သမီးကိုတော့ အမှတ်မီတယ်ဆို ဆေးကျောင်း၊ မမီဘူးဆိုရင်တောင် သွားဆေးလောက်တော့ မီမှာပဲလေ၊ အဲဒီလို ဖြစ်စေချင်တာ။ သားတို့ သမီးတို့က တကယ်ပဲ ဆုံးဖြတ်လိုက်ပြီလား"

အဲဒီမေးခွန်းအတွက်တော့ အားလုံးရဲ့ရှေ့မှာ ဆူးက အဖြေသင့်ဆုံးမို့ ဆူးပဲ ဖြေပေးလိုက်သည်။ ဆူးပြောမှပဲ ရမည်လေ။ ဖေဖေ၊ မေမေကော၊ ရှေ့နေကြီးဖြစ်တဲ့ လေးလေးကပါ ရှိနေတော့ ဆူးရဲ့ဆုံးဖြတ်ချက်ကို တစ်ခါတည်း ပြောပြလိုက်သည်။

"ဟုတ်ကဲ့ ... ဖေဖေ။ ဖေဖေ၊ မေမေနဲ့ လေးလေး ကိုပါ ဆူး ပြောချင်တာလေးတွေ ရှိပါတယ် ...

ဆူး ဂုဏ်ထူးလေးဘာသာ ထွက်တယ်ဆိုတာ D များများနဲ့ အောင်ချင်လို့ ကြိုးစားခဲ့ရုံ သက်သက်ပါ။ ဆူး ဆရာဝန်ဖြစ်ချင်လို့ ကြိုးစားတာမျိုးလည်း မဟုတ်ဘူး။ နောက်ပြီး ဆူးက စီးပွားရေးဝါသနာပါ,ပါတယ်။ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းရှင်တစ်ယောက်လည်း ဖြစ်ချင်လို့ BBM တက်ဖို့ ဆူး ဆုံးဖြတ်တာပါ ...

ဆူး ကျောင်းပြီးလို့ လေးလေးဆီက လွှဲပြောင်းခွင့်တွေ ရပြီဆိုရင် ဆူးက ဖေဖေ့ညွှန်ကြားမှုအောက်မှာ လွယ်လွယ်ကူကူ အလုပ်လုပ်နိုင်အောင်လို့လည်း စီးပွားရေးလိုင်းကို ယူချင်တာပါ"

ဆူးရဲ့စကားအဆုံးမှာ ဖေဖေနှင့် မေမေက ဆူးကို ပြုံးကြည့်နေ၏။ လေးလေးက ဆူးစကားကို နားထောင်အပြီးတွင်တော့ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"အေးပေါ့လေ။ အဓိက,ကတော့ ဆူးလေးရဲ့ဆန္ဒပါပဲ။ ဆူးလေး အသက်နှစ်ဆယ် ပြည့်တဲ့အခါမှာ ဆူးလေးရဲ့ မိဘတွေ ကျန်ခဲ့တဲ့ ရွှေ့ပြောင်းနိုင်သော မရွှေ့ပြောင်းနိုင်သော ပစ္စည်းတွေ အမွေအားလုံးကို တရားဝင်ပိုင်ဆိုင်ခွင့်ရပြီဆိုတော့ စီးပွားရေးကို နားလည်တဲ့ အတတ်ပညာမျိုး သင်ထားတော့ ကောင်းတာပေါ့ ...





လေးလေးကတော့ သမီး ပညာရေးကို ဘာမှမပြောလိုဘူး။ ဒါ ကိုယ့်ဝါသနာပါမှပဲ စာသင်တာက ကောင်းမှာလေ။ ကောင်းပါတယ်။ အဆင်ပြေတယ်"

လေးလေးဆီကလည်း လက်သင့်ခံမှုရသော အခါမှာတော့ ဆူးက ကျေနပ်စွာ အပြုံးဖြင့် ခေါင်းညိတ်လိုက်ရင်း ဖေဖေနှင့်မေမေ့ဘက်ကို လှည့်ကာ ...

"ဖေဖေနဲ့ မေမေ ... ဆူး BBM ယူချင်တာ သဘောတူတယ်မလားဟင်"

"သမီးဆန္ဒက အဓိကပါ။ ဖေဖေက ပြောစရာမရှိဘူး။ သမီးမေမေကိုသာ မေး"

"မေမေ"

ဆူးက မေမေ့မျက်နှာကို လှမ်းကြည့်လိုက်ရင်း ... မေမေ့ဆီက အဖြေကို စောင့်နေလိုက်လျှင် မေမေက ကြည်လင်တဲ့အပြုံးနှင့်အတူ ခေါင်းညိတ်ပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးနေစရာလိုနေသေးလဲ သမီးရယ်။ မေမေ့လောက် ဂုဏ်ယူစရာကောင်းတဲ့သူ ရှိဦးမလား။ မေမေ့ရဲ့ သားနဲ့ သမီးက D ကောင်းကောင်းနဲ့အောင်ပြီး တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေတောင် ဖြစ်တော့မယ်။ မေမေက ပျော်နေတာ။ ဆူးလေး စိတ်တိုင်းကျ ရွေးလို့ရတယ်"

"ဟား … ဝမ်းသာလိုက်တာ ဖေဖေနဲ့ မေမေရယ်"

ဆူးက ဝမ်းသာလွန်း၍ မျက်ရည်တောင် လည်မိချင်သည်။ ဆူးအတွက် တကယ့်စိတ်ချမ်းသာစရာ အချိန်လေးပဲ ဖြစ်၏။

"ကျွန်တော်လည်း ဟောဒီက ကိုသီဟနဲ့မအေးကို တကယ် ကျေးဇူးလည်းတင်တယ်။ လေးလည်း လေးစားပါတယ်။ ဆူးလေးကို တကယ့် ကောင်းကောင်းမွန်မွန် ပြုစုပျိုးထောင်ပေးနိုင်ခဲ့တာပါ။ ကိုဇင်ချို့တို့ မသိတာတို့ သိရင်လည်း ဆူးအတွက် တကယ်ဂုဏ်ယူနေကြမှာပါ"





ဆူးက ကျေနပ်ပျော်ရွှင်စွာသော အပြုံးဖြင့် ခေါင်းညိတ်ပြမိသည်။ ဆူးလည်း တကယ် ကံကောင်းတယ် ပြောရမည်။ တကယ်ဆို အသစ်ကို ဖေဖေ၊ မေမေတို့ဟာ ဆူးနဲ့ ဘာမှသွေးမတော် သားမစပ်ပါဘဲ ဆူးကို အလိုလိုက် ဂရုစိုက်ခဲ့ကြသည်။ သူတို့တွေရဲ့ နွေးထွေးမှုအောက်မှာပဲ ဆူး ကြီးပြင်းလာခဲ့ရတာ ဆူး ကျေနပ်သည်။

ဘဝမှာ မိစုံဖစုံနဲ့ နေခွင့်မရတဲ့ ဒုက္ခကလွဲရင် ကျန်တာအားလုံး ဆူးအတွက် အင်မတန်မှ ပြီးပြည့်စုံလေသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



အေးက ဘေးမှာ ငြိမ်သက်စွာ ထိုင်နေတဲ့ ခင်ပွန်းသည်ကို အကဲခတ်ကြည့်ရင်း လက်မောင်းကို အသာလှုပ်ကာမေးရလေသည်။

"ကိုသီဟ ... ရှင် ဘာတွေ စဉ်းစားနေတာလဲ"

အေးရဲ့အမေးကြောင့် ကိုသီဟက အေးဘက်သို့ အပြုံးဖြင့် လှည့်ကြည့်လာရင်း ...

"ဪ ... ကိုဇင်ချိုတို့ကို တွေးမိလို့ပါကွာ။ သူတို့သာရှိရင် သမီး ဆူးလေးကို တော်တော်ချစ်ကြမှာနော်။ ဒီကလေးမလေးက တော်တော်လေး စိတ်ပြည့်တဲ့ ကလေး"

"ဟုတ်တယ်။ ကျွန်မ အရင်တုန်းကတော့ သူ ဖွတ်တရွတ်ဆန်တာ၊ အကြောမာတာလေးတွေကိုကြည့်ပြီး စိတ်တိုခဲ့ရ





ဖူးတယ်။ သမီးလေးက ကျွန်မတို့ကို သူ့ရဲ့မိသားစုဝင်တွေလို သဘောထားထာ။ ရှေ့နေကြီးက စရိတ်ပေးရင်လည်း ကျွန်မကိုပဲ အပ်တာ။ ပြောရမယ်ဆို ဆူးလေးက သူ့ပိုက်ဆံနဲ့သူ ကြီးလာတဲ့ ကလေးပါ။ ဒါတွေ သူသိနေတာတောင် မာန်တစ်ချက် မထောင်ဘူးနော်"

"ဟုတ်တယ် ... ကိုယ်လည်း အဲဒါတွေကြောင့် စိတ်မကောင်း ဖြစ်ရတာ။ တို့တွေက ငွေလောဘတက်ပြီး ဒီကလေးကို အကျိုးလိုလို့ ညောင်ရလောင်းခဲ့သလို မွေးခဲ့တာ။ ကိုဇင်ချိုတို့က တို့တွေစီးပွားရေး ဒီအခြေအနေထိ အောင်မြင်လာအောင် သူတို့ပြန်ကယ်တင်ပေးခဲ့တာ။ သူ့အဖေကျေးဇူးတွေက ကိုယ်တို့အပေါ် ရှိတယ်"

အေးက ကိုသီဟ ပြောတာတွေကို နားထောင်ရင်း ခေါင်းတစ်ချက် ညိတ်မိသည်။ အဲဒါတော့ ဟုတ်တာပေါ့။ ဆူးလေးရဲ့မိဘတွေက ကူညီခဲ့လို့ ကိုသီဟ ပြန်လည်ကြိုးစားခဲ့ရာ အခုဆို အေးတို့က တော်တော်လေး ကြွယ်ဝပြည့်စုံသော



www.burmeseclassic.com

www.burmeseclassic.com



အနေအထားကို ရောက်ခဲ့ပေပြီ။ ဟိုတုန်းက ဆူးလေးကို မွေးစားစဉ် ဖြစ်ခဲ့တဲ့ စိတ်လောဘမျိုး တအားကြီးတော့ မရှိတော့ပါလေပြီ။

"တစ်ဦး စေတနာ၊ တစ်ဦး မေတ္တာပေါ့ရှင်။ ဆူးလေးကို လိုလေသေးမရှိ ကျွန်မတို့ ဖြည့်ပေးတော့ ဆူးလေးက လည်း ကျွန်မတို့ကို မေတ္တာရှိတာပေါ့"

"ဒါပေါ့ကွာ"

"ကိုသီဟ … ကျွန်မ တစ်ခု စဉ်းစားမိတယ် သိလား။ အခုဆို သားလေးနဲ့ သမီးလေးက တက္ကသိုလ်ကျောင်းသူ ကျောင်းသား အရွယ်တောင် ရောက်လာကြပြီဆိုတော့ ကျောင်းတက်ရင်းနဲ့ ချစ်သူ ဘာညာ တွေ့ကြမှာပဲ။ ကျွန်မကလေ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဘဲ ဆိုသလို သားလေးနဲ့ ဆူးလေးကို ဖြစ်စေချင်တယ်။ ဒါမှပဲ ကိုယ့်စီးပွားက ကိုယ့်စီးပွား ဖြစ်မှာပေါ့"

"ဘာ … အေး …"





ကိုသီဟက စိတ်ဆိုးမာန်ဆိုးဖြင့် လှမ်းဟန့်လိုက်ကာ …

"ကိုယ်တို့မှာ ဒီလောက် ပြည့်စုံနေတာ မင်း ဘာတွေ လျှောက်စဉ်းစားနေတာလဲ။ အဲဒါတော့ ငါ လက်မခံဘူး။ တစ်ချိန်က ငါတို့ ဒါမျိုးတွေးမိတယ် ဆိုတာ ငါတို့က မရှိလို့လေ။ အခု ရှိနေပြီဟာ အဲလိုမျိုးတွေ မစီစဉ်ပါနဲ့ကွာ …

သားနဲ့သမီးက မောင်နှမလို သူငယ်ချင်းလို နေလာကြတာ။ သူတို့ အနေရခက်အောင် မင်း ကြားထဲက ဝင်ပါမနေနဲ့"

"အမယ်လေး … ကျွန်မလည်း သဘောကို ပြောတာပါတော်။ တစ်ကို တစ်ထပ်ပေါင်းရင် နှစ်ဖြစ်တာပဲ။ ဒါကြောင့် ကိုယ့်သားလေးနဲ့ ရည်စွယ်တာ"

"တော် … တော်ကွာ။ အကောင်းကနေ ဖောက်လာပြီ မင်းကတော့။ ဒီမှာ … အေး … ငါ တစ်ခါတည်းပြောထားမယ်နော် …



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကြားကို မင်း ဝင်မပါနဲ့။ သူတို့ဘာသာ သူတို့ လွတ်လပ်စွာ ရွေးချယ်ကြပါစေ"

ကိုသီဟက ယတိပြတ် ပြောချကာ ထထွက်သွားလေ၏။ အေးမှာသာ ဒေါသထွက်ပြီး ကျန်ခဲ့ရလေသည်။ ဘာပဲဖြစ်ဖြစ် 100% မပါတောင် အေးကတော့ မိခင်ပီပီ ပါရမှာပေါ့။

❋ ❖ ❋





## အလယ်-(၁)

www.burmeseclassic.com

www.burmeseclassic.com







တက္ကသိုလ်ကျောင်းသားဘဝကို ရောက်ပြီ ဆိုတဲ့အခါကျတော့ သစ်ညိုနှင့် ဆူးက အရင်ကလို တစ်ချိန်လုံး တတွဲတွဲတော့ မဟုတ်တော့။ ကိုယ့်ဘော်ဒါ အပေါင်းအသင်းအဖွဲ့နဲ့ကိုယ် အုပ်စု,စုနေတာ ဖြစ်သည်။ ဒါပေမဲ့ ဘယ်လိုပဲ သူ့မှာ ယောကျ်ားလေးဘော်ဒါတွေများလည်း စိတ်ထဲ ရှိအနေဆုံး သူငယ်ချင်းကတော့ ဆူးပဲဖြစ်သည်။ နောက်ပြီး ဆူးက ဟိုတုန်းကနဲ့မတူ လန်ထွန်လာသောအခါတွင်တော့ ကျောင်းရဲ့ Queen ဖြစ်လာလေ၏။

သိတယ် မှလား။ BBM မှာက မိန်းကလေးကများပြီး ယောကျ်ားလေးက အနည်းစုမို့ ယောကျ်ားလေးတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်စရာ chance က များနေပေမယ့် အားလုံးလိုလိုက ဆူးမှ ဆူးနေတာကတော့ အံ့သြစရာပဲ ဖြစ်၏။

"ဆူးကတော့ကွာ ဘယ်အချိန်ကြည့်ကြည့် လူကော ဖက်ရှင်ကော လန်ထွက်နေတာပဲ။ Traditional, Cute, Sexy သုံးမျိုးစလုံး အချိုးကျ ရောစပ်မွှေနှောက်ထားတဲ့ အလှတရားမျိုးဆိုလို့ ဒီတစ်ယောက်ပဲ ရှိမှာနော်"

ကန်တင်းထိုင်နေတုန်း သူ့ဘော်ဒါ မျိုးသူရက ဆူးငို့ကာ လာဖွင့်နေလျှင် သူက ပြုံးရုံသာ ပြုံးမိသွားသည်။ ဆူးက အဲဒီလို လူကြိုက်များသူ တစ်ဦးပါ။

ကျောင်းကိုလာလျှင် မြန်မာဝတ်စုံပဲ ဝတ်ရတာမို့ အဲဒီဝတ်ရတဲ့ မြန်မာဝတ်စုံဟာ ဖက်ရှင်ဖြစ်အောင် မယ်မင်းကြီးမက မေမေ့ဒီဇိုင်နာ အစ်မကြီးနဲ့ အကျီတွေ အပ်,အပ်နေတာ သူသိတာပေါ့။ ဆူးက ဖြောင်ဝမ်းဆက်တွေကို တစ်ခါတစ်ရံ ဇာတွေ အထက်အောက်လိုက်ကပ်တဲ့ ဖက်ရှင်မျိုး၊ တစ်ခါတစ်ခါကျ ယွန်းကြယ်သီးပြား အကြီးတွေ ကပ်ထားတာမျိုး၊ တစ်ခါ တစ်ခါ





ကျ အဝေးကကြည့်ရင် နှင်းဆီပန်း ကပ်လာလား ထင်မှတ်မှားရလောက်အောင် လက်ရာမြောက်တဲ့ နှင်းဆီပွင့်ပုံ တစ်ပွင့်တည်းကိုသာ ကပ်တာတစ်ဖုံ ဖြောင်တွေပေါ်မှာပဲ ဖက်ရှင်လုပ်ဝတ်နေတာမို့ လင်းစတင်းတွေဖြစ်ကာ လူကြိုက်များလှ၏။

နောက်ဆုံး နား ကြားပြင်း ကတ်လာတာမို့ သူကပဲ မိဆူးကို ပြောရတော့သည်။

"ဟဲ့ ... ဆူးမ ... နင့် ပုံစံက ကျောင်းသူနဲ့ မတူတော့ဘူးနော်"

သူ့ရဲ့ အဆက်အစပ်မရှိ ဘုကျကျ စကားကြောင့် ဆူးက သူ့ကို ဘာလဲဟ ဆိုတဲ့ အကြည့်ဖြင့် ကြည့်ကာ ...

"ဟဲ့ ... ဘယ်လိုတုံး။ ငါက တက္ကသိုလ်ကျောင်းသူနဲ့ မတူဘဲ ဘာနဲ့တူနေလို့လဲ"

"မော်လ်ဒယ်နဲ့ တူလာလို့ဟေ့။ တစ်နေ့ တစ်နေ့ ဖက်ရှင်တွေထွင်၊ စဉ်းစားရ၊ လင်းစတင်းတွေ လုပ်ရနဲ့ ငါကြည့်ရတာ မျက်လုံးထဲ ဖုန်ဝင်နေပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ... အဲဒါကို ငါ ထုတ်ပေးမယ်။ နင်က ဘာလဲ၊ ငါ့ကို ဂျဲလ်လမက်တွေ မျိုနေတာလား။ နင့်ကို ပြောပါတယ်။ နဂိုရှိမှ နဂိုင်းထွက်တာပါဆို။ လျှာထွက်အောင် ဝိတ်တုံးကြီးမ,ပြီး ဗလတွေ Six pack တွေထွက်လည်း ဒီရုပ်က ဒီရုပ်ပါပဲ"

ဆူးမက ပြုံးတုံ့တုံ့ မျက်နှာထားဖြင့် သူ့ကိုတောင် ကပ်ဖွဲ့သွားလျှင် သူ့မှာ ဒေါသက အလိပ်လိပ်ထွက်လာရကာ ...

"မိဆူးမ ... အစုတ်ပလုတ်၊ နင် ငါ့ကိုဖွဲ့ဖို့ပဲ တတ်တယ် ဟုတ်လား"

"ဟဲ ... ဟဲ ... ချောတီး ... ချောတီး။ ငါ့သူငယ်ရင်းလေး စိတ်ဆိုးသွားပြီ။ မစတော့ဘူးနော်။ ပြော ... ပြော ... နင် ပြောချင်တာကိုပဲ အတည်ပြော"

သစ်ညိုက အမျိုးမျိုး စမာကလာ လုပ်လေတဲ့ မိဆူးမကို စိတ်မဆိုးနိုင်စွာ လေထွက်ရုံ တစ်ချက် ရယ်လိုက်ရင်း...





"နင်ဟာ ပေါတောတောနဲ့။ နင့် ကြိုက်တဲ့ ကောင်တွေ နင့်အကြောင်း မသိသေးလို့ ကြိုက်ကြတာ"

"ဟား ဟား ... ဒါကတော့ သူ့နေရာနဲ့ သူပေါ့ဟယ်။ သူတို့ ရှေ့မှာကျ ငါက ချေနေတယ်လေ။ နင့်ကိုတော့ ချေစရာလား အသစ်စုတ်ရဲ့။ ဟဲ့ ... ဒါနဲ့လေ စကားမစပ် Junction Square မှာ တင်နေတဲ့ ထိုင်းသရဲကားလေး အရမ်းကောင်းတာပဲတဲ့။ ငါ သွားကြည့်ချင်တယ်"

"အေးဟာ ... အေး ... အေး ... ငါ လိုက်ပြမယ်"

"ဟဲ့ ... တကယ်နော်။ နင် ဖောရောတော့ မလုပ်နဲ့။ ဘယ်နေ့ လိုက်ပြမှာလဲ ... ပြော"

"တနင်္လာနေ့ဟာ။ ကျောင်းလစ်တာပေါ့"

"အေး ... ကောင်းတယ်။ ကောင်းတယ်။ အပြန်ကျ Lotteria က ကြက်ကြော်လေးနဲ့ ဘာဂါလေးနဲ့ ငြိမ့်မယ်"

သစ်ညိုက အဲဒီ မနိုင်စိန် သူငယ်ချင်းမကို အလျော့ ပေးကာ သူကျေနပ်အောင် ခေါင်းတဆတ်ဆတ် ညိတ်ပြရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ ... အေး ... အေး။ နင် ကြိုက်တာစား။ ကြိုက်တဲ့နေရာသွား ... ဟုတ်ပြီလား။ ငါ လိုက်ပို့ပေးမယ်"

သူ့ဆီက ကတိပေးမှုကို ရတဲ့အခါမှာတော့ ဆူးက ကျေနပ်ပျော်ရွှင်စွာသော အပြုံးဖြင့် သူ့ကို ခေါင်းညိတ်ပြသည်။ အဲဒီလိုမျိုး ဆူးကို အလျှော့ပေး၊ ဆူးလိုချင်တာ ဖြည့်ပေးရတာကိုက သူ့ရဲ့အဆုံးမရှိ ခင်မင်မှုပဲ ဖြစ်ပါသည်။

❋ ❖ ❋





သူ့အတွက် ဒီနေ့က အမွှေနေ့ပဲ ဖြစ်၏။ အိမ်ကနေ သူက သူငယ်ချင်းမွေးနေ့ ကျွေးမှာမလို့ဆိုပြီး အပြင်ကို အစောကြီး ထွက်လာခဲ့သည်။ အဲဒီတော့ ဟိုမယ်မင်းကြီးမက တစ်ယောက်တည်းကျန်ခဲ့ကာ ကျောင်းလာရတာမို့ သူ့ကို စိတ်ကောက်ကာ သွားတာကြောင့် သူမ ကျေနပ်ဖို့အရေး ဟိုတစ်ခါ လိုက်ပြ[illegible]မယ် ဆိုတဲ့ သရဲကား လိုက်ပြဖို့ သူ့မှာ Junction Square မှာ ထိုင်စောင့်နေတာ အခုဆို တစ်နာရီမကတော့။ စိတ်က ဘယ်လိုမှ ရှည်လို့မရတော့တဲ့အခါ ဆူးရဲ့ဖုန်းကို လှမ်းခေါ်ရလျှင်တော့ ဖုန်းက အတော် ring ကြာမှ ကိုင်လေ၏။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟဲ့ ... ဆူး ... နင် ဘယ်မှာလဲ။ ငါ ဒီမှာ ရောက်နေတာ ကြာလှပြီ"

သစ်ညိုက စိတ်မရှည်စွာ ပြောလိုက်လျှင် ဟိုဘက်တစ်ဖက်က ဘာမှမဖြစ်တဲ့ဟန်ဖြင့် ...

"ဟယ် ... ဟုတ်သားပဲ။ ငါ ... ငါ မေ့နေတာ။ အသစ်ရယ် ... ဆောရီးပါဟယ်။ ငါ စုမေတို့နဲ့ စကော့ဈေး ရောက်နေလို့လေ"

သူ့မှာ အဲဒီစကားကြောင့် စိတ်ပဲဆိုးရတော့မလို၊ ထိပဲပြေးထိုးရတော့မလိုဖြင့် အသည်းက ပေါက်လာ၏။

"ဟား ... အဲဒါဆို ငါက ဘာလုပ်ရမှာလဲ။ ဒီမှာ လက်မှတ်လည်း ဝယ်ပြီးသွားပြီလေ"

"အေးဟယ်။ ငါ ... ငါတောင်းပန်ပါတယ် အသစ်ရယ်။ စိတ်မဆိုးပါနဲ့နော်။ နင် လက်မှတ်လည်း ဝယ်ထားပြီပြီဆိုတော့ ကိုယ့်ဘာသာကိုယ်ပဲ ဝင်ကြည့်လိုက်တော့လေနော်"





"ဘာ ... ဒါပဲဟာ"

သစ်ညိုက အကြီးအကျယ် တင်းသွားကာ ဒါပဲဟာပြောပြီး ဖုန်းပိတ်လိုက်တော့သည်။ တောက် ... အဲဒီ ဆူးမဟာ ကျောင်းမှာ Queen မ ဖြစ်သွားတာနဲ့ပဲ ဘဝင်က ထိပ်ကပ်နေတာ။

သူက အဲဒီရုပ်ရှင်လက်မှတ်ကို သူထိုင်နေတဲ့ ခုံတန်းသွားမှာပဲ ထားပစ်ခဲ့လိုက်ကာ ထွက်လာခဲ့လိုက်တော့သည်။

"ဟိုလူ ... ဟိုလူ ... ဒီမှာ ... ဒီမှာ ... ခဏလေး"

အနောက်ကနေ အသည်းအသန် ခေါ်သံကြားတာကြောင့် သစ်ညိုက ဘာများဖြစ်တာပါလိမ့်ဆိုပြီး လှည့်ကြည့်လိုက်လျှင် ကောင်မလေးတစ်ယောက်က သူ့ဆီ အပြေးလာတာကိုတွေ့လိုက်ရသည်။ ဘာ ... ဘာလဲဟာ။

"ဒီမှာ ... ရော့ ... ရှင်ကလည်းလေ ... နမော်နမဲ့နဲ့။ ရုပ်ရှင်လက်မှတ် ဟိုခုံမှာ ကျန်နေခဲ့တယ်။ ကျွန်မ တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေလို့ပေါ့။ နို့မို့ဆို ရှင် ဘယ့်နှယ်လုပ်မလဲ။ အဲဒီ လောက် သတိမလစ်နဲ့လေ။ ရုပ်ရှင်လက်မှတ် မဟုတ်ဘဲ ပိုက်ဆံအိတ်ကျန်ခဲ့တော့ ဘယ့်နှယ်လုပ်မလဲ။ ဒီခေတ်မှာ ပိုက်ဆံအိတ် ကျခဲ့လို့ကတော့ ဘယ်သူမှ ပြန်ပေးမှာမဟုတ် ဘူး။ သတိထားမှပေါ့ရှင့် ... ရော့"

အားပါးပါး။ သစ်ညိုက တမင်ကို မယူချင်တော့လို့ ထားခဲ့သည့် ရုပ်ရှင်လက်မှတ်ကို လာပြန်ပေးတာဟာ အထူး အဆန်း မဟုတ်ပေမယ့် ထူးဆန်းတာကတော့ အဲဒီ လက်မှတ် လေး ကျန်နေခဲ့ခြင်းအတွက် ရှည်လျားထွေပြားစွာ သူ့ကို လက်ချာတွေရိုက် ပေါက်ပေါက်တွေဖောက်တာဖြစ်၏။ သစ်ညို က အဲဒီလို nonstop တော်လ်ကီတွေ လွှတ်တာကို ကြည့်ကောင်း ကောင်းဖြင့် ငေးနေလျှင် သူမက သူ့ကို ပြုံးကြည့်ကာ သူ့မျက်နှာ ရှေ့နားသို့ ရုပ်ရှင်လက်မှတ်ကို တိုးပေးရင်း ...

"ယေး ... ဒါ ရှင့်ဟာမှလား။ ရော့လေ"





အဲဒီတော့မှ သူက သတိဝင်ကာ အကြည့်တွေကို လျှော့လိုက်ရင်း အပြုံးဖြင့် အဲဒီလက်မှတ်ကို ယူလိုက်ကာ ...

"ဟုတ်ပါတယ်။ လာပြန်ပေးတာ ကျေးဇူးတင်ပါတယ် နော်"

"ရပါတယ်။ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ နောက်တစ်ခါဆိုရင် တော့ မမေ့နဲ့ပေါ့။ ရုပ်ရှင်လက်မှတ်ဆိုတာမျိုးက သတ် မှတ်ထားတဲ့ နာရီပိုင်း အချိန်လေးအတွက်သာ အသုံးဝင် တယ် ဆိုပေမယ့် အဲဒီအချိန်အတွက်သုံးမယ့် လက်မှတ် ဖြစ်လာဖို့ ဖန်တီးထားရတဲ့သူတွေက အပင်ပန်းခံထားရ တာ ...

ဘာမဆို သတိထားပါ"

ဟ ... ကောင်းလှချည်လား။ သစ်ညိုက ဟိုဆူးမ အပေါ် တင်းနေတဲ့ ဒေါသတွေတောင် ဘယ်ရောက်သွားလဲမသိ။ စကားလုံးဆန်းဆန်းတွေ ပြောတတ်တဲ့ အဲဒီ ကောင်မလေးကို သူက တစ်ချက်တော့ အကဲခတ်မိသွားသည်။ ကိုရီးယားအထာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစွပ်တီရှပ်လက်ရှည်ကို Jump စကတ် အပြာရောင် ကားကားတိုတိုလေးနှင့် ဖတ်လတ် ဖတ်လတ်ဖြစ်လောက်အောင် လန်းလို့ဆန်းလို့ သွားစေ၏။ ဘယ်လိုပြောရမလဲ … ဒီမိုင်လေးက လန်းလွန်း လတ်ဆတ်လွန်းလို့ သူဟာ ရေအေးအေးတစ်ခွက် မသောက်မိပါဘဲ ရင်ထဲ အေးခနဲ ဖြစ်သွားလေ၏။

"ဒီမှာ … ရှင် ဘာကြည့်နေတာလဲ"

"ခင်ဗျာ"

"ဖွဲ့ … ဘာဖြစ်နေတာလဲ"

သူက အူကြောင်ကြောင်ဖြင့် "ခင်ဗျာ"နေလိုက်စဉ်မှာ သူမရဲ့သူငယ်ချင်းတွေ ဖြစ်ဟန်တူသော ကောင်မလေးသုံးယောက်က ရောက်လာလို့ သူမကို လာခေါ်လေလျှင် အဲဒီသုံးယောက်ထဲက တစ်ယောက်က ယုဆွေ ဖြစ်နေကာ ယုဆွေကလည်း သူ့ကိုမြင်လျှင် …

"ဟဲ့ … ဟယ် … သစ်ညိုပါလား။ ဖွဲ့ နင်တို့က သိနေကြတာလား"





"မသိ … မသိပါဘူး။ ဟိုမှာ သူ့လက်မှတ် ကျန်နေခဲ့လို့ ငါက လိုက်ပေးတာ"

"ဟယ် … ဖြစ်ရမယ်။ တိုက်တိုက်ဆိုင်ဆိုင် တွေ့တတ်ပါချည်ရဲ့။ ဪ … ဒါနဲ့ နင်က တစ်ယောက်တည်းလား သစ်ညို။ ဆူးကော မပါဘူးလား"

ယုဆွေရဲ့မေးတဲ့ပုံက သူ့ဆော်မပါဘူးလား ပုံစံမို့ သူက အဲဒီအလန်းဇယားလေးရှေ့မှာ အငွမ်းမခံနိုင်စွာ ချက်ချင်းပင် ပြန်လည် ဖြေရှင်းရေး လုပ်လိုက်တော့သည်။

"အာ … တစ်ယောက်တည်းပါဟ။ ဆူးက ငါ့သူငယ်ချင်းပဲဟာ။ သူလည်း သွားချင်ရာ သွားမှာပေါ့"

"အဟင်း … ဖြစ်ရတယ်။ အမ်း … မိတ်ဆက်ပေးရဦးမယ်။ ဖွဲ့ … သူက မှူးသစ်ညို တဲ့။ ငါတို့ ကျောင်းကလေ။ သစ်ညို … ဒါငါ့ရဲ့ ငယ်သူငယ်ချင်းတွေ။ သူက ထူးထူးဖွဲ့၊ ဒီဘက်က မေမိုးသူ၊ သူက ချောချောမေတဲ့ Physics က"



www.burmeseclassic.com

www.burmeseclassic.com



ဟား ... နာမည်လေးကလည်း သစ်တောပဲ။ ထူးထူးဖွံ့တဲ့။ ဆန်းသလို ရိုးသလိုလေး။ သစ်ညိုက မြင်တာနှင့် တန်းပြီး ချစ်စရာကောင်းတဲ့ ကောင်မလေးကို အလွန်ဖော်ရွေတဲ့ အပြုံးဖြင့် သွက်လက်လိုက်ရင်း ...

"ဟုတ်ကဲ့ပါဗျ။ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော့်ကိုလည်း သူငယ်ချင်းတစ်ယောက်လို သဘောထားပါနော်"

အားလုံးက အပြုံးဖြင့် ခေါင်းသာဆတ်ပြလေသည်။ ဒီဘက်ခေတ်ရဲ့ လူငယ်တွေက သိပ်ပြီး ထာမနေဘဲ ချေတဲ့ခေတ်မို့ သူက အဲဒီ အပြုံးလေးတွေကိုပဲ save ထားခဲ့ကာ ထူးထူးဖွံ့နဲ့ကတော့ မျက်လုံးချင်း signal ရိုက်ထားပြီးသားဖြစ်သည်။

"အဟမ်း ... ဟမ်း ... ဒီမှာရပ်ပြီး ဘာလုပ်ကြမှာလဲ။ မုန့်စားမယ်ဆိုလည်း အပေါ်သွားကြမယ်လေ"

ယုဇွေက အထာပေါက်စွာ သူ့အတွက် intro ပေးလိုက်လျှင် သူကလည်း သာသာယာယာပင် အဲဒီလမ်းကြောင်းအတိုင်း ဆက်လိုလိုက်သွားလေသည်။ သာသာယာယာ ခင်မင်မှုရခဲ့သလို လုံးဝသေချာအောင် ပြောချင်တဲ့ ဆုံးဖြတ်ချက်တစ်ခုကတော့ သူ အဲ့ကောင်မလေးကို တစ်ချက်တည်းနဲ့ ဟတ်ထိသွားရတာဖြစ်သည်။





❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ဆူးက ဒီနေ့ ကျောင်းပိတ်ရက်မို့ စာအုပ်လေး ဘာလေး ထွက်ဝယ်ရင်း အပြင်မှာ မုန့်ထွက်စားဖို့ စိတ်ကူးရလျှင် ဆူးက သစ်ညိုကိုပဲ ခေါ်သွားဖို့အတွက် သစ်ညို အခန်းတံခါးကို တဒုန်းဒုန်း သွားခေါက်လေသည်။

"အသစ်ရေ ... အသစ် ... တံခါးဖွင့် ... အသစ်"

ဆူးက တဒုန်းဒုန်းခေါက်လျှင် ခါတိုင်း ချက်ချင်းပွင့်တဲ့ တံခါးက ချက်ချင်းပွင့်မလာတာကြောင့် ဆူးက နည်းနည်းတော့ အံ့အားသင့်ရကာ တံခါးကို ဆက်ထုလေသည်။

"ဟဲ့ ... အသစ် ... ဘာလုပ်နေတာလဲ။ ဖွင့်ဦး ... တံခါး"

ဆူးက တောက်လျှောက်ခေါက်တော့မှ တံခါးက ဖွင့်လာကာ သုန်သုန်မှုန်မှုန် မျက်နှာဖြင့် ...





"ဟား ... ဘာလဲဟ။ ဆူညံနေတာပဲ"

"ဟဲ့ ... ညံမှာပေါ့။ နင် ဘာလုပ်နေတာလဲ။ ငါခေါ်နေတာ ကြာပြီ"

"ဖုန်းပြောနေတာလေဟာ။ ငါ့ကောင်မလေးကို သေချာတောင် မပြောရသေးဘူး။ အနှောင့်က လာပြီ"

"ဟမ်"

ဆူက ကြားရတဲ့စကားက ဟုတ်မှဟုတ်ပါ့မလား တွေးရင်း ကိုယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်သွားရသည်။ ကောင်မလေး ...။ ဆူးလည်း မသိရပါလား။

"ဘယ် ... ဘယ်က ကောင်မလေးလဲ"

ဆူးက တအံ့တဩ အမေးကို သစ်ညိုက ပြုံးစိစိ မျက်နှာပေးဖြင့် ...

"အမ်း ... ရှိတာပေါ့ဟ။ ငါက အခု ကြိုးစားနေတာ"

"ဟယ် ... အသစ်ရယ် ... နင်က အဲဒီကိစ္စ ငါ့ကိုတောင် မပြောပြဘူးနော်။ နင်က လျှို့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အား ... အဲဒီလိုတော့ မဟုတ်ပါဘူးဟာ။ နင်ကလည်း ငါတို့ တွေ့တာမှ နှစ်ရက်နဲ့ တစ်ပိုင်းပဲ ရှိသေးတဲ့ဟာ၊ မပြောဖြစ်တာ"

သစ်ညိုရဲ့ပုံစံကို ကြည့်ရတာဟာ အရမ်းကိုပဲ hyper-active ဖြစ်နေတာမို့ ဆူးက တအံ့တသြ ဖြစ်ရလေသည်။ ဒီကိစ္စ ကို သူ ဘာလို့ ဆူးကို မပြောရတာပါလိမ့်။

"အဲဒီတစ်ယောက်က ဘယ်သူလဲ။ ငါက ဘာကိစ္စမသိ တာလဲ"

"အမယ်လေး ... အမေးအမြန်းကလည်း ထူတာဟာ။ သူ့ ကို နင်မသိပါဘူး ဆူးရဲ့။ သူက ယုဆွေ သူငယ်ချင်း။ ငါ ရဲ့ရည်းစား ဖြစ်လာမယ့် ကောင်မလေးပေါ့ဟာ"

"ယုဆွေ သူငယ်ချင်း"

"အေး ... ကဲ ... ကဲ ... နင် ငါ့ကို အခု တံခါးခေါက် တာ ဘာပြောမလို့လဲ"





သစ်ညိုက အရေးမကြီးသလို စကားစကိုဖြတ်ကာ ဆူးကို မေးတာကြောင့် ဆူးက စိတ်ထဲမှာ ဖုသလို ဖြစ်နေတာကြောင့် သွားချင်တဲ့စိတ်တောင် ပျောက်သွားရသည်။

"ဟို ... ဘာမှမဟုတ်ပါဘူး။ နင် ငြိမ်နေလို့ ဘာလုပ်နေလဲ သိချင်လို့"

"ဩော် ... ကောင်မလေးနဲ့ ဖုန်းပြောနေတာလေ။ သိပြီမှလား။ အဲဒါဆို ငါ ဆက်ပြောလိုက်ဦးမယ်။ ဩော် ... ဟဲ့ ... ညနေ ဝက်သားတုတ်ထိုး သွားစားကြမယ်လေ။ ငါ ရေမိုးချိုးပြီးရင် သွားမယ် ဟုတ်ပြီလား"

"အေး ... အေး ... သွားမယ်လေ"

ဆူးက ခေါင်းညိတ်ပြလိုက်လျှင် သစ်ညိုက တက်ကြွလန်းဆန်းနေသော အပြုံးဖြင့် ဆူးကို နှုတ်ဆက်ကာ တံခါးပြန်ပိတ်သွားသည်။ ဘယ်လိုမျိုးကြီးလဲ။ ဆူးက တက်ကြွနေရာကနေ ရုတ်တရက် ငြိမ်သက်သွားကာ ကျန်နေသလိုမျိုးကြီး ခံစားသွားရတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ညိုနဲ့ ပတ်သက်ပြီး ဆူးမှာ အဲဒီလို ခံစားချက်မျိုး တစ်ခါမှ မရှိခဲ့ဖူးပါဘူး။ ဆူးက ငိုင်တိငိုင်တိုင်ဖြင့်ပင် ကိုယ့်အခန်းကိုယ် ပြန်လာကာ မရိုးမရွ ဖြစ်နေသော သိချင်စိတ်ကို ချက်ချင်းသိရဖို့ ယုဆွေဆီ ဖုန်းချက်ချင်း လှမ်းခေါ်လိုက်သည်။

"အေး ... သယ်ရင်း ... ပြော"

"ယုဆွေ ... နင် ဘယ်မှာလဲဟင်။ ငါ ပြောလို့ရမလား"

"ရတယ် ဆူး။ ငါက အခု အိမ်မှာ။ ဘာဖြစ်လို့လဲ"

တကယ့် တကယ်ကျ ဆူးက မေးရကောင်းမလား မကောင်းဘူးလားဖြင့် ချီတုံချတုံ ဖြစ်နေလေသည်။ ဒါပေမဲ့ ဆူး သိသင့်တာပဲလေ။ ဆူးက ကိုယ့်စိတ်ကိုယ် ပြန်ဖြေတွေးလိုက်ရင်း ယုဆွေကို မေးလိုက်တော့သည်။

"ယုဆွေကို ဆူး မေးစရာလေး ရှိလို့"

"အမ်း ... မေးလေ"

"ဟိုဟာလေ ... အသစ်က ယုဆွေရဲ့သူငယ်ချင်းကို ကြိုက်နေတာဆို။ ယုဆွေ သိပြီးပြီလား"





"သြော် ... ဟုတ်လား။ အမယ် ... နင့်ကို ပြောတယ်ဆိုတော့ ဒီကောင် အတည်ပြောနေတာပေါ့။ သစ်ညိုက ဖွဲ့ကို တော်တော်ကြွေနေပုံပဲ။ ဒါဆိုရင်တော့"

"ဖွဲ့ ... ဟုတ်လား"

"အင်း ... ဟုတ်တယ်။ ငါ့ငယ်သူငယ်ချင်းလေ။ ထူးထူးဖွဲ့တဲ့"

ထူးထူးဖွဲ့။

ဆူးက အဲဒီနာမည်ကို ရေရွတ်လိုက်ကာ ဆူး လုံးဝသိတဲ့ တစ်ယောက်ဆိုတာ သေချာလေပြီမို့ ဆူးက ယုဆွေဆီက သတင်းယူရတော့သည်။

"ဟုတ်လား။ သူ ငါ့ကို အရိပ်အမြွက်လောက်ပဲ ပြောသေးတာ။ အဲဒါ သိချင်လို့ နင့်ဆီ လှမ်းဆက်လိုက်တာ ယုဆွေရေ။ သူတို့က ဘယ်လိုတွေ့သွားတာလဲ"

"သြော် ... ပြီးခဲ့တဲ့ အပတ်က Junction Square မှာ ဆုံကြတာ ဆူးရဲ့။ အဲဒီနေ့ကပဲ ငါ သူတို့ကို မိတ်ဆက်ပေး



www.burmeseclassic.com

www.burmeseclassic.com



တာ။ ဖုန်းနံပါတ်ချင်းတော့ လဲနေတယ်လေ။ ငါ အဲဒီနေ့ ကတည်းက ထင်တော့ ထင်ပါတယ်။ သူက ဖွဲ့ကို အသေ အလဲ လိုက်ရှာနေတာလေ"

"ဩော် ... အေး ... အေးပါဟယ်။ အဲဒါလေး ငါသိချင် လို့မေးတာ။ ဟို ... အဲဒါဆို ယုဆွေ ငါနောက်မှ ပြန် ဆက်လိုက်တော့မယ်နော်။ တာ့တာ"

ဆူးက ကိုယ်သိချင်တာလည်း သိပြီမို့ ဖုန်းချပြီးသွား တဲ့နောက်မှာ တကယ်ပဲ အတွေးတွေ ရောက်တတ်ရာရာ ဖြစ်နေ ရသည်။

သစ်ညိုက အဲဒီ ကောင်မလေးကို ကြိုက်နေတာတဲ့။ ဆူးက ဘယ်လိုပြောရမှန်းမသိတဲ့ ငိုင်တိုင်တိုင် ဖီးလ်တစ်ခုက ဝင်လာတာမို့ ကိုယ့်ကိုယ်ကိုယ်လည်း အရမ်းအံ့သြရလေသည်။

ဘယ်လိုတဲ့။

ဆူး ... ဆူး အဲဒါ ဘာဖြစ်နေတာလဲ။ မနာလိုဖြစ် နေတာလား။ မနာလို ဖြစ်ရအောင်လည်း ဆူးနဲ့ အသစ်ဆိုတာ





သူငယ်ချင်းတွေဟာ။ ဆူးက ဘာဖြစ်မှန်းလဲ ကိုယ့်ကိုယ်ကိုယ် မသိတဲ့ ဝေးမှိုင်မှုတစ်ခု ဝင်လာကာ ရင်ထဲ ညှိုးသွားရတာတော့ အမှန်ပဲ ဖြစ်သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကအပြန်မှာ မေမေက Ocean ကနေ အသီးအနှံတွေ ဝယ်လာခဲ့ပေးဖို့ ဖုန်းဆက်လှမ်းမှာတာကြောင့် ဆူးနဲ့ ဖူးသစ်ညိုက Ocean ဝင်ကာ ဈေးဝယ်ထွက်ကြရသည်။ ဆူးက စားချင်စဖွယ် အသီးတွေကို ခြင်းထဲ တစ်ခုစီကောက်ထည့်နေချိန်မှာတော့ သစ်ညို တစ်ယောက်က လုံးဝစိတ်ပါဝင်စားခြင်း မရှိစွာဖြင့် ဆူးဘေးနားကနေသာ လိုက်လာကာ သူ့ရဲ့မျက်လုံးတွေကတော့ ဖုန်း Screen ဆီမှာသာ ရှိနေတာမို့ ဆူးက မျက်စောင်းတစ်ချက်တော့ အလိုလို ထိုးမိသွားလေသည်။

"အသစ် ... မျက်လုံးလေး ဘာလေးလဲ အကြည့်လွှဲဦး။ နင် ပစ္စည်းတွေ ဝင်တိုက်မိရင် ငါ လိုက်လျော်ပေးနိုင်ဘူး





နော်။ ဘာတွေ ဒီလောက် အရေးကြီးနေလို့ ဒီဖုန်းပဲ မျက်လုံးမခွာနိုင် ဖြစ်နေရတာလဲ"

ဆူးက စိတ်ထဲ တကယ်ပဲ ကျလိ ကျလိ ဖြစ်လာတာကြောင့် ပါးစပ်က ထုတ်မေးလိုက်လျှင်တော့ သူက သွားအဖြူသားနှင့် ဆူးကို သွားတိုက်ဆေးကြော်ငြာတဲ့ အထာဖြင့် ပြုံးလိုက်ရင်းက ...

"မတိုက်ပါဘူးဟ။ ဒီလောက်ကတော့ ငါ သိပါတယ်။ ဟဲ ဟဲ ... အခုဟာက ငါ့ cuttie လေးနဲ့ chat နေလို့ပါ။ အေးဆေး ဝယ်စရာရှိတာသာ ဝယ်စမ်းပါ ဆူးရယ်။ မနှောင့်ယှက်နဲ့"

ဆူးက စိတ်ထဲ ဘဝင်မကျ ဖြစ်စွာဖြင့် တကယ်ပဲ အသည်းယားရလေသည်။ တစ်နေ့ တစ်နေ့ အသစ်တစ်ယောက်ဟာ အဲဒီ ဖုန်းကြီးထဲမှာပဲ မျက်လုံးမခွာနိုင် ဖြစ်နေတာကိုလည်း တကယ် စိတ်တိုရလေ၏။ အဲဒီလောက်ထိ ခပ်သည်းသည်းဖြစ်နေတာကလည်း စိတ်ထဲ ဘဝင်မကျနိုင်စရာပါ။



www.burmeseclassic.com

www.burmeseclassic.com



“နှင့်ကိုတော့ ငါ တော်တော်အမြင်ကတ်လာပြီနော် အသစ်။ မေးပါရစေဦး။ နင်နဲ့သူက ရည်းစားဖြစ်နေကြပြီလား”

“ဩော် ... ဖြစ်တော့ မဖြစ်သေးဘူးလေဟာ။ ကြိုးစားဆဲပေါ့။ ကဲပါ ... နင် ဘာမှ စပ်စုစိန် လုပ်မနေနဲ့။ ဝယ်စရာရှိတာသာဝယ်”

ဆူးက မြင်ပြင်းကတ်စွာဖြင့် သူ့ကို ထားခဲ့ကာ ရှေ့သို့ ခပ်သွက်သွက် ထွက်သွားလိုက်၍ အချိုရည်ဘူးကောင်တာဘက် လျှောက်သွားလိုက်သည်။ အအေးဘူးတွေ တွန်းလှည်းထဲ ထည့်နေစဉ်မှာ ဆူးရဲ့ပခုံးကို လက်အသာတို့ရင်း ခေါ်သံတစ်ခုက နားထဲဝင်လာသည်။

“ဆူး ...”

ဆူးက တရင်းတနှီးခေါ်သံကြောင့် လှည့်ကြည့်လိုက်လျှင် ဖေယျနောင် ဖြစ်နေတာမို့ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တာကို အံ့အားတသင့် ဖြစ်ရကာ ဆူးက ပြန်နှုတ်ဆက်လိုက်သည်။





“ဩော် ... ဖေယျပါလား။ ဈေးလာဝယ်တာလား”

“အင်း ... ဆိုပါတော့။ အောက်မှာ pizza လာဝယ်ရင်းနဲ့ မုန့်လေး ဘာလေး ဝယ်ရအောင် အပေါ်တက်လာတာ။ တိုက်တိုက်ဆိုင်ဆိုင် ဆူးနဲ့တွေ့တာဆိုတော့ ကိုယ် အရမ်းကံကောင်းတာပေါ့။ ဆူး တစ်ယောက်တည်းလား”

“အမ်း ... မဟုတ်ဘူး။ အသစ် ... အဲ ... ဖူးသစ်ညို ပါတယ်”

အသစ် ပါတယ် ဆိုတာနဲ့ ဖေယျမျက်နှာက တင်းသွားလေသည်။ အဲဒီလိုပဲ ဆူးနဲ့ ဖေယျ အခုလိုဆုံတာကို အသစ်တွေ့ရင်လည်း သေချာပေါက် မျက်နှာကြောက တင်းသွားမှာ အသေအချာပဲ ဖြစ်သည်။ ဖေယျနဲ့ အသစ်က ပြီးခဲ့တဲ့ First term စာမေးပွဲမှာ တင်ရမယ့် Assignment အတွက် အငြင်းပွားရင်း ဆိပ်တိုက် စကားများဖူးတာကြောင့် တစ်ယောက်ကိုတစ်ယောက် အစာမကြေ ဖြစ်နေတာပဲ ဖြစ်သည်။

“ဟဲ့ ... ဆူး”



www.burmeseclassic.com

www.burmeseclassic.com



ဆူးရဲ့ တွေးနေမှုမှ မဆုံးသေး။ အသစ်က ဆောင့်ကြီး အောင့်ကြီး ခေါ်သံဖြင့် ဆူးဘေးနားသို့ ရောက်လာတာမို့ ဆူကပဲ ဖေယျကို နှုတ်ဆက်လိုက်ရတော့သည်။

"ဖေယျ ... နင်လည်း ဝယ်စရာရှိတာ ဝယ်လေ။ ဆူးတို့လည်း သွားတော့မယ် ...

လာ ... လာ ... အသစ် ... သွားမယ်"

ဆူးက ရှောင်ဖို့ကြိုးစားကာ ထွက်ဖို့ခြေလှမ်းအပြင်မှာတော့ ဖေယျဟာ တကယ်ပဲ မနေနိုင် မထိုင်နိုင် လှမ်းရန်စလေသည်။

"ဆူးတို့က မိုက်တယ်နော်။ ဈေးဝယ်တာတောင် အကူခေါ်နိုင်တယ်"

"ဟောကောင် ... မင်း ဘာပြောတာလဲ"

"ဟဲ့ ... ဟဲ့ ... အသစ်"

ဆူးက အသစ်ကို လှမ်းဆွဲထားနိုင်သော်လည်း ဟိုတစ်ယောက်ကတော့ အမြင်ကတ်စရာကောင်းသော ရွဲ့ပြုံးတစ်ခုဖြင့် အသစ် မေးခွန်းကို ပြန်ဖြေလေသည်။





"မင်းကို ပြောတာမှ မဟုတ်တာ။ မင်းက ဘာတွေနာနေတာလဲ"

"ဟောကောင် ... မင်းက ငါ့ကိုပြောတာ မဟုတ်ရင် ဘယ်သူ့ကို ပြောတာလဲ။ တစ်ယောက်တည်း ပြောနေရအောင် မင်းက သောက်ရူးလား"

"ဘာကွ ... ဟောကောင်"

"ကဲ ... တော်ကြပါတော့။ နင်တို့ ဘယ်နေရာလဲ ဆိုကာကို ခေါင်းထဲ ထည့်ကြဦး။ ဖေယျ ... သွားလိုက်ပါတော့"

ဆူးက ခပ်ကျိတ်ကျိတ်အသံဖြင့် သူတို့ ဆောင်နေ နှစ်ယောက်ကြား အတင်းဝင်လိုက်ကာ ဖျန်ဖြေရတော့သည်။ ဖေယျက အသစ်ကို ကျေနပ်ဟန်တော့ မပြဘဲ တင်းမာခက်ထန်စွာ ကြည့်လိုက်ပြီးမှ ဆူးဘက်သို့ လှည့်ကာ ...

"ဆူးကို ကိုယ်က ချစ်နေတဲ့သူဆိုတော့ ဆူး စကားကို နားထောင်ပါ့မယ်။ ကိုယ် သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြေညာမောင်းက ခတ်သွားသေးကာ ပြောပြီးထွက်သွားလျှင်တော့ ဆူးက အခုမှ စိတ်သက်သာရာရဟန် ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ချိန်မှာ ဘေးကနေ ဒေါသသံက ထွက်လာလေ၏။

"အဲဒါတွေ အားလုံးက နင့်ကြောင့် ဖြစ်ရတာ ဆူးမ။ ဒီလိုအကောင်မျိုးနဲ့ နင် သွားပတ်သက်လို့"

"ဟဲ့ ... ငါက သွားပတ်သက်တာမှ မဟုတ်တာ။ ပြီးတော့ ပြဿနာက ငါ ရှာတာ မဟုတ်ဘူး။ နင် ရှာတာ။ သူများသားသမီးကို ဘာကိစ္စ(စောက်)နဲ့သွားနှိုင်းတာလဲ၊ အသစ်နော် ... အဲဒီလိုရိုင်းတာ ငါမကြိုက်ဘူး"

"ဘာ ... ဆူးချိုချို။ နင်ကများ ငါ့ကြောင့် ဟုတ်လား။ ဒီမှာ နင့်ကို ငါ အဲဒီကောင်နဲ့ လုံးဝမပတ်သက်ရဘူးလို့ ပြောထားပြီးသား။ အာ ... ရှုပ်ပါတယ်ဟာ။ ဒီကောင်နဲ့မှ မဟုတ်ဘူး။ ဘယ်ကောင်နဲ့မှ နင် မပတ်သက်ရဘူး။ နောက်တစ်ခါ အဲဒီကောင် နင့်နားကပ်လို့ကတော့ အသေ





ပဲ။ လာ ... ဝယ်စရာရှိတာ မြန်မြန်ဝယ်။ ငါပဲ တွန်းတော့မယ်"

ဟယ် ... တော်။

ဆူးက အသစ်ဖြစ်နေတဲ့ ပုံစံကိုကြည့်ကာ သဘောတကျ ပြုံးမိလို့သွားလေသည်။ အသစ် ဖြစ်နေတဲ့ ပုံစံဟာ တကယ့်ကို ဆူးအတွက် ဒေါသတွေထွက်၊ သဝန်တွေတိုနေတဲ့ ပုံစံနဲ့ တူလေသည်။ နောက်ပြီး ခုနကအထိ မျက်လုံးနဲ့ဖုန်း မခွာနိုင်ဖြစ်နေတဲ့ အသစ်ဟာ အခုတော့ ဆူးဘေးနားမှာ ခြင်းဆွဲကောင်လေး ဖြစ်လို့နေလေ၏။

ဆူးက ဘာကြောင့်ရယ် မသိပေမယ့် ပြုံးပဲ ပြုံးနေတော့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟိုမှာ အသင့်စောင့်နေပါပြီ၊ အချိန်မှန်ရထားကြီး"

ဖွဲ့က ချောမေရဲ့ နောက်ရွှတ်ရွှတ် အပြောကို ပြုံးလိုက်ရင်း ဖွဲ့ကိုစောင့်လို့နေသည့် သစ်ညိုကို အသာလှမ်းကြည့်မိသွားသည်။ သစ်ညိုဟာ တကယ်ပဲ အချိန်မှန်ရထားကြီးဟု nick name ပေးချင်စရာ ဖွဲ့ရဲ့အနီးတစ်ဝိုက်သို့ ဒီလို သင်တန်းဆင်းချိန်ဆို ရောက်,ရောက်လာတတ်သည်တာ ဖြစ်သည်။ အဲဒီလို ရောက်လာရခြင်း အကြောင်းတရားဟာလည်း ဘာအကြောင်းကြောင့်ပါဆိုတာကို တရားဝင် စာတင်ဖွင့်ပြောပြထားပြီးသားမို့ စနောက်နေကြတဲ့ သူငယ်ချင်းတွေကလည်း အထူးသတိထားပေး





ကြတာ ဖြစ်သလို ဖွဲ့ကိုယ်တိုင်ကလည်း စည်းအတွင်းကနေ အခြေအနေကို လေ့လာအကဲခတ်နေဆဲဖြစ်၏။

"ဖွဲ့ အတန်းပြီးသွားပြီလား"

ဖွဲ့ရဲ့နံဘေးနားဆီသို့ အပြုံးနုနုတစ်ခုဖြင့် ရောက်လာကာ ရောက်လာတိုင်း မေးနေကျ မေးခွန်းကို မေးတာပဲမို့ ဖွဲ့က ခေါင်းအသာညိတ်ပြကာ ...

"အင်း ... ပြီးသွားပြီ"

"ဟို ... ဖွဲ့ ... တစ်ခုခု သွားစားကြရအောင်လေ။ ဖွဲ့ ဗိုက်ဆာနေမှာပေါ့"

"ဖွဲ့သူငယ်ချင်းတွေလည်း ရှိသေးတယ်လေ"

"ဟို ... ချောမေတို့ မေမိုးတို့ကိုပါ ခေါ်ပါတယ်ဗျ"

"အမယ်လေး ... တော်ပါတယ်။ အလျှု အမြင်ကောင်းအောင် ဖွတ်ခေါ်နေတဲ့ ညှော်သည်မျိုးတော့ မဖြစ်ပါရစေနဲ့။ ကျွန်မတို့က ဒီနေ့ အလုပ်ရှိသေးလို့ တမင်ရှောင်ပေးတယ်လို့ပဲ သဘောထားပြီး နှစ်ယောက်တည်းပဲ သွားကြပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့"

ဖွဲ့က လှမ်းဟန့်ပေမယ့် အင်မတိ အင်မတန်မှ အလိုက်သိလေသော ဖွဲ့သူငယ်ချင်းမနှစ်ယောက်က သိသိသာသာ ချည်း ရှောင်ထွက်သွားလေသောအခါ ဖွဲ့မှာ အော်တို သူနှင့် တစ်ပါတီ ဖြစ်သွားရတော့သည်။ သူကတော့ အဲဒါကို အင်မတန် ကျေနပ်ပျော်ရွှင်နေဟန်ဖြင့် သဘောတကျတွေဖြစ်ကာ ...

"ဖွဲ့ ... ဘယ်ဆိုင်သွားချင်လဲ။ ဖွဲ့ ဘာစားချင်လဲဟင်"

ဖွဲ့က သိသိသာသာကြီးကို ပျော်နေရွှင်နေလေတဲ့ သစ်ညိုကို မျက်စောင်းတစ်ချက် ထိုးလိုက်ရင်း ...

"ဘယ်သူက သွားမယ် ပြောသေးလို့လဲ

"အင်း ... ဖွဲ့ကလည်း ဟိုမှာ သူငယ်ချင်းတွေကတောင် အလိုက်သိပေးနေကြတာပဲဟာ။ လာပါနော်... စကားလည်း အေးဆေးပြောရအောင်လို့ပါ။ ဟို ... ခွင့်ပြုပေးမယ်မှလား ဖွဲ့ ... နော်"

ဖွဲ့က အဲဒီလိုကြီး ခယပြနေတာကြောင့် သိပ်ပြီး လည်း အိုက်တင်ခံမနေတော့ဘဲ သူ့ကို ခပ်တည်တည် တစ်ချက်





ကြည့်လိုက်လျှင် သူ့ရဲ့မျက်ဝန်းတွေက မျှော်လင့်ချက် တစ်စုံ တစ်ရာတွေ သိပ်ဆန်လွန်းနေတာမို့ ဖွဲ့က သူ့အကြည့်တွေ ရှောင်လွှဲလိုက်ရင်း ...

"ကောင်းပြီလေ။ ဖွဲ့ အချိန်တော့ သိပ်မရဘူးနော်။ ဘယ် ဆိုင်သွားမှာလဲ။ နင့်ကား အရှေ့ကသွားလိုက်။ ဖွဲ့အနောက် က လိုက်ခဲ့မယ်"

"အင်း ... ဟိုဟာ ... အဲဒါဆိုလည်း ဒီနီးနီးနားနားက ပုလဲကွန်ဒိုပဲ မောင်းလိုက်မယ်လေ။ အဲဒီက Snow factory ပဲ ဝင်လိုက်ရင် ကောင်းလား။ ဖွဲ့ ကြိုက်တယ် မှလား"

"အင်း ... သွားလေ"

ဖွဲ့ကပဲ ရှေ့က ဦးဆောင်ကာ ထွက်သွားလျှင် သူက ခပ်သုတ်သုတ် လိုက်လာလေ၏။

❋❖❋



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့က သူ့မျက်လုံးထဲမှာ အရမ်းကို နုဖပ်ချစ်စရာကောင်းလှနေစွာ ကော်ပတ်ရုပ်လေး တစ်ရုပ်လိုပဲဖြစ်၏။ သူက ဖွဲ့ရဲ့မျက်နှာကိုသာ တမေ့တမော ငေးနေတာကြောင့် ဖွဲ့က သူ့ကို လက်လှမ်းပြရင်း ...

"Hi ... သစ်ညို ... ဒီနေ့ ဒီလိုပဲ ထိုင်နေရမှာလား။ ဖွဲ့ အချိန်သိပ်မရဘူးနော်"

ဖွဲ့ သတိပေးမှ သူက ပိုးပမ်းရမယ့် ကိစ္စကို သတိဝင်လာကာ ဖွဲ့ရဲ့အလုထဲမှာ စကားမပြောဘဲ နစ်မြောနေရာကနေ သူက လှုပ်လှုပ်ရွရွ ဖြစ်လာကာ ...

"ခဏ ... ခဏလေးပါ ဖွဲ့ရယ်။ ကိုယ့်ဘက်က ဖွဲ့ကို ပြောစရာတွေ ရှိနေသေးလို့ပါ"





"ဘာတုံး"

"ဖွဲ့ဆီက အဖြေရဖို့ ကိစ္စလေ"

သူ့စကားကြောင့် ဖွဲ့က မျက်လုံးလွှဲလိုက်ကာ အဓိပ္ပာယ်မရှိ ဖုန်းရဲ့ Lock Screen ကို ဖွင့်ကြည့်နေ၏။ ပြောရမယ်ဆိုရင်တော့ သူနဲ့ဖွဲ့က တစ်ယောက်ကို တစ်ယောက် တွေ့ကြတာ မကြာသေးဘူး ဆိုပေမယ် သူ့ရင်ထဲက အတတ်သိနေတာကတော့ ဖွဲ့က သူ့ရဲ့ချစ်သူ မိန်းကလေးဖြစ်လာမယ် ဆိုတာပဲဖြစ်သည်။ သစ်ညိုက ဖွဲ့ ဘာမှပြန်မဖြေသေးတာကြောင့် ဖွဲ့ကို မရဲတရဲ ထပ်ခေါ်မိသွားသည်။

"ဖွဲ့ ... ဖွဲ့ ... တစ်ခုခု ပြောဦးလေ"

"ဘာကို ပြောရမှာလဲ"

"ကိုယ် ဖွဲ့ဆီက အဖြေ ..."

"အဲဒါက လိုသေးတယ်။ တော်တော်လိုသေးတယ်။ အဲဒီအကြောင်း ဆိုရင်တော့ ဖွဲ့ ဘာမှ မစဉ်းစားရသေးဘူး"

"ဖွဲ့ရယ် ... ကိုယ်ကလေ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စကားသံ ပြတ်သွားရအောင် သူဘောင်းဘီအိတ်ကပ်ထဲ ထည့်ထားတဲ့ ဖုန်းရဲ့ Vibrate က ဗွတ်တုန်နေကာ Ring က မြည်လာတာကြောင့် စကားစက ပြတ်ကာ သူက ကျစ်ခနဲ စုပ်သပ်ကာ ဖွဲ့ကို "ခဏနော်"ပြောရင်း ဖုန်းကို ကြည့်လိုက်သည်။ ဟား ... အနှောင့်မ ... ဆူးမ။ သစ်ညိုက မကိုင်မချင်း ခေါ်မှာ သိနေတဲ့ ဆူးရဲ့ဖုန်းကို ကိုင်လိုက်ကာ ဟိုဘက်က ဘာမှ မပြောရသေးခင်မှာ သူက လိုရင်းနဲ့ တိုရင်း ပြောချလိုက်တော့သည်။

"ဟယ်လို"

"ဟဲ့ ... ငါ ဒီမှာ အရေးတကြီးကိစ္စ ရှိနေတယ်။ နင့်ဘက်က ဘာပဲအရေးကြီးကြီး နောက်မှပြောတော့။ ငါ ပြန်ဆက်ပေးမယ်။ ဒါပဲ"

သစ်ညိုက ဆူးဆီက စကားပြန်အပြော စောင့်မနေတော့ဘဲ အပြတ်ပြော ဖုန်းချလိုက်လျှင် သူ့ရဲ့ဂဟက်ထနေမှုကို ဖွဲ့က အကဲခတ်နေတာမို့ သူက ဖွဲ့ကို ရယ်ပြလိုက်ရင်း ...





"အဟဲ ... ဆော ... ဆောရီးနော် ဖွဲ့"

"အင်း ... ကိစ္စမရှိပါဘူး။ ဖုန်းကလည်း ပြောလို့ရပါတယ်"

"ဩော် ... ရတယ်။ ကိစ္စမရှိဘူး။ သူငယ်ချင်းဆက်တာပါ။ အရေးမကြီးပါဘူး"

"အင်း ... သူငယ်ချင်းကို တော်တော်နိုင်တဲ့ ပိုင်တဲ့ ပုံပဲနော်။ ဒါပေမဲ့ အဲဒီလိုကြီးတော့ မပြောပါနဲ့။ ကိုယ်က ပိုင်တယ်ဆိုပြီး ပြောလိုက်ပေမယ့် တစ်ဖက်သားက ခံစားသွားရမှာပဲလေ။ မနာဘူး ဆိုရင်တောင် ဆစ်ခနဲတော့ ဖြစ်သွားမှာပဲ ...

လူတစ်ယောက်ရဲ့ဘဝမှာ အရေးကြီးဆုံးက စိတ်ပဲ။ အဲဒီစိတ်မချမ်းမသာ မကြည်မသာ ဖြစ်တယ်ဆို ဘာမှ အဆင်မပြေနိုင်တော့ဘူး"

ဖွဲ့ရဲ့ဆရာမကြီးလေသံလေးကိုပဲ သူကစတင်ချစ်မိစိတ်ဝင်စားမိရတာမို့ သူက အဲဒီအပြောလေးကိုပဲ ပို၍ ချစ်မိရတာ ဖွဲ့ ပြောနေပုံကို တမေ့တမောကြည့်ရင်း ဖွဲ့ရဲ့အဆုံးသတ်



www.burmeseclassic.com

www.burmeseclassic.com



စကားလေးကို အကျပြန်ကောက်၍ သူက အခွင့်အရေး ပြန်ယူရသည်။

"ဟုတ်တယ် ... ဖွဲ့ပြောသလို လူတစ်ယောက်ရဲ့ဘဝမှာ စိတ်က အရေးကြီးဆုံးပဲ။ ကိုယ်လည်း ဖွဲ့ရဲ့စိတ်ကြောင့် Emergency ဖြစ်နေပြီ။ ဖွဲ့ကယ်မှပဲ ရတော့မယ်"

ဖွဲ့က သူ့ကို မျက်စောင်းတစ်ချက် ကဲလိုက်ရင်း...

"အမယ် ... တော်တော်လည်တယ်နော်။ သူငယ်ချင်းအတွက် ပြောတာကနေ သူ့ဆီကို topic က ချက်ချင်းကြီးကို ချိန်းပလိုက်တာပဲနော်"

"ဒါကတော့ ဖွဲ့ကိုချစ်တာကိုး။ ဘာပဲပြောပြော အချစ်ကိုပဲ ဦးတည်ရတာပေါ့"

ဖွဲ့က သူ့ရဲ့စကားကြောင့် သဘောတကျ ရယ်နေလေ၏။ ဘာပဲဖြစ်ဖြစ် ဖွဲ့ဆီက အဖြေရဖို့ရာ ရာခိုင်နှုန်းက များတယ်ဟု မျှော်လင့်လို့ ရတာကြောင့် သူဟာ ပျော်လို့ ရွှင်လို့နေရတာ ဖြစ်သည်။ အဲဒီညနေကတော့ ဖွဲ့က လိမ္မာပါးနပ်စွာ သူ့ကို ရှောင်ရင်း ပတ်ရင်း သားချော့တေးလုပ်သွားကာ သူဟာ ဖွဲ့နှင့်တရားဝင်သမီးရည်းစားဖြစ်ခွင့် ရရှိရေးကို ဝှပ်ဝှပ်ရွဲ့ရွဲ့ ကြိုးစားနေရရှာတာဖြစ်သည်။

❋ ❖ ❋







www.burmeseclassic.com

www.burmeseclassic.com



ဆူးရဲ့အနောက်သို့ အသည်းနဲ့မှ အသန် အခုလိုမျိုး တကောက်ကောက်လိုက်နေသောအခါမှာတော့ ဆူးက တကယ်ပဲ နေရထိုင်ရ ခက်ခဲတာဖြစ်။ ဖေယျနောင်ဟာ ဒီတလောမှာမှ ဆူးကို သိသိသာသာကြီး ကြိုးစားနေတာမို့ ဆူးဟာ ရှောင်နေပါသော်လည်း သူက ဆူးရှေ့ပဲ ရောက်,ရောက်လာတာကြောင့် စိတ်က လိုအပ်တာထက် ပိုရှုပ်ထွေးရတာပဲဖြစ်သည်။

"ဟဲ့ ... ဆူး ... နင် စိတ်အနှောင့်အယှက် ဖြစ်တယ်ဆိုရင်လည်း သူ့ကို အပြတ်ပြောလိုက်လေ"

"ပြောနေတာပဲဟာ။ အခုဟာက လွန်လာလပြီ။ ငါတို့သွားရာ တကောက်ကောက် လိုက်နေတာကတော့ တကယ်ဖောင်းလိတယ်"





ဆူးက တကယ်ပဲ စိတ်ဆိုးလာတာကြောင့် ချို့တို့ကို ပြောမိသွားလျှင် ချို့က ဖေယျနောင်ကို အနောက်မှာ ရှိသေးလား ဘာစ်ချက်လှည့်ပြန်ကြည့်လိုက်ပြီးမှ ဆူးကို ခပ်ကျိတ်ကျိတ်လေသံဖြင့် ပြောကာ အကြံပြုလေသည်။

"အဲဒါများ လွယ်လွယ်လေးပါ ဆူးရယ်။ နင့်ဘဲကို သူနဲ့ မိတ်ဆက်ပေးလိုက်ပေါ့။ အဲဒါဆို အော်တို သူက အခွင့်အရေးမရှိတော့ဘူးဆိုတော့ နင့်နောက်လိုက်နေလည်း ဘာမှ မထူးဘူးဆိုတာ သူ understood ဖြစ်သွားပြီး လိုက်တော့မှာ မဟုတ်ဘူး။ နင် အသိသာ ပေးလိုက်တော့"

ချို့ရဲ့စကားကြောင့် ဆူးက နားလည်ပေမယ့် နားလည်ဖြစ်တာမို့ ချို့ကို နားမရှင်းတာ ပြန်မေးရသည်။

"ဘယ်လို ... ဘယ်လို ... ငါက ဘယ်သူနဲ့ မိတ်ဆက်ပေးရမှာ"

"ဩော် ... နင့်ဘဲလေဟာ"

"ငါ့ဘဲ ... ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆူးက ကိုယ့်ဘာသာတောင် မသိလေတဲ့ ဘဲအတွက် မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ပြန်မေးရလေတာကြောင့် ချိုက သဘောတကျ ရယ်မောကာ ဆူးရဲ့လက်မောင်းကို ဖျတ်ခနဲ ရိုက်ရင်းက ...

"ဆူး ... နင်ကလည်းလေ ... အခုထိ ဒိုင်လျှိုချင်နေတုန်းနော်။ မသိတာ မှတ်လို့။ ငါက နင့်အတွက် ပြောတာ။ ဇေယျက တစ်ချိန်လုံး နင့်နောက်လိုက်လာနေရင် နင်ပဲ စိတ်ရှုပ်ရမှာ။ အဲဒါကြောင့် ငါက ဇေယျနောင်နဲ့ ဖူးသစ်ညို ကို မိတ်ဆက်ပေးခိုင်းတာ။ နောင်လည်း သိရမယ့်အတူတူ အခုသိလည်း ဘာဖြစ်လဲ။ နင့်ကို သူ မနှောင့်ယှက်တော့ဘူးပေါ့"

"ဘယ်လို ... ဘယ်လို ... ဘယ်သူနဲ့ မိတ်ဆက်ရမယ်။ ဖူးသစ်ညိုနဲ့ ဟုတ်လား"

"အေးလေ။ အမယ်လေး ... မင်းသမီးရယ်။ လျှိုနေပြန်ပါပြီ။ ငါက စေတနာနဲ့ အကြံပေးတာ။ နင် အဲဒီလိုမှပဲ ကိစ္စက ပြတ်မှာဟ"





ချိုက အရင်ကတည်းက အသစ်နဲ့ ဆူးကို ရည်းစားတွေလို့ပဲ ထင်တာကြောင့် ဇွတ်ကို အကြံပေးတာမို့ ဆူးက တကယ့် ကျဉ်းထဲကျပ်ထဲ ရောက်ရတာဖြစ်၏။

"ငါ အကောင်းပြောတာ ဆူး။ နင် အဲဒီလိုအတိုင်း ဆက်သွားနေရင် ဟိုတစ်ယောက်ကို မျှော်လင့်ချက်ပေးနေသလို ဖြစ်နေမယ်နော်"

ချိုက ထပ်မံတိုက်တွန်းတာကြောင့် ဆူးက လေပူတစ်ချက် မှုတ်ထုတ်လိုက်ကာ ခပ်တိုးတိုး ဖြေပေးလိုက်သည်။

"အေးပါဟာ။ ဒီနေ့တော့ ထားလိုက်ပါတော့။ နောက်တစ်ခေါက်ပေါ့"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



lecture ချိန် ပြီးသွားတဲ့နောက်မှာ နောက်အချိန်က ဆရာ မဝင်တာကြောင့် ဆူးတို့က အတန်းကနေထွက်ကာ ကန် တင်းသွားမှာ ဖြစ်တာကြောင့် ဆူးက အသစ် viber chat နေ သော်လည်း မကောင်းတတ်၍ မေးတော့ မေးလိုက်ရသည်။

"ဟဲ့ ... အသစ် ... ငါတို့ ကန်တင်းသွားမလို့။ လိုက်ဦး မလား"

"အင်း ... သွားမယ်လေ။ ငါလည်း ဗိုက်ဆာနေတာ အတော်ပဲ။ သွားနှင့် ... ငါလိုက်လာခဲ့မယ်"

"အေး ... အေး"

ဆူးက ခေါင်းညိတ်ပြကာ ချို့နဲ့အတူတူ အတန်းပြ ထွက်လာခဲ့တော့သည်။ ကော်ရစ်တာဘက် ရောက်တာနဲ့ ချို စတင်ဝေဖန်ရေးလုပ်တော့တာပဲ ဖြစ်သည်။





"ဖူးသစ်ညိုက အခုတလော အဲဒီဖုန်းပဲ တစ်ချိန်လုံး အာရုံရောက်နေတာနော်။ ဘယ်သူနဲ့ chat နေတာလဲ မသိဘူး။ နင် checking လေး ဘာလေး ဝင်ဦး"

"နင်ကလည်း ငါတို့က ဘာမှမှ မဟုတ်တာ"

"ဟင်း ... ဖောပြန်ပြီ။ ငါ သိနေပါတယ် ဆူးရယ်။ နင်က ဖူးသစ်ညိုကို နိုင်တယ်။ ဖူးသစ်ညိုက နင့်ကို ဒီလောက် အလိုလိုက် နင့်သဘော ဖြစ်နေတဲ့ဟာ၊ ဒါ သူငယ်ချင်းလား၊ နင်တို့ တစ်ယောက်ကို တစ်ယောက်က ဘယ်လောက် ဂရုစိုက်တယ်ဆိုတာ သိနေတာပဲ။ အခုတောင် ကန်တင်းကို တစ်ယောက်တည်း သွားမစားရက်လို့ ခေါ်ရသေးတယ် မဟုတ်လား"

"ဆူး"

ဆူးက ချို့စကားတွေကို တုံ့ပြန်ခြင်းမရှိဘဲ နားထောင်နေချိန်မှာ အနောက်က ခေါ်သံကြောင့် ကြည့်လိုက်မိလျှင်

www.burmeseclassic.com



ဖေယျနောင် ဖြစ်နေတာမို့ ဆူးက အာရုံတော့ နည်းနည်းနောက်လို့ သွားရလေသည်။

"ဘယ်သွားမလို့လဲ"

"ဟိုဟာ ... ကန်တင်း ခဏ"

"ကိုယ် လိုက်ခဲ့မယ်လေ။ ဆူးနဲ့လည်း စကားပြောစရာလေးတွေ ရှိနေလို့"

ဆူးက အတင့်ရဲလာစွာ ပေါ်တင်ကြီးကို ခွင့်တောင်းလာတာမို့ ပို၍စိတ်ရှုပ်မိသွားစွာဖြင့် လေပူတစ်ချက် မှုတ်လိုက်ရင်း ခပ်ပြတ်ပြတ်ပဲ ပြောလိုက်တော့သည်။

"ဆူးတို့က ကိုယ့်ဘာသာ အေးဆေးသွားချင်တာ။ ဖေယျလည်း ကိုယ်သွားစရာရှိတာ သွားပါ။ ဆူးကို လာမနှောင့်ယှက်ပါနဲ့။ ချို သွားမယ်"

ဆူးက အပြတ်ပြောကာ လှည့်အထွက်မှာ တစ်ထပ်တည်းကျ တိုက်ဆိုင်စွာပင် ဆူးရဲ့လက်တစ်ဖက်ကို ဖေယျက လှမ်းအဆွဲ၊ ဆူးကလည်း အံ့အားသင့် ဒေါသဖြင့် ပြန်အလှည့်မှာ





ဆူးတို့ဆီ အသစ်က ရောက်လာကာ အဲဒီအဖြစ်အပျက်ကို အစအဆုံး မြင်တာမို့ ဆူးက ရှက်လည်းရှက် ဒေါသလည်း ဖြစ်ရကာ ဖေယျလက်ကို ပုတ်ထုတ်ဖြုတ်ချပစ်လိုက်တော့သည်။

"နင် အဲဒါ ဘာလုပ်တာလဲ ဖေယျနောင်"

"ဆောရီးပါ ဆူးရာ။ ဆူးကို ချစ်လို့"

ဖေယျနောင်ရဲ့စကားတောင် မဆုံးသေးခင်မှာ ဖြစ်သွားတာကတော့ အသစ်က ဆူးနှင့် ဖေယျနောင်ကြားထဲ ဝင်ချလာကာ ဖေယျရဲ့အင်္ကျီကို ဆောင့်ဆွဲရင်း အားလုံးရှေ့မှာ ကြေညာလိုက်တာဖြစ်သည်။

"ဟော့ကောင် ... ချစ်လို့ မရဘူး။ မင်း ချစ်စရာလည်း မလိုဘူး။ ဆူးက ငါ့ချစ်သူ။ မင်း နောက်တစ်ခါ ဒီပုံစံမျိုး ထပ်လုပ်လို့ကတော့ မင်း အသေပဲ ဟော့ကောင်"

"ဟာ ... ဟာ ... ဟိုမှာ ရန်ဖြစ်နေတယ်။ ဟော့ကောင်... ဟော့ကောင် ... သစ်ညို မလုပ်ပါနဲ့ကွာ။ အချင်းချင်းတွေဟာ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ရဲ့ ရှန်းရင်းဆန်ခတ် အခြေအနေကို ကျောင်းသားတွေက အပြေးရောက်လာကာ လူစုခွဲလိုက်လျှင် ဆရာ ဆရာမတွေ ရောက်မလာခင်မှာ မီးစက ငြိမ်းသွားလေသည်။ အသစ်က ဆူးဘက်သို့ လှည့်လာကာ ...

"နင့်ကို မပတ်သက်နဲ့လို့ ပြောထားရက်နဲ့။ အခုလို နင်နဲ့ ဖြစ်တော့ ငါနဲ့ပဲ တည့်ရတာ။ တောက်"

အသစ်က ဆူးကို စိတ်ဆိုးမာန်ဆိုးဖြင့် အော်ငေါက်ကာ အဆစ်အနေနဲ့ တောက်တောင် ခေါက်သွားသေးသည်။ သူက စိတ်တိုစွာ ထွက်သွားလေသော်လည်း ဆူးကတော့ အဲဒီအတိုင်း တုံ့ဏှိဘာဝေ ရပ်နေမိသည်။

"ဟယ် ... သစ်ညိုက တော်တော်စိတ်ဆိုးသွားတာနော်။ နင့်ကို သူက တော်တော်သဝန်တိုတာပဲ။ အခုတော့ နင်တို့ ချစ်သူတွေဆိုတာ လိမ်လို့မရတော့ဘူးနော် ဆူး။ ကဲ ... လာ ... လာ ... သွားကြမယ်။ ဖူးသစ်ညိုကို နင် လိုက်ချော့လိုက်ဦး"





ရှိုက သူ့ဘာသာသူ တစ်ကိုယ်တည်း ပြောနေပေမယ့် ဆူးကတော့ ရင်ထဲမှာ တစ်မျိုးတော့ဖြစ်ကာ ဘာမှန်းမသိသော်လည်း သေချာတာက ရင့်မှာ ကျေနပ်နေတဲ့သဘော ဖြစ်နေတာဖြစ်သည်။

အသစ်က အများသူငှာရှေ့မှာ ဆူးက သူ့ရဲ့ချစ်သူပါလို့ ကြေညာလိုက်ခြင်းအပေါ်ကို ဆူး အင်မတန်မှ ရှော့ရလိုက်တာပဲဖြစ်သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ဆူးက facebook က Newsfeed တွေ ဖတ်နေတုန်းမှာ ဖုန်းဝင်လာတာကြောင့် ဆူးက ချို့ဆီကဖုန်း ဖြစ်နေတာမို့ ကျွတ်ကျွတ်တွေ လုပ်မနေတော့ဘဲ ဖုန်းခပ်မြန်မြန်လေး ကိုင်လိုက်သည်။

"ဟယ်လို"

"ဆူးရေ ... နင် အခု ဘယ်မှာလဲဟင်"

"ငါလား ... အခု အိမ်မှာလေ။ ပြော"

"ဟို ... ဟိုဟာလေ ... ငါ ..."

ချို့ရဲ့ အထစ်ထစ် အငေါ့ငေါ့ လေသံကို နားထောင်ကြည့်ရတာဟာ တစ်ခုခုဆိုတာ အရမ်းသိသာနေတာမို့ ဆူးက ပို၍တောင် စိတ်ဝင်တစား ဖြစ်လာရကာ ချို့ကို မေးရတော့သည်။





"ဟဲ့ ... ချို ... ဘာလဲ။ ပြောပါ ... ငါ ရင်တောင်တုန်လာပြီ"

"ဟို ... ဟိုဟာလေ ... ငါက နင်တို့ကို ပြဿနာတက်ပါစေဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ ပြောတာမျိုး မဟုတ်ဘူးနော် ဆူး"

"အေး ... အေးပါဟယ်။ ဘာ ... ဘာလဲဟင်"

"ဟို ... ဟိုဟာလေ။ ငါ အခု Her's မှာ။ ယုဆွေတို့နဲ့ အတူတူလာတာ။ အဲဒါလေ ဒီမှာ ငါ ဖူးသစ်ညိုကိုတွေ့လိုက်လို့။ သူ ... သူ တစ်ယောက်တည်း မဟုတ်ဘူး"

ဆူးက ချိုတစ်ယောက် ဘာပြောချင်နေတယ်ဆိုတာ နားမလည်သေးစွာဖြင့် ထပ်မေးရလေ၏။

"အင်း ... တစ်ယောက်တည်း မဟုတ်ဘူးဆိုတော့ သူက ဘယ်သူနဲ့ လာတာမို့လို့လဲ"

"ဟို ... ဟို ... သူ့ကောင်မလေးနဲ့။ သူ့ကောင်မလေးက ယုဆွေတို့နဲ့က သူငယ်ချင်းပဲ။ နောက်ပြီး ဖူးသစ်ညိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတစ်ယောက်က ငါ့ရှေ့မှာတင် ပေါ်တင်တွဲပြနေတာ။ မြင်ရတာ ဒေါသထွက်စရာပဲဟာ။ သည်းနေလိုက်ပုံများ။ ငါ ဒီကိစ္စကို နင့်ကို ပြောမှဖြစ်မယ်လို့ ထင်လို့ ပြောတာ။ ငါ့ကို စိတ်မဆိုးပါနဲ့နော်"

ကြားနေရတဲ့ စကားတွေက ဆူးရဲ့ရင်တွေကို တလှပ်လှပ် တုန်နေစေကာ ချွေးစေးတွေတောင် ထွက်လာသလို ခံစားရလေသည်။ ချို ရိပ်မိသွားမှာ စိုးတာကြောင့် ဆူးက ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက်ရင်း ...

"ဩော် ... ဟုတ်လား။ အေး ... အေး ...။ အခုလို ငါ့ကို သတိပေးတာ ကျေးဇူးအများကြီး တင်ပါတယ်ဟာ"

"အေးပါဟာ။ ငါက နင်သိအောင် ပြောပြတာပါ။ အဲဒါဆို ဒါပဲလေ။ ငါ နောက်မှပဲ ပြန်ဆက်တော့မယ်"

ချိုက စကားစဖြတ်လိုက်ကာ ဖုန်းချသွားပေမယ့် ဆူးကတော့ မပြီးနိုင် မစီးနိုင်တဲ့ စိတ်ခံစားမှုများနဲ့ အတောင့်သား ကျန်နေခဲ့ပြီဖြစ်သည်။ ချို ပြောသလိုဆို အသစ်နဲ့ အခုတွဲ





နေတဲ့ ကောင်မလေးက ယှဉ်တွဲ သူငယ်ချင်းဆိုတော့ အဲဒါဟာ အသစ် ဟိုတစ်ခါပြောတဲ့ ထူးထူးဖွဲ့ပေါ့။ သူတို့နှစ်ယောက်က ရည်းစားတွေ ဖြစ်သွားကြပြီလား။

အဲဒီကိစ္စကို ဆူးကို ဘာဖြစ်လို့ မပြောပြရတာလဲ။ အသစ် ရည်းစားရသွားတယ်ဆိုတဲ့ ကိစ္စဟာ တကယ်ကို အနီးဆုံးဖြစ်တဲ့ ဆူးက အသိသင့်ဆုံးပဲ မဟုတ်ဘူးလား။ နောက် ... နောက်ပြီးတော့ ...။

ဆူးက ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်အောင် အောင့်မျက်လို့လာကာ မပြီးနိုင်မစီးနိုင် ဆင့်ပွားတွေးတောနေရင်း မျက်ရည်က သူ့အလိုလို ကျမိလာသည်။ ဆူးက ပါးပြင်ပေါ်က စိုစွတ်စွတ် ခံစားမှုကြောင့် ကိုယ့်ပါးကိုယ် လက်နဲ့စမ်းကြည့်မိကာ မျက်ရည်ကျမိခြင်းအပေါ်ကို ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩလို့က မဆုံးတော့ပေ။

"ငါ ... ငါ ... ဘာဖြစ်တာလဲ။ ဘာဖြစ်လို့ မျက်ရည်က ကျလာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆူးက ကိုယ်တစ်ယောက်တည်း ရေရွတ်မိရင်းရင်ထဲမှာ ပို၍ လှိုက်ဆို့ဝမ်းနည်းတတ်လာသည်။ သူငယ်ချင်းကရည်းစားရတဲ့ကိစ္စဟာ အဲဒီလောက်တောင် ခံစားရလို့လား။ ဟင့်အင်း ... အဲဒါတွေ ဘာမှမသိတော့။ ဆူး ဝမ်းနည်းအားငယ်လာသလို လူတစ်ကိုယ်လုံးလည်း ခွန်အားတွေ မရှိတော့သလိုကြီးခံစားနေရကာ မျက်ရည်တို့က သူ့အလိုလို ကျလို့လာလေ၏။

ဟောဒီ ကမ္ဘာလောကကြီးမှာ ဆူး ဘာလို့ကျန်နေသလို ခံစားရမှန်းလဲ ဘာသာမပြန်တတ်စွာ ဝမ်းနည်းမှုကသာဆူးရဲ့တစ်ကိုယ်လုံးကို ကြီးစိုးလို့ ထားလေတော့သည်။

❋ ❖ ❋





ဒီနေ့ဟာ သူ့အတွက်ကတော့ အပျော်တွေစုနေတဲ့နေ့ ဖြစ်လေသည်။ သူ ဒီကနေ့ မြင်သမျှ တွေ့သမျှ အရာရာဟာ အင်မတန်မှကို လှပတနေကာ အားလုံးက အကောင်းမြင်ချင်စရာတွေချည်းပဲ ဖြစ်၏။ အဲဒီလောက်အထိ သူ ရှစ်တက်အပျော်လွန်နေရခြင်း အကြောင်းတရားကိုလည်း မေးကြည့်လိုက်ဦးလေ။ ဒီနေ့မှာ သူရဲ့ရင်ခုန်သံလေး ဖွဲ့က တရားဝင် Yes လိုက်တာကြောင့် သူနှင့် ဖွဲ့ဟာ ခေတ်သစ်အာဒမ်နှင့်ဧဝ ဖြစ်ကာအချစ်မြို့ကို စတင်ခြေလှမ်းပြင် ဝင်လာခဲ့ကြတာဖြစ်၏။

အဲဒါကြောင့် သစ်ညိုက အပျော်တွေလွန်ကာ အရာရာက သာသာယာယာ ဖြစ်လို့နေတာပဲဖြစ်သည်။ သူက အိမ်



www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာတော့ ဆူးမကို ကြွားနိုင်ပြီ ဖြစ်တာကြောင့် ကောင်းကောင်းကြွားလို့ရအောင် ဆူးအကြိုက် lotteria က ကြက်ကြော်တွေတောင် ပါဆယ်ဆွဲလာခဲ့တာဖြစ်၏။

သူ အိမ်ကိုပြန်ရောက်တဲ့အချိန်မှာ ဖေဖေနဲ့ မေမေက အပြင်က ပြန်မရောက်သေးတာ မို့ သူက ဆူးရဲ့အခန်းတံခါးရှေ့မှာ အော်ကြီးဟစ်ကျယ်တွေအော်ခေါ် တံခါးခေါက်လိုက်တော့သည်။

"ဟေ့ ... ဆူး ... ဆူးမ ... ကျောင်းပိတ်ရက် အခန်းထဲအောင်းပြီး အဘွားကြီး လုပ်မနေနဲ့။ နင် ထွက်ခဲ့ဦး။ ငါ နင့်ကို ပြောစရာရှိတယ်။ ပြီးတော့ နင်စားဖို့ ကြက်ကြော်တွေပါ ဝယ်လာတယ်။ ငါ ဧည့်ခန်းထဲမှာ စောင့်နေမယ်။ မြန်မြန်ထွက်ခဲ့"

"အေး ... အေး"

သစ်ညိုက ဧည့်ခန်းထဲသွားကာ ဆူးမအလာကို စောင့်နေလိုက်သည်။





ဆူး ထွက်လာလျှင် သူက တုံ့နှေးနှေး လာနေတဲ့ ဆူးမကို စိတ်က မရှည်တော့စွာဖြင့် လှမ်းဆွဲခေါ်ရင်း သူ့ဘေးမှာ ထိုင်စေလိုက်ရင်း ...

"ကဲ ... လာ ထိုင်စမ်းပါဦးဟာ။ ဟဲ ... ဟဲ ... ငါ နင့်ကို ကြွားစရာရှိတယ်။ ရော့ ... ဒီမှာ ... ကြက်ကြော်ဝယ်လာပေးတယ်။ နင့်ကို ဒီနေ့ ငါ ကြွားစရာတွေမှ တစ်ပုံတစ်ပင်ကြီး"

"ဘာလဲ ... ဘာကြွားမှာလဲ"

ဆူးရဲ့မျက်နှာက မှုန်ကုပ်ကပ်မို့ သူက ဆူးရဲ့ဆံပင်တွေ ရှုပ်ဖွပစ်လိုက်ရင်း ...

"မင်္ဂလာရှိတဲ့ စကားကို ပြောမှာဟ။ ရှုပုပ်ပုပ် နားမထောင်နဲ့။ ပြုံးပြုံးရွှင်ရွှင် နားထောင်စမ်းပါ"

"ဘာလဲဟာ။ ပြော ... နားထောင်နေတယ်"

"ဟဲ ဟဲ ... အဲဒီလိုမှပေါ့ဟ။ ဒီနေ့ ... ငါနဲ့ဖွဲ့ ရည်းစားဖြစ်သွားကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဆူးရဲ့အသံက ဆောင့်ကြီးအောင့်ကြီး ထွက်လာတာမို့ သူတောင် နည်းနည်းတော့ လန့်သွားရသည်။

"ဟဲ့ ... ဘာဖြစ်တာလဲ။ လန့်လိုက်တာ။ အဲဒီလောက် ထအော်ရလား"

"ငါ ... ငါ ... အံ့သြသွားလို့ပါ"

"အမယ်လေးဟာ။ အံ့သြတာကလည်း။ ဒီ ကြက်ကြော်က ငါနဲ့ဖွဲ့ ရည်းစားဖြစ်တဲ့နေ့ အထိမ်းအမှတ် ကျွေးတာနော်။ နောက်နေ့ ဖွဲ့နဲ့ နင့်ကို မိတ်ဆက်ပေးမယ်"

"အင်း ... ငါလည်း မြင်ဖူးချင်ပါတယ်"

"အေး ... ပြီးရော။ အဲဒါဆို ဖွဲ့အားမယ့်နေ့ ငါ နင်နဲ့ဆုံပေးမယ်။ ငါ ရေသွားချိုးတော့မယ်ဟာ"

ဆူးက ခေါင်းတစ်ချက် ညိတ်ပြလိုက်လျှင် သူက သွက်လက်တက်ကြွစွာဖြင့် အပေါ်ထပ်ကို ပြေးတက်သွားလိုက်သည်။





ဘဝမှာ ချစ်သူတစ်ယောက် ရလာပြီဆို အရမ်းကို ကြည်လင်သာယာတဲ့ ခံစားချက်မျိုးနဲ့ တကယ် ပျော်ရွှင်ဖို့ကောင်းလှလေသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ရဲ့ သမီးရည်းစားဘဝဟာ သာမန်လိုပဲ ပုံမှန်ဖြတ်သန်းဖြစ်ကာ အရှိမ်းပဲ သာသာယာယာ ရှိလှလေသည်။ ဖွဲ့ကို သူက ဆူးနဲ့လည်း မိတ်ဆက်ပေးထားချင်သေးတာကြောင့် ဖွဲ့ဆီက ခွင့်ပြုမိန့်တောင်းလို့ ရလျှင်တော့ သူဟာ ဖွဲ့နှင့်ဆူးကို ဆုံပေးဖို့ရာအတွက် ဆူးကို သူက အိမ်ရောက်တာနဲ့ ပြောလိုက်တော့သည်။

"ဆူး ... မနက်ဖြန်ကျရင် နင်နဲ့ဖွဲ့ကို မိတ်ဆက်ပေးမလို့"

"ဩော် ... အေး ... ရတယ်လေ"

"အင်း ... သူ့ကို ကျောင်းခေါ်ထားတယ်လေ။ ကျောင်းမှာ ယူဆွေတို့နဲ့လည်း ဖွဲ့က သူငယ်ချင်းတွေဆိုတော့ ကျောင်းပဲ ချိန်းထားလိုက်တာ"





"အေး ... အေး ... တွေ့တာပေါ့။ ဟဲ့ ... ဒါနဲ့ နင့်လက်က လက်စွပ်က"

ဆူးပြောမှ သူက သူ့လက်သူကြွယ်က လက်စွပ်လေးကို ငုံ့ကြည့်မိသွားသည်။ ဟုတ်သားပဲ ... ဒါ ဒီနေ့မှ ဖွဲ့နဲ့သူ ဆင်တူဝယ်ထားတဲ့ လက်စွပ်လေး။ သစ်ညိုက မြင်တတ်လွန်းတဲ့ ဆူးမကို ဟန်ပါပါလေး ကြွားလိုက်ရင်း ...

"ဟဲ ဟဲ ... နင်က သိပ်မြင်တတ်တာပဲ။ နင်နဲ့ ဟိုတစ်ခါသွားဝယ်တဲ့ဆိုင်က ဝယ်လာတာ။ ဖွဲ့နဲ့ ငါနဲ့ ဆင်တူဝတ်ထားတာလေ"

"အမယ်လေး ... Romantic တွေ ဆန်နေပြန်ပြီ"

"ဒါကတော့ ချစ်တာကိုးဟ"

သစ်ညိုက ပျော်ရွှင်တက်ကြွစွာ ပြောသွားပြီး အပေါ်တက်သွားပေမယ့် ဆူးကတော့ ရင်ထဲမှာ တကယ်ကို တစ်မျိုးကြီး ခံစားရလေသည်။ သစ်ညိုမှာ ဖွဲ့ဆိုတဲ့ မိန်းကလေး ရှိသွားတဲ့ အချိန်ကစလို့ ဆူးရဲ့ရင်ထဲမှာ ဆူးတစ်ချောင်း တွယ်ငြိနေသလို နင့်နေ၍ မျက်နေအောင် ခံစားနေရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေပေမယ့်လည်း အဲဒီအပြုံးတွေဟာ အသက်မပါလာသလို ဆူး ကိုယ်တိုင်ကလည်း အတော်လေး ခံရခက်တဲ့ ဝေဒနာကို ခံစားပြီး ဟန်ဆောင်နေရတာပဲဖြစ်၏။ ဆူးဘဝမှာ အခုလိုမျိုး ထိထိခိုက်ခိုက် ကြေကွဲရတာမျိုး မရှိခဲ့ဘူး၊ မခံစားခဲ့ဘူးပေ။ မနက်ဖြန်ကျရင် အသစ်ရဲ့ရည်းစား ဖွဲ့နဲ့ တကယ်ကြီးအပြင်မှာ ဆုံရလိမ့်မည်။

ဘဝမှာ ရင်ထဲအမြဲရှိနေတဲ့ သူငယ်ချင်းရဲ့ရည်းစားနဲ့ မျက်နှာချင်းဆိုင်တွေ့ရင် အရင်ဆုံး ဘာလုပ်ရမယ်ဆိုတာ ဆူး မသိတာ ခက်လှပါသည်။

❋ ❖ ❋





"ဆူးရေ ... ဟဲ့ ... ဆူး ... အမယ်လေး ... တစ်ကျောင်းလုံး နင့်ကို ဘယ်နေရာမှ ရှာလို့မတွေ့အောင် အပုန်းကောင်းလှချည်လား။ နင့်ဖုန်းက ဘာကိစ္စ ပိတ်ထားရတာတုံး"

ဆူးက အတန်းလွတ် ခုံတန်းတစ်ခုမှာထိုင်ကာ ဂိမ်းဆော့နေတုန်း ချိုချိုနှင့် သံသာက ရောက်လာတာကြောင့် ဆူးက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်းက ...

"ဖုန်းက မပိတ်ပါဘူး။ Airplane mode လုပ်ထားတာ"

"နေစမ်းပါဦး။ နင်က ဒီမှာ တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကကော ငါ့ကို ဘာလို့ လိုက်ရှာနေတာလဲ"

"ဟဲ့ ... အထူးသတင်း ပြောမလို့။ ဖူးသစ်ညိုက သူ့ဆော်ကို ကျောင်းခေါ်လာတယ်နော်။ နင်တို့နှစ်ယောက် ဒီနေ့ အတူတူလာတာ မဟုတ်ဘူးလား"

ဆူးက မေးမယ်ဆိုတာ ကြိုသိနေတဲ့ စကားလုံးတွေအတွက် ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်းက ...

"အင်း ... ဒီနေ့ သူက လာမိတ်ဆက်ပေးတဲ့သဘောပဲလေ။ အဲဒါ ချက်ချင်းကြီး မတွေ့ချင်သေးလို့ ဒီမှာ ခဏနေ,နေတာ"

"ဆူး ... ငါတို့က နင့်ရဲ့သူငယ်ချင်း အရင်းကြီးတွေပါဟာ။ ဖူးသစ်ညိုက သူ့ဆော်ခေါ်လာတာ နင်နဲ့လာပြီး မိတ်ဆက်ပေးတာက ဘာသဘောလဲ။ နင်နဲ့ အနီးကပ်နေ,နေတဲ့ ငါက နင့်စိတ်ထဲက ဘာရှိတယ်၊ ဘာဖြစ်နေတယ်ဆိုတာ ငါ သိတယ်"





ဆူးက ချို့ရဲ့စကားကြောင့် ချက်ချင်းပဲ မျက်ရည်တို့က ဝဲလို့တက်လာ၏။

"ငါ့အဖြစ်က အဲဒီလောက် လူရိပ်မိလောက်အောင် သိသာနေလို့လားဟင်"

"ငါတို့စိတ်ထဲမှာ နင်နဲ့ ဖူးသစ်ညိုကို သမီးရည်းစားတွေလိုပဲ သတ်မှတ်ထားခဲ့တာ။ အဲဒီလို ထင်ရလောက်အောင်လည်း သစ်ညိုက နင့်ကိုဆို အရမ်းဂရုစိုက်ခဲ့တာကိုး။ ဒါပေမဲ့ သူ့မှာ အခု ရည်းစားရှိသွားတာကြီးက တကယ့်ဘယ်လိုပြောရမလဲဟာ။ နင်မပြောနဲ့ ငါ့စိတ်ထဲမှာတောင် ခိုးလိုးခုလုကြီးနဲ့"

ချို့စကားတွေက အရမ်းကို မှန်လွန်းနေတာမို့ မျက်ရည်တို့က ထိန်းထားရက်သားနဲ့ ကျလို့လာလေ၏။ ဟုတ်တယ် ... အခု ဆူးလည်း ဘာဖြစ်မှန်းမသိတဲ့ ငိုင်တွေမှုနဲ့ခံစားနေရတာ။

"ဆူးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ … ငါ့ရင်ထဲက နှလုံးသားတစ်ခုလုံး ဆွဲထုတ်ခံလိုက်ရသလိုပဲ။ အခုလို ငါ ဖြစ်နေတာဟာ မကောင်းဘူးဆိုတာ သိတယ်၊ ပြီးတော့ အသစ်က ငါ့သူငယ်ချင်း။ ငါ့ချစ်သူ မဟုတ်ဘူး။ ဒါပေမဲ့ သူ့မှာ ကောင်မလေးရှိနေတာဟာ ငါ တကယ်ကြေကွဲနေအောင် ခံစားရတယ်။ ငါလေ ဘယ်သူ့ကိုမှ မနာလို မစ္ဆိရိယစိတ် မမွေးခဲ့ဖူးဘူး။ ဒါပေမဲ့ ငါ အခု ဖြစ်နေတာ မနာလိုတာ။ ဘာလို့မှန်းလဲ မသိဘူးဟာ။ အသစ်က ငါ့သူငယ်ချင်း ဖြစ်ရက်နဲ့ ဘာလို့ အဲဒီလို ဖြစ်ရတာလဲ"

"နင့်စိတ်ထဲမှာ သူ့ကို သူငယ်ချင်းထက် ပိုချစ်မိလို့ပေါ့။ လောကမှာ ကိုယ်ချစ်တဲ့သူကို ဆုံးရှုံးရတော့မယ့် ခံစားချက်မျိုးပေါ့။ နင်က သူ့ချစ်သူ မဟုတ်လို့ တားခွင့်မရှိသလို နင်က သူ့ကို အပြည့်မပိုင်ရတော့တဲ့ ခံစားမှု။ ဆူး လောကမှာ ကိုယ်ချစ်တဲ့ သူငယ်ချင်းက ရည်းစားရသွားတဲ့အဖြစ်ကို နင် အခု ခံစားနေရတာ။ ငါ နင့်ကို ကိုယ်ချင်းစာပါတယ် ဆူးရယ်"





ဆူးက ဒီအချိန်မှာ ကိုယ့်အတွက် နားလည်ပေးနိုင်တဲ့ ချို့ရဲ့စကားတွေ နားထောင်ရင်း ရင်ထဲမှာ ပိုလို့တောင်ဆို့ရလေသည်။ တစ်သက်လုံး ဆူးရဲ့အနားနားမှာ အမြဲရှိနေပေးတဲ့ သူတစ်ယောက်ဟာ အခု ဆူးနဲ့မဆိုင်သလို ခံစားနေရတာဟာ ဆူး သူ့ကို ချစ်နေလို့တဲ့။ အဲဒါဆိုရင်လည်း ဆူး ဝန်ခံပါရစေ။

အသစ်ဟာ အရင်က ဆူးရဲ့သူငယ်ချင်း ဖြစ်လိမ့်မည်။ ဒါပေမဲ့ ဆူးရင်ထဲမှာ အသစ်ဟာ အနက်ရှိုင်းဆုံးသူ ဖြစ်သည်။

"ဟုတ်တယ်။ ငါ နင်တို့ ပြောသလိုမျိုးပဲ။ အသစ်ကို ငါ ချစ်တယ်။ ငါ သူ့ကို တခြားမိန်းကလေးနဲ့ မရှိစေချင်ဘူး။ အမှန်အတိုင်း ပြောရရင် ဒီနေ့ ငါရှောင်နေတာဟာ ငါ အသစ်ရဲ့ရည်းစားကို ရင်မဆိုင်ချင်လို့။ ငါက သူ့သူငယ်ချင်း မဖြစ်ချင်တော့လို့။ ငါ့ရဲ့စိတ်တွေ တော်တော်ဆိုးဝါးနေတယ် ဆိုတာလည်း ငါ သိတယ်။ ဒါပေမဲ့ ငါ့စိတ်ခံစားချက်က ငါ့မျက်နှာမှာ လာပေါ်လို့ ရိပ်မိသွားမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုးလည်း ငါ မဖြစ်ချင်ဘူး။ အဲဒါကြောင့် ဒီမှာလာထိုင်နေတာ”

ဆူးက စိတ်ထဲမှာရှိရင် သိပ်ပြီးဟန်ဆောင်ပန်ဆောင်လည်း မလုပ်တတ်တာကြောင့်မို့ တတ်နိုင်သမျှတော့ အသစ်ရဲ့ ရည်းစားနဲ့ မတွေ့ချင်ပေ။ မတွေ့နိုင်အောင် ရှောင်နေတာဟာ ဆူးအတွက်...ပိုအဆင်ပြေလေမည်။ အသစ်မှာ ရည်းစားရှိတယ်ဆိုတဲ့ ကိစ္စဟာ ဆူးအတွက်တော့ သိသာသိစေပြီး မမြင်ချင်နဲ့ပေ။

❋ ❖ ❋





“ဖွဲ့ ဒီထက်ပိုပြီး စောင့်ဖို့ စိတ်မရှည်နိုင်တော့ဘူး ကို။ ဖွဲ့ ပြန်မယ်”

ဖွဲ့ရဲ့စိတ်မရှည် လက်မရှည် လေသံကြောင့် သစ်ညို က တကယ်ပဲ ဗျာများ ထူပူသွားတော့သည်။ ဒီကိစ္စမှာ ဖွဲ့ စိတ်တိုလာတာလည်း မပြောနဲ့။ သူတောင် စိတ်မရှည် ဖြစ်လာရသည်။ ဒီနေ့ ဖွဲ့နဲ့ မိတ်ဆက်ပေးပါမယ်လို့ သေချာမှာထားရက်နဲ့ ဖုန်းဆောင် ပိတ်ထားတယ် ဆိုတော့ အဲဒါ ဆူး များသွားပြီဖြစ်သည်။

“ခဏ ... ခဏလေးပါ ဖွဲ့ရယ်။ ဖွဲ့ကို ကိုယ် ပြန်လိုက်ပို့ပေးမယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ... လိုက်မပို့နဲ့။ ဖွဲ့ အရမ်းစိတ်ဆိုးတယ်။ သက်သက် အချိုးခံရတာ။ ဖွဲ့ကိုက မှားတာ။ ရှင့်ရည်းစား ဖြစ်ကြောင်း မိတ်ဆက်အပေးခံရဖို့ ရှင့်နယ်မြေအထိ လာတာကိုက မှားတာ။ ဖွဲ့ရဲ့အချိန်တွေကလည်း အင်မတန် တန်ဖိုးရှိတာ။ ဒီနေ့အတွက်တော့ အဲဒီ သူငယ်ချင်းဆိုတဲ့ ဟာနဲ့ ပတ်သက်ပြီး ရှင့်ကို စိတ်ဆိုးတယ်။ ပြန်လည်း လိုက်ပို့ဖို့ မလိုဘူး။ သွားမယ်"

"ဖွဲ့ ... ဖွဲ့"

သူက ဖွဲ့ရဲ့စိတ်ကို သိနေတာကြောင့် ဆက်မလိုက်လာနဲ့ဆို မလိုက်ရဲတော့ဘဲ ကျန်နေခဲ့ရတော့သည်။ တောက် ... ကွာ ... အသစ်စက်စက် ချစ်သူလေး စိတ်ကောက်သွားရတာဟာ အဲဒီ ဆူးမကြောင့်။ ဘာကိစ္စ ဖုန်းက စက်ပိတ်ထားရတာလဲ။

"ဟော့ကောင် ... ဘာဖြစ်နေတာလဲ။ မင်းကောင်မလေး တင်းပြီး ထွက်သွားပြီနော်"





ရာဇာက သူ့ဝိုင်းဘက် ပြောင်းလာကာ မေးခွန်းက ထုတ်နေသေးတာမို့ သူက မကျေနပ်တာတွေ ရင်ဖွင့်မိသွားသည်။

"ဆူးပေါ့ကွ။ တောက် ... ငါ ဒီနေ့ သေချာချိန်းထားရက်နဲ့ ဖုန်းတောင်ပိတ်ထားလိုက်သေးတယ်"

"ဆူးက မတွေ့ချင်လို့ နေမှာပေါ့ကွ"

"ဘာ"

သူက အဲဒီစကားကြောင့် အံ့အားတသင့် ဖြစ်ရကာ ရာဇာ့ကို ကြည့်လိုက်လျှင် ရာဇာက သူ့ကို ငတုံး ဆိုတဲ့သဘော တွေပါသည့် အကြည့်ဖြင့် ကြည့်ကာ ...

"မင်းကွာ ... ရှင်းရှင်းလေးဟာ။ ဆူးချိုချိုက မင်းဆော်နဲ့ မိတ်ဆက်ပေးတာ မခံချင်လို့ နေမှာပေါ့"

"အမ် ... ဘာသဘောလဲကွ။ ငါ့ဆော်ကို ငါက ငါ့သူငယ် ချင်းတွေ အားလုံးနဲ့ မိတ်ဆက်ပေးချင်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သစ်ညို ... သစ်ညို ... မင်းကတော့ လည်မလိုလိုနဲ့ တော်တော်ပိန်းတဲ့ကောင်ပဲ။ ကျောင်းမှာ မင်းနဲ့ ဆူးချိုချို ကို အားလုံးက သူငယ်ချင်း ဆိုတာထက် ရည်းစားတွေ လိုပဲ မြင်ထားတာလေ။ မင်းက မင်းဆော်ကို ကျောင်း ခေါ်လာတော့ သူ့စိတ်ထဲ ဘယ်လိုခံစားရမလဲ"

"အာ ... မဆိုင်ပါဘူးကွာ။ ငါနဲ့ ဆူးက ငယ်ငယ်က တည်းက မောင်နှမလို သူငယ်ချင်းလို နေလာတာ။ ဖွဲ့က ငါ့ရည်းစား။ ဆူးက ငါ့သူငယ်ချင်း။ ရှင်းနေတာပဲဟာ။ ကဲ ... မင်း ပြောသလိုသာဆို ဆူးက သူ့ဘဲနဲ့ ငါ့ကိုမိတ် ဆက်ပေးရင် ငါက အဲဒီလိုပဲ ရှောင်နေရမှာလား။ အဓိပ္ပာယ် မရှိဘူး ဟေ့ကောင်"

သူက ရာဇာပြောတာကို ဖွတ်ကန်, ကန်ပြောရင်း ငြင်းပစ်လိုက်သည်။ လူတွေကလည်း ခက်ပါတယ်။ သူနဲ့ ဆူး သူငယ်ချင်းဆိုလည်း ဟိုလိုလို ဒီလိုလိုက ပြောကြတာမို့ တကယ်





ကယ်တမ်း ရည်းစားတွေ ရှိလာတဲ့ အခါမှာတော့ တကယ့် ကိုင်ဖြစ်လို့လာလေသည်။

"ဟား ... အဲဒါကတော့ မင်းဘက်က အပြောပဲရှိတာလေ။ ဒီနေ့ ဆူး လုံးဝအတန်းမတက်ဘူး။ အမြဲအတန်းတက် အတန်းမှန်နေတဲ့ ဆူးက မင်းကောင်မလေးနဲ့ မိတ်ဆက် ပေးမယ်လည်းဆိုရော ဘာလို့ ပျောက်ချင်းမလှ ပျောက်နေ ရတာလဲ။ နောက်ဆုံး ဖုန်းတောင် ပိတ်ထားပစ်လိုက်တယ်။ အဲဒါ ဘာဖြစ်နိုင်လဲ"

ရာဇာရဲ့ ဂျက်ကျလက်ကျ မေးခွန်းအတွက် သစ်ညို က အတော်အတန်ငယ်တော့ ငြိမ်သက်သွားရသည်။ သူ့စိတ်တွေ က အရမ်းကို ရှုပ်ထွေးနောက်ကျိလာတာမို့ လေပူတစ်ချက် ထုတ်လိုက်ရင်း ရာဇာ့ကို ဖော့ဖြေလိုက်တော့သည်။

"မင်းကတော့ ဆိုက်ကိုတွေ လာသွင်းသွားပြန်ပြီကွာ။ ဒီမှာ ဟေ့ကောင် ... ဆူးနဲ့ ငါက အမြဲတမ်း သူငယ်ချင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ"

ရာဇာက ပြောင်စပ်စပ် မျက်နှာပေးဖြင့် အေးပါကွာ
တာကြောင့် သူက စိတ်မကြည်စွာ ရာဇာ့ကို တစ်ချက်ကြည့်လို
သည်။ ရာဇာ ဆိုက်ကိုလာသွင်းတာနဲ့ပဲ ဆူးအပေါ်ကို စိတ်
တာထက် စိတ်တွေ ရှုပ်လာမိတာဖြစ်၏။

❋ ❖ ❋





ဖွဲ့က အိမ်အလည်ခေါ်ထားတဲ့ ယုဆွေကို မေမေနဲ့
အားပြောပြီးသွားတာနဲ့ အိပ်ခန်းထဲကို ခပ်သွက်သွက် ခပ်မြန်
လေး ဆွဲခေါ်သွားလိုက်၏။

"ဟဲ့ ... ဟဲ့ ... ဖြည်းဖြည်းလုပ်ပါဟယ်။ နင်ကလေ
အသည်းနဲ့မှအသန်။ ကဲ ... ဆိုစမ်းပါဦး။ ငါ့ကို အရေး
တကြီး ချိန်းရတာ ဘာကိစ္စတုံး"

"အရေးတကြီး ချိန်းတယ်ဆိုတာတည်းက အရေးတကြီး
မေးစရာရှိလို့ပေါ့ဟ။ ယုဆွေ ... ဖူးသစ်ညိုရဲ့ ချစ်လှစွာ
သော သူငယ်ချင်းမ ဆူးချိုချို ဆိုတာ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နင့်ကို ပြောပြထားမယ်လုပ်တော့ နင်ပဲ မသိချင်ဘူးဆို။ မလိုအပ်ဘူးဆို။ နင် ချစ်တာတစ်ခုတည်းပဲ လိုတာပါဆို"

ယုဆွေက တမင်တကာကို ရွဲ့ပြီး အငေါ့တူးနေတာကြောင့် ဖွဲ့က မျက်နှာလေးမဲ့လို့ သွားလေသည်။ တကယ်ကိုလည်းပဲ ဖွဲ့ဟာ မလိုအပ်ဘူးလို့ ထင်မိတာပင်။ ဖွဲ့သစ်ညိုကို အချိန်ခဏလေး အတွင်းမှာ အံ့သြစရာကောင်းလောက်အောင် သစ်ညိုကို ချစ်မိတာကြောင့် ဘာကိုမှ မစုံစမ်း မစူးစမ်းမမေးမြန်းပါဘဲ အဖြေပေးခဲ့မိတာဖြစ်သည်။ အစကတော့ ဘာမှမလိုဘူး ထင်မိတာ အခုကျတော့ အားလုံးလိုနေပြီဖြစ်သည်။

"ဟုတ်တယ်ဟာ။ အခုတော့ တကယ် သိဖို့ လိုအပ်နေပြီ။ ငါ့ကို ကျောင်းမှာ အဲဒီမိန်းမ ချိုးသွားတဲ့ အချိုးက လုံးဝ ဂရုမစိုက်တာ။ ငါ ဒီနေ့ တော်တော် အောက်လာတာ။ ဘဝမှာ အချိုးခံရမှန်းမသိ ခံရတာ။ တောက်"





"ဟင်း ... နင် စိတ်တိုမယ်ဆိုလည်း တိုသင့်ပါတယ်လေ။ သစ်ညိုက ဆူးကို အိမ်မှာကတည်းက ချိန်းထားမှာပါ။ အဲဒါကို ဆူးက ဘာလို့ အတန်းမလာတော့တာလဲ"

"ဘယ်လို ... ဘယ်လို ...။ အိမ်မှာ ..."

"ဟုတ်တယ်လေ။ သစ်ညိုနဲ့ ဆူးက တစ်အိမ်တည်း အတူနေတာ"

"တစ်အိမ်တည်း"

ဖွဲ့က အဲဒီစကားလုံးအတွက် အံ့အားတသင့် ရှိသွားရတော့သည်။ ဘယ်လိုတုံး။ ဘယ်လိုဖြစ်လို့ တစ်အိမ်တည်းနေရတာလဲ။

"ဟုတ်တယ်လေ။ သစ်ညိုနဲ့ ဆူးက တစ်အိမ်တည်းနေကြတဲ့ သူငယ်ချင်းလေ။ နင်မသိဘူးလား"

"ဟင့်အင်း။ သစ်ညိုက ငါ့ကို ဆူးချိုချိုနဲ့ ပတ်သက်ပြီး ဘာမှ ရေရေရာရာ မပြောပြသေးဘူး။ သူ့ရဲ့အခင်ဆုံး သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမယ့် အနေအထားလောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောထားတာ။ ယုဆွေ ... နင်က ငါ့သူငယ်ချင်းနော်။ ကျေးဇူးပြုပြီး သူတို့အကြောင်းကို နင် သိသလောက် ပြောပြပါ။ ဒီနေ့ ဆူးချိုချို ငါ့ကို လာမတွေ့တဲ့ကိစ္စက ဘာကြောင့် ဆိုတာကို ငါ ပိုပြီးတော့တောင် သိချင်သွားပြီ။ နင် သူတို့အကြောင်း ပြောပြပါ ယုဆွေ"

ယုဆွေက ဖွဲ့ရဲ့မျက်နှာကို ငေးကြည့်ရင်း ပြောဖို့ ရာ ချင့်ချိန်နေဟန် ဖြစ်တာကြောင့် ဖွဲ့က အဲဒီ တစ်အိမ်တည်း အတူတူ နေကြပါတယ်ဆိုသော သူငယ်ချင်းနှစ်ယောက်ရဲ့ပတ်သက်သက်မှု Relationship တစ်ခုကို ပိုပိုပြီး သိချင်လို့လာမိလေသည်။

"ဟဲ့ ... ယုဆွေ ပြောလေဟာ"

ယုဆွေကို ထပ်ထောက်ပေးလိုက်မှ ယုဆွေဆီက ချီတုံချတုံလေသံဖြင့် ခပ်တိုးတိုး ထွက်လာလေ၏။

❋ ❖ ❋





သစ်ညိုက ဖေဖေ မေမေတို့ ကုမ္ပဏီက ပြန်လာချိန်ရောက်ကာမှ ဖေဖေတို့နဲ့အတူ ပြန်ရောက်လာတဲ့ ဆူးကို သူက အခုကျမှ ဘယ်လိုပေါ်လာသလဲ မေးခွန်းမထုတ်ရသေးခင်မှာ ဆူး ကိုယ်တိုင်က ဘာအပြစ်မှ မလုပ်ထားတဲ့သူလို သာသာယာယာ ပြန်ဖြေလေ၏။

"ငါ ဒီနေ့ ကျောင်းကနေ ချို့ရဲ့အဘိုး ဆေးရုံတက်ရလို့ အဖော်လိုက်ပေးလိုက်ရလို့။ အပြန်ကျတော့ ဖေဖေတို့နဲ့ နီးနေတာနဲ့ ဖေဖေတို့ဆီ ဝင်ပြီး အတူတူ ပြန်လာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သားရေ။ မင်းတို့နှစ်ယောက်ကိုတော့ ကားတစ်ယောက်တစ်စီး သုံးခိုင်းရတော့မလို ဖြစ်နေပြီ။ အမေကြီးရေ .. ဟမ် ... ငါတို့သားနဲ့ သမီးက အရွယ်လေးတွေရောက်လာတာနဲ့ ကိုယ့်ကိစ္စ ကိုယ့် personal တွေတောင်ရှိကုန်ကြပြီ။ ကဲ ... ကဲ ... သမီး ... ဆေးရုံက ပြန်လာတာဆိုတော့ ကိုယ်လက်သန့်စင်လိုက်ဦး။ ရေမိုးချိုးပြီးတို့မိသားစု ထမင်းစားကြမယ်"

ဖေဖေနဲ့ မေမေက အပေါ်တက်သွားလျှင် သူကအဲဒီတော့မှ ဆူးကို သူက ဒေါသဖြစ်ဖြစ်နဲ့ ပေါက်ကွဲရတော့တာဖြစ်သည်။

"ဟဲ့ ... ဆူး ... နင် ဘာအထာလုပ်တာလဲ။ ဘာကိစ္စ နင်တစ်နေ့ကုန် ပျောက်ချင်းမလှ ပျောက်နေရတာလဲ"

"ငါ ... ငါ တောင်းပန်ပါတယ် အသစ်ရယ်။ ချို့အဘိုးကဆေးရုံတင်လိုက်ရတာ ချက်ချင်းကြီးဆိုတော့ ငါ သူငယ်





ချင်းတစ်ယောက်အနေနဲ့ အဖော်လိုက်သွားပေးရတာပါ။ နင်နဲ့ ချိန်းထားတာ ငါ သတိရပါတယ်။ ငါ ဖုန်းဆက်ဖို့ကျတော့ ငါ့ဖုန်းက ဘက်ထရီကုန်သွားတာနဲ့ ..."

"တောက် ... နင်ဟာ။ အဲဒါဆိုလည်း ငါ့ကို တနည်းနည်းနဲ့ ဆက်သွယ်ပေါ့။ နင်က လူလည်း ကျောင်းမှာ ရှာမတွေ့၊ ဖုန်းကလည်း စက်ပိတ်ထားဆိုတော့ ငါ့ဘက်ကိုလည်း ကြည့်ဦးလေ။ အခု ဖွဲ့က စိတ်ကောက်သွားပြီ"

"ဆောရီးပါ အသစ်ရယ်။ ငါ နင့်ကောင်မလေးကို အားနာပါတယ်။ ငါလည်း တွေ့ချင်တာပဲလေ။ ဒါပေမဲ့ ..."

ဆူးရဲ့အသံက အရမ်းကို တိုးတိတ်ဖျော့တော့သွားသလို ဆူးမျက်နှာကလည်း သိပ်မကောင်းတာကို သူက အကဲခတ်မိစွာ ဆူးကို မေးရလေသည်။

"ဟဲ့ ... ဟဲ့ ... ဆူး ... နင့်မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင် ... မဟုတ်ပါဘူး၊ ငါ ပင်ပန်းလာလို့ဖြစ်မှာပါ၊ ဟို... နင် ... နင် ငါ့ကို စိတ်မဆိုးဘူးမှလားဟင်၊ စိတ်မဆိုးဘူးမှလား အသစ်"

သစ်ညိုက စကားတွေလည်း သိပ်ရှည်ရှည်ဝေးဝေး မပြောချင်တော့ပေ။ ဆူးရဲ့ပုံစံကလည်း တကယ့်ကိုပဲ သူ့ကို အားနာတောင်းပန်ဟန်မို့ သူက ခေါင်းသာအသာယာညိတ်ပြလိုက်သည်။

"အေးပါဟာ၊ နင်လည်း စိတ်ထဲထားမနေနဲ့တော့၊ နောက်တစ်ခေါက် ထပ်ချိန်းတာပေါ့၊ ကဲ ... သွားတော့၊ ရေသွားချိုးတော့၊ ပြီးရင် ထမင်းစားကြမယ်"

"အင်း ... ကျေးဇူး"

ဆူးက သူ့ရှေ့ကနေ ထွက်လို့သွားလေလျှင် ဘာရယ်မဟုတ် ရာဇဝင်စကားတချို့ကို နားထဲ ပြန်လို့ကြားယောင်လာမိတာမို့ သူက အဲဒီပေါက်ကရအတွေးတွေကို မောင်းထုတ်တဲ့သဘောဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။ ဘယ်လိုမှ မဟုတ်နိုင်တာ။





ဆူးက သူ့သူငယ်ချင်း။ သူငယ်ချင်းဆိုတာတောင် အားလုံးထဲမှာမှ ပိုပြီး စိတ်ချင်းနီး၊ ရင်ဘတ်ချင်းနီးစပ်ရသည့် သူငယ်ချင်းတွေပဲဖြစ်ကြလေသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း တစ်ယောက်ဟာ သူငယ်ချင်းတစ်ယောက်ရဲ့ စည်းဘောင်အတွင်းကနေပဲ နေသင့်တယ်ဟု ဆူးရဲ့ စိတ်တွေကို အမိန့်ချပြီးတဲ့နောက်မှာ ဆူးဟာ အသစ် အပေါ်ကို တတ်နိုင်သမျှ ဝန်တိုခြင်းကင်းတဲ့ ဖြူစင်စွာ တစ်ဖက်သတ်ချစ်ခြင်း တစ်ခုကိုလည်း ဆူး နောက်ဆုတ်ဖို့သာ စဉ်းစားခဲ့သည်။ မစခင်ကတည်းက ရှုံ့နိမ့်နေခဲ့တဲ့ ဘယ်သူ့မှ မသိ စိတ်ခံစားချက်တစ်ခုအတွက် ဆူး အရှုက်မကွဲချင်။ အဲဒါကြောင့် ဆူးက အသစ်နဲ့ အရင်လိုပဲ ပျော်ပျော်ရွှင်ရွှင်နေကာ အသစ်ကို ဆူးရဲ့အချစ်ဆုံး သူငယ်ချင်းအဖြစ်သာ သတ်မှတ်၍ ရည်းစားရှိတဲ့ အသစ် အဖြစ် သဘောမထားခဲ့သလို အသစ် ရည်းစားအကြောင်းကိုလည်း မပြောဘဲ ဘာသိဘာသာ နေလိုက်သည်။





အဲဒီလိုမျိုး ဆူးရဲ့ ဆုံးဖြတ်ချက်အတွက် ချိုကတော့ အထင်တကြီးကို ချီးကျူးလေ၏။

"ငါကတော့ နင့်ရဲ့စိတ်ဓာတ်ကို ချီးကျူးတယ်ဟာ၊ ပြောရမယ်ဆို နင်က စိတ်ထားတတ်တာ၊ ငါသာ နင့်နေရာမှာဆို အဲဒီလို လုပ်နိုင်မယ် မထင်ဘူး"

အဲဒီစကားအတွက် ဆူးက အပြုံးတစ်ခုနဲ့အတူ ရင်ထဲရှိတဲ့အတိုင်း ပြောပြလိုက်သည်။

"အဲဒါ အကောင်းဆုံးပဲလေဟာ၊ ငါလည်း ဖြစ်သင့်တာကို လုပ်တဲ့သဘောပါ၊ နင်နဲ့အသစ်က သူငယ်ချင်းတွေအဖြစ် ကံကြမ္မာက သတ်မှတ်ထားခဲ့ပြီးသား၊ ငါကကော သူ့ကို တခြားတစ်ယောက်နဲ့မရှိစေချင်တဲ့ သဝန်တိုမှုကြီး ရင်ထဲထားပြီး ဆက်ဆံနေရတာ ပင်ပန်းတယ် ..."

အဲဒီတော့ ငါ့ခေါင်းထဲမှာ လျှစ်လျူရှုဖို့က အသစ် တစ်ယောက်တည်းသာ ငါမြင်ပြီး သူ့နောက်ဆက်တွဲ အပိုင်းကဏ္ဍတွေ မေ့ထားဖို့ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ သူငယ်ချင်းဆိုတာ တစ်သက်လုံး မမုန်းနိုင်မယ့် ပတ်သက်မှုမျိုးလို့ တွေးလိုက်တယ် ချစ်သူဆိုတာကတော့ အခန့်မသင့်ရင် မကြည့်ချင်လောက်အောင် မုန်းသွားနိုင်တယ်လို့ သဘောထားပြီး ငါ နေလိုက်တယ် အသစ်ကတော့ သူ့ကောင်မလေးနဲ့ ငါ့ကို မိတ်ဆက်ပေးဖို့ ကြိုးစားတိုင်း ငါ ရှောင်တာကိုတော့ သူ ရိပ်မိတယ်ထင်တာပဲ၊ ဒါပေမဲ့လည်း အဲဒါလောက်နဲ့တော့ လုံလောက်သေချာတဲ့ အဖြေမျိုး အသစ် မထုတ်နိုင်လောက်တာမို့ ငါ့အတွက် ကိစ္စမရှိပါဘူး"

"ဆူးရယ် ... နင့်စိတ်ကို ငါတကယ်လေးစားတယ်သိလား နင်က နင့်အချစ်နဲ့ သဝန်တိုမှုကြောင့် သူများကို အထိခိုက်မခံဘူး၊ အဲဒီစိတ်ဓာတ်လေး၊ စိတ်ကောင်းထားတတ်မှုလေးကြောင့် နင်နဲ့အသစ် ဖူးစာဆုံမယ်လို့ ငါယုံတယ်၊ ဘာပဲပြောပြော ဒီအချိန်တွေဟာ အပျော်သဘောပဲလေ"





ဆူးက အရမ်းကို အားပေးတတ်တဲ့ ချို့ကို ကျေးဇူးတင်စွာ တစ်ချက်ငေးကြည့်ရင်း ...

"ငါ့စိတ်ထဲမှာ အသစ်က ထူးထူးဖွဲ့ကို အပျော်သဘောမဟုတ်ဘူးလို့ ယုံနေတယ်၊ အသစ်က သိပ်ချစ်တတ်တဲ့သူမျိုးလေ၊ ထူးထူးဖွဲ့ကို တကယ်မချစ်ဘဲနဲ့တော့ သူ ရည်းစားတော်ထားမှာ မဟုတ်ဘူး"

ဆူးက ယုံကြည်ချက်ပြည့်ဝစွာဖြင့် အသစ်ဘက်က ထောက်ခံပေးလိုက်မိသည်။ အသစ်ဟာ သူငယ်ချင်းဖြစ်တဲ့ ဆူးအပေါ်ကိုတောင် အမြဲအနစ်နာခံ သဘောကောင်းခဲ့သေးလျှင် သူ့ချစ်သူဆိုရင်တော့ ပြောနေဖို့တောင် မလိုဘူးဆိုတာ ဆူး မှန်းဆကြည့်ရုံဖြင့် သိလေသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့မှာ ချစ်ရတဲ့ ဖွဲ့နဲ့အတူ ရှောပင်းထွက်ရင်း ဖွဲ့အလိုကျ ပစ္စည်းတွေ ဝယ်သမျှကို မညည်းမညူ လိုက်ကာ အိတ်ကူဆွဲပေး၊ လိုက်ဝယ်ပေးရတာ နှစ်ယောက်သား ဖပ်ဖပ်တွေ ကိုမောလို့၊ ဗိုက်လည်းဆာပြီမို့ Pizza Company မှာ နှစ်ယောက် သား မျက်နှာစုံညီ လက်တွေ့ဆန်တဲ့ Pizza ကြီးကို အားပါးတရ စားကြ၍ ဖွဲ့က ဗိုက်ပြည့်သွားတဲ့အချိန်မှာ သူ့ကို အရစ်ဇယား စတော့တာဖြစ်သည်။

"ကို ... ကို့ရဲ့သူငယ်ချင်းက တော်တော်လေးကို အလုပ် တွေ မအားမလပ် ဖြစ်နေရတဲ့ Bussiness woman ကြီး များ ဖြစ်လားဟင်"





ဖွဲ့စကားကြောင့် သူဟာ ရှော့ခ်ကိုက်ပြီ ဆိုတာ သဘောပေါက်စွာ အမိပွာယ်မရှိ နဖူးကို အသာကုတ်နေလိုက်ရင်း ငြိမ်နေမိလျှင် ဖွဲ့က သူ့ကို ခပ်တည်တည် တစ်ချက်ထပ်မံကြည့် တာ ...

"မေးနေတယ်လေ၊ ဖြေပါဦး"

"အမ်း ... ဟို ... အဲဒီလို မဟုတ်ပါဘူး၊ သိတဲ့အတိုင်းပဲ၊ ကိုယ်တို့ စားမေးပွဲတ နီးလာပြီ၊ သူ ကျူရှင်တွေ တောက် လျှောက်တက်နေရလို့လေ"

"ကျစ် ... အဲဒီလို ကြိုးစားတဲ့သူကို သူငယ်ချင်းတော်ထား ရတော့ တော်တော်ဂုဏ်ယူစရာ ကောင်းမှာပဲနော်"

ဖွဲ့စိတ်ထဲလည်း ဖုနေပြီဆိုတာ သူ သိသည်။ ဒါပေမဲ့ ဆူးတစ်ယောက်ကလည်း ဟိုအကြောင်းပြ ဒီအကြောင်းပြ ဖြစ်နေတာမို့ သူ့မှာ ဖွဲ့နဲ့ မိတ်ဆက်ပေးဖို့ အချိန်မရခဲ့။ ဖွဲ့ဘက်က ကြည့်ရင်လည်း အဲဒါ တော်တော်လေး ဖီးလ်ဖြစ်စေမယ့်ကိစ္စဆို တာ သူ သဘောပေါက်ရလေသည်။ တော်တော်လေး ဖီးလ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေမယ့် ကိစ္စဆိုတာ သူ သဘောပေါက်ရလေသည်။ သစ်ညိုက အဲဒီအတွက် နှစ်ဦးနှစ်ဖက် ပြေရာပြေကြောင်းဖြစ်မည့် သံတမန်စကားကိုသာ ရွေးချယ်ပြောရလေသည်။

"ဖွဲ့ရယ် ... ဘာဆိုင်လို့လဲ၊ ကိုယ်က ဂုဏ်ယူနေတယ်ဆိုရင်တောင် ကိုယ့်မှာ ဒီလိုချစ်သူလေးရှိနေတာကို မိတ်ဆက်ပေးခွင့် ရဖို့ပဲလေ"

"ဟင် ... သူပဲ အပြောကောင်း၊ အမှန်အတိုင်းပြောရမယ်ဆိုရင် ဖွဲ့ အဲဒီလိုမျိုး တစ်ခါမှ ဘယ်သူ့ကိုမှ ခနဲ့ပြီးမပြောခဲ့ဖူးဘူး၊ ရှင်နဲ့ပတ်သက်နေတဲ့ ဆူးချိုချိုကိုကျမှ ဖွဲ့သက်သက်မဲ့ ၂၀ဝင်နေမိတယ်"

ဖွဲ့က အဲဒီလိုလေးပြောလိုက်လျှင် သူက ရင်ထဲမှာအတိုင်းအဆမရှိ ကြည်နူးလို့ ကျေနပ်သွားရသည်။

"အဲဒါမျိုးဆိုရင်တော့ ကြိုက်သလောက် ၂၀ဝင်ပေါ့ဗျာဘာလို့ဆိုတော့ ဖွဲ့ရဲ့အချစ်ကို ကိုယ် အခု ပိုသိသွားရလို့လေ"





"ဖွဲ့က မြင်ဖူးထားချင်ရုံပါ၊ ဖွဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့မြင်ဖူးထားချင်လည်း ဖြစ်တာပဲလေ"

"အိုခေ ... ကိုယ်သိပါတယ်ကွာ၊ ဖွဲ့ကို မနက်ဖြန် ဆူးနဲ့သေချာပေါက် မိတ်ဆက်ပေးမယ်၊ Promise"

ဖွဲ့ကို နိုင်မာသေချာစွာသော ကတိစကားကြောင့်သူဟာ အဲဒီကတိ တည်ဖို့ရအတွက် ဆူးကို မဖြစ်ဖြစ်အောင်ခေါ်ဖို့ ဆုံးဖြတ်နှုတ်ဆက်ကာ အိမ်ပြန်လာချိန်မှာတော့ သူကဆူးကို မနက်ဖြန်ကိစ္စ ချိန်းရတော့သည်။

"ဆူး ... မနက်ဖြန် နင် ငါ့ကောင်မလေးနဲ့ သေချာပေါက်လိုက်တွေ့ရမယ်၊ ကြားလား"

"ဘာ ... ဘာဖြစ်တယ်"

ဆူးဆီက ထွက်လာတဲ့အသံက ဆောင့်ကြီးအောင့်ကြီးထွက်ချလာတဲ့ အသံမျိုးမို့ သူက ဆူးကို အကဲခတ်နေချိန်မှာပင် ဆူးက ခပ်အေးအေးလေသံဖြင့် ...

"ငါမနက်ဖြန် မအားလောက်ဘူး၊ ချိုတို့နဲ့အတူ အပြင်သွားဖို့ ချိန်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆူး ... နင် ဘာဖြစ်နေတာလဲ၊ ရှောင်ဖယ် ရှောင်ဖယ်နဲ့ အဲဒီလောက် မအားမလပ်ဖြစ်နေရအောင် နင် ဘာတွေများ သိပ်အရေးကြီးနေရတာလဲ"

"သား ... တော်စမ်း"

သူ့ဘက်က စကားအဆုံးမှာပဲ သူ့စကားဝိုင်းထဲသို့ မေမေက ဝင်ရောက်လာတာမို့ သစ်ညိုက မေမေ့ကို လှည့်ကြည့်လိုက်သည်။

"တော်တော့ ... ဘာတွေဖြစ်နေတာတုံး ဒါက"

"ဘာ ... ဘာမှ မဖြစ်ပါဘူး မေမေ"

"ဘာကို ဘာမှ မဖြစ်ရမှာလဲ၊ ဆူးလေး ... သွားအိပ်တော့ သမီး၊ မေမေ သားနဲ့ စကားခဏပြောဦးမယ်"

ဆူက ခေါင်းအသာညိတ်ပြကာ ထွက်သွားလေလျှင် သစ်ညိုက မေမေ ဘာတွေများ ကောလေမလဲဟု ရင်တုန်ပန်းတုန် ရှိနေချိန်မှာ မေမေက သူ့ရဲ့ပခုံးတစ်ဖက်ကို ပုတ်လိုက်ရင်း -





"ဘယ်လိုဖြစ်လို့ ဒီလောက်ကြီး အော်ဟစ်ပြောရတာလဲ သား"

"မအော်ပါဘူး မေမေကလည်း၊ ဒီအတိုင်းပြောတာပါ"

"ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ဆူးကို မင်း အခုလို မျိုး အော်ဟောက်စရာ အကြောင်းကို မရှိတာ၊ ပြီးတော့ မင်း အော်ဟစ်တယ်ဆိုတဲ့ အကြောင်းကိုလည်း ငါ တိတိ ကျကျသိပြီးသွားပြီ၊ မင်းက ရည်းစားကိစ္စကြောင့် ဆူးကို ပတ်ရမ်းနေတာပဲ"

မေမေ့ဆီကလာတဲ့ တိကျသေချာတဲ့ စွပ်စွဲချက်က သူ့က အံ့အားတသင့်ဖြစ်သွားရကာ ချက်ချင်းဆိုသလိုပင် ဒီကိစ္စ ကို ဘယ်သူထောင်တာလဲဆိုတာ အတွေးနဲ့အတူ ဖွတ်ကနိုင်ငြင်း နေသည့် မျက်နှာတစ်ခုက ဘွားခနဲ ပေါ်လို့လာလေသည်။ ဒီကိစ္စကို လူကြီးတွေနားထိပေါက်အောင် ဖောက်နိုင်တယ်ဆိုက ဘည်းက အဲဒါ ဘယ်သူ့ဆိုတာ တန်းခနဲ သိလိုက်ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... တို့မေမေတို့ကတော့ အေးပြောတာတွေကြားပြီး သွေးပြောတာကို မယုံဘူးပေါ့လေ"

"သစ်ညို ... ဘယ်လိုပြောလိုက်တာလဲ၊ ဟား ... ဆူးက အေးလား၊ အခုချိန်မှာ မေမေ မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်၊ မင်း လက်ထပ်ရမယ့်သူဟာ ဆူးပဲဖြစ်ကို ဖြစ်ရမယ်၊ အဲဒါ အသေအချာပဲ"

"ဗျာ ... ဘယ်လို မေမေ"

ကြားလိုက်ရတဲ့ အဲဒီစကားဟာ သူ့နားသူတောင် ဟုတ်ရဲ့လားဆိုပြီး သိပ်သင်္ကာမကင်းဖြစ်ချင်သလိုလို ဖြစ်လို့သွားရလေအောင် အံ့သြမှုက လွှမ်းစွာကြီးစိုးလွှမ်းနေ၏။ ဒီလိုမျိုးဖြစ်လာလိမ့်မယ်လို့ သူ ထင်ကို ထင်မထားမိခဲ့တာဖြစ်၏။

"မေမေ ... မေမေ ဘယ်လို ပြောလိုက်တာလဲဗျာ ဆူးနဲ့သားက ဟိုးငယ်ငယ်လေးကတည်းက မောင်နှမလို သူငယ်ချင်းလို နေလာကြတာ၊ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"





"မဖြစ်နိုင်လို့မရဘူး၊ ဖြစ်ကိုဖြစ်နိုင်ရမယ်၊ ဆူးဟာ မင်းညီမ မဟုတ်ဘူး၊ မင်းရဲ့အစ်မလည်း မဟုတ်ဘူး၊ ဟိုးအရင်ချိန်ကတည်းက မေမေတို့ ဆူးလေးကို စောင့်ရှောက်ခဲ့တာဟာ ဆူးလေးဟာ အမေ့ချွေးမဖြစ်လာဖို့ပဲ"

သစ်ညိုက စိတ်ထဲမှာ ဘာကိုမှ ဆက်လက်တွေးတော၍မရနိုင်တော့လောက်အောင် ဖိစီးမှုက တော်တော်ကြီးကို ကြီးစိုး သွားရတာဖြစ်သည်။ ဆူးဟာ ဘယ်တုန်းကမှ သူနဲ့အဲဒီလို Relation မျိုး ရှိလာလိမ့်မယ်လို့ ထင်ကို ထင်မထားမိခဲ့ပေ။

"ငူငူငိုင်ငိုင်လုပ်မနေနဲ့သား၊ ဒီစကားဟာ အတည်ပြောတာ၊ မင်း အခု တွဲနေတဲ့ကောင်မလေးကိုလည်း အဆက်ဖြတ်လိုက်တော့၊ ဖေဖေနဲ့ မေမေ့ဆန္ဒကို မင်းခေါင်းထဲမှာ ဒီနေ့ကစပြီး ထည့်ထားလိုက်တော့"

မေမေက လုံးဝကို အပြတ်ပြောချပြီး သူ့ရှေ့က ထွက်သွားလေလျှင် သူက တစ်ယောက်တည်း ငေါက်ကာ ကျန်နေခဲ့လေ၏။ ဆူးက သူ လက်ထပ်ရမယ့် မိန်းကလေးတဲ့။ ဟင်



www.burmeseclassic.com

www.burmeseclassic.com



အင်း … အဲဒီလို မဖြစ်သင့်ဘူး။ မေမေ့ဘက်က ဘာပဲပြောပြော သူကတော့ ဖွဲ့တစ်ယောက်သာ အချစ်စစ်အဖြစ် မှတ်ယူထားပါသည်။

❋ ❖ ❋





အဲဒီနေ့ကတော့ ဖွဲ့က မင်းလမ်း ရခိုင်မုန့်တီမှ သောက်ချင်လှပါချည်ရဲ့ဆိုတာကြောင့် သူက ချစ်သူရဲ့ အလိုတော်ကျဖြစ်ကာ မျက်ရည်မညှိုးစေဖို့ ကန်ပေါင်က မင်းလမ်းမုန့်တီဆိုင်သို့ လိုက်ပို့ကာ နှစ်ယောက်သား ဆိုင်အတူထိုင်ဖြစ်ကြတာဖြစ်သည်။

ဖွဲ့က အမြဲတစေ ကြည်လင်ရွှင်လန်းနေသော အပြုံးလေးရှိနေတတ်တာကိုပဲ သူက ချစ်နေမိရတာဖြစ်သည်။

“ကို … ဘာကြည့်နေတာလဲ၊ စားလေ”

“ဖွဲ့စားနေတာလေးက ချစ်ဖို့ကောင်းလို့ ထိုင်ငေးနေတာ”

“ဟွန့် … ချွဲပ်ပြီ”

“အသစ်”



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံနဲ့အတူ သူ့ရဲ့ပခုံးတစ်ဖက်ကို လက်တစ်ဖက်က ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လိုက်တာမို့ သူက အံ့အားတသင့် ဖြစ်ရစ္စာ လှည့်ကြည့်မိသွားသည်။ ဒီနာမည်နဲ့ ခေါ်တတ်တာဟာ တစ်လောကလုံးမှာ ဆူးတစ်ယောက်တည်းပဲရှိတာလေ။ သူက ဆူးကို မြင်လိုက်ရလျှင် ချက်ချင်းပဲ ဖွဲ့မျက်နှာကို အကဲခတ်ကြည့်မိလိုက်သည်။ ဖွဲ့ဟာ ဘာလဲဆိုတဲ့ အခြေအနေတစ်ခုကို အသေအချာ လေ့လာနေတာပဲဖြစ်သည်။

"ဆူး ... ဘာလာလုပ်တာလဲ"

"ဟယ် ... ဒါက စားသောက်ဆိုင်လေ၊ ငါ လာခွင့်မရှိဘူးလား၊ ဟိုမှာ သူငယ်ချင်းတွေလည်းပါတယ်၊ မမျှော်လင့်ဘဲ နင့်ကို တိုက်တိုက်ဆိုင်ဆိုင် တွေ့တော့လည်း လာခေါ်ရတာပေါ့"

ဆူးရဲ့စကားဟာ အထေ့အငေါ့သံနဲ့မို့ သူက ဖွဲ့ကို အားနာသွားရစ္စာ ဖွဲ့ကို တစ်ချက်လှမ်းကြည့်မိလိုက်စဉ်မှာ ဆူးက ဖွဲ့ဘက်သို့ မေးတစ်ချက်ဆတ်ပြရင်း ...





"ဒါက ကောင်မလေးလား အသစ်"

မေးတဲ့မေးခွန်းက ဆူးဆိုလိုချင်တာကို သူနားလည်ပေမယ့် ဆူးရဲ့လေသံက မဲ့သလိုလို လေသံမျိုးမို့ သူက ဖွဲ့ဘက်ကို အားတုံ့အားနာ ဖြစ်နေချိန်မှာ ဖွဲ့ကပါ ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်ရင်း ...

"ကို ... မိတ်ဆက်ပေးဦးလေ"

ဖွဲ့ဆီက ဟန်ပါပါလေသံလေးနှင့် ပြောလိုက်ချိန်မှာ ဆူးရဲ့မျက်နှာက သိသိသာသာပျက်သွားကို သူသတိထားမိသွားပေမယ့် မသိကျိုးကျွန်ပြုကာ မိတ်ဆက်ပေးလိုက်တော့သည်။

"ဖွဲ့ ... ဒါ ... ဒါ ကိုယ့်ရဲ့သူငယ်ချင်း ဆူးချိုချိုတဲ့၊ ဖွဲ့နဲ့တွေ့ပေးမယ်ဆိုပြီး မတွေ့ဖြစ်သေးတာ၊ ဒီနေ့တော့ မမျှော်လင့်ဘဲ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ကြတာ၊ ဆူး ... ဒါ ငါ့ရဲ့ချစ်သူ ထူးထူးဖွဲ့တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ဆူးချိုချို"

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဝမ်းသာပါတယ်၊ ဩော် ... အသစ် ... နင် ဒါပြီးရင် ပြန်မှာမဟုတ်လား၊ ငါပါ တစ်ခါတည်းလိုက်ပြန် မယ်"

သစ်ညိုက အဲဒီလိုပြောလိမ့်မယ်ဟု လုံးဝ ထင်မထား မိတာကြောင့် အရမ်းပဲ အံ့ဩသွားရမိလေသည်။ အဲဒါ ဆူး တမင်တကာကို လုပ်တာ၊ ဖွဲ့ကလည်း သိသိသာသာကို မျက်နှာ က ပျက်သွားပြီမို့ သူက ဆူးကို ပေါ်တင်ပဲ ပြောလိုက်ရတော့ သည်။

"ဟား ... မရဘူးလေဟာ၊ သူငယ်ချင်းတွေလည်း ပါတဲ့ဟာ၊ ကိုယ့်ဘာသာပဲ ပြန်လိုက်တော့လေ၊ ငါက ဖွဲ့ကို ပြန်လိုက် ပို့ပေးရဦးပေးမှာ"

"အဲဒီတော့ နင်က ငါ့ကို မလိုက်နဲ့လို့ ပြောလိုက်တာပေါ့၊ ဟုတ်လား၊ ငါ့ဘာသာငါ ပြန်ဆိုတဲ့သဘောပေါ့ ဟုတ်လား"

"ကို ... အေးဆေးပြန်နော်၊ ဖွဲ့ကတော့ ခေါင်းနည်းနည်း နောက်နေလို့ သွားဦးမယ်"





ဖွဲ့က ဝုန်းခနဲ အိတ်ကိုဆွဲကာ ထထွက်သွားလျှင် သူက အံ့အားသင့်စွာဖြင့် ဖွဲ့နာမည်ကို လှမ်းအော်ခေါ်ရုံသာခေါ် နိုင်လိုက်ပြီး ဖွဲ့အနောက်ကို လိုက်မသွားနိုင်မိလောက်အောင် သူ့ရဲ့ဒေါသ အထွတ်အထိပ်က ဆူးဆီ ပုံကျလိုက်ရတော့သည်။

"နင် အရှုပ်ထုပ်ပဲ ဆူး၊ ဘာကိစ္စ လာနှောင့်ယှက်တာလဲ"

"ဘာ ... နင် ဘယ်လိုပြောတယ်"

"အေး ... ပြောတယ်၊ နင့်ကို ငါ အရမ်းဒေါသဖြစ်တယ်၊ ဒါပေမဲ့ ငါ ဘာမှ အတိုက်အခံမပြောချင်လို့ သည်းညည်း ခံနေတာ၊ နင် အမေ့ကို သွားထောင်တယ်၊ နင်ဘယ်လို လုပ်လုပ် ငါနဲ့နင်က တစ်သက်လုံး သူစိမ်းတွေပဲ ဖြစ်နေမှာ"

သူက ဒေါသတကြီးဖြင့် စိတ်တွေ လွတ်ထွက်သွား ကာ အော်ကြီးဟစ်ကျယ်တွေ ပြောလိုက်မိကာ သူ့စကားလုံးတွေ ဆုံးတဲ့အချိန်မှာတော့ ဆူးဆီက မျက်ရည်တွေဖြင့် အံ့အားတသင့် အကြည့်တွေကို မြင်တွေ့ရကာ ဆူးရဲ့ဘေးမှာ သူမ သူငယ်ချင်း နှစ်ယောက်က ရောက်လာပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ သစ်ညိုရယ်၊ လူတွေကြားထဲမှာ နင် အဲဒီ လောက်ထိ ပြောဖို့တော့ မသင့်ဘူး"

"ချို ... နေပါစေ ...

အသစ် ... နင် ငါ့ကို အဲဒီလောက်အထိ အထင် သေးနှိမ့်ချတယ် ဆိုတာကို ငါ အခုမှသိတယ်၊ ဆောရီးပါ ဟာ၊ ငါက ငါ ဟိုးအရင်က ချစ်ခဲ့ခင်ခဲ့ရတဲ့ အသစ်ကို ပြောမိသလို ပြောလိုက်မိတာ၊ နင့်အတွက် ငါ အဲဒီလောက် တန်ဖိုးမဲ့တယ်၊ ဒါပေမဲ့ နင်သိဖို့ ငါ ပြောလိုက်မယ်၊ ငါ နင့်တို့နှစ်ယောက်ကို ဘယ်တုန်းကမှ မလိုတမာစိတ်မွေးပြီး ဘယ်သူ့ကိုမှ အပုပ်လိုက်မချဖူးဘူး၊ အဲဒါ ငါ့ရဲ့ မှန်သော စကားပဲ"

ဆူးက သူ့ကို နာနာကြည်းကြည်း ဖြစ်လေသော မျက်ဝန်းတို့ဖြင့် အသေအချာကြည့်သွားပြီး ထွက်သွားလေတော့ သည်။ ဆူးရဲ့သူငယ်ချင်းတွေကလည်း ဆူးနောက်ကို အသည်း အသန်လိုက်သွားကြလျှင်တော့ ကျန်နေသူဟာ သူ တစ်ယောက်





တည်းပဲရှိတော့၏။ လူတွေကလည်း ကွက်ကြည့် ကွက်ကြည့် ကြည့်နေကြတာကတစ်ကြောင်း သူကိုယ်တိုင်ကလည်း ဆူးကို ဒေါသတကြီး ပြောမိသွားတာတွေကတစ်ကြောင်းမို့ စိတ်တွေဟာ အရမ်းကို ရှုပ်ထွေးပွေလီစွာဖြင့် ခုံမှာ စိတ်ပျက်လက်ပျက် ထိုင် လိုက်မိသည်။

ဘဝမှာ ထိပ်တိုက်ဆုံတွေ့ခြင်းဆိုတဲ့ အကြောင်းအရာ ဟာ အင်မတန်မှ စိတ်မွန်းကျပ်ဖွယ်ကောင်းကြောင်း သူ အခုတော့ လက်တွေ့သိခဲ့ပြီဖြစ်သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ထိခိုက်ကြေကွဲခြင်းဆိုတဲ့ ခံစားချက်ဟာ အရမ်းကို ဆို့နင့်ကြေကွဲဖွယ်ကောင်းမှန်း ဆူး ရင်နဲ့ရင်း သိလိုက်ရပြီ ဖြစ်သည်။ လူဟာ တကယ်ကြီးကို ကြေကွဲရတာ ရင်ထဲမှာ ကမ္ဘာပျက်နေသလို ဆို့နင့်နေရတာဖြစ်သည်။ အခံစားရဆုံးကတော့ အသစ် အဲဒီလို ပြောရက် ထင်ရက်ခဲ့တာကိုပဲဖြစ်၏။

မှန်တာကို ဝန်ခံပါရစေ။ ဆူး မုန့်တီဆိုင်မှာ သူတို့နှစ်ယောက်ကို မြင်လိုက်လျှင် မြင်ချင်းမှာ တကယ်ပဲ စိတ်ထဲမှာ မနာလိုစိတ်တစ်မျိုး ဖြစ်သွားရကာ ထသွားပြီး ဆူး ဘယ်လောက် အရှေးပါအရာရောက်ကြောင်း ဟီးရိုးသွားလုပ်မိခဲ့တာ ဆူး မှားခဲ့တာဖြစ်သည်။ ဒါပေမဲ့ အစလောက်ကြီး အထိတော့ အသစ်





ပြောပစ်တာဟာ အရမ်းပဲ ဆိုးဝါးလွန်းလှပါသည်။ သူငယ်ချင်းတွေကြားထဲမှာလည်း ဆူးရဲ့ဂုဏ်သိက္ခာက တစ်ပြားဖိုးမှ မကျန်တော့လောက်အောင် ကျဆင်းခဲ့ရပြီဖြစ်သည်။ အဲဒီအတွက် ဆူးမှာ ထိခိုက်ကြေကွဲရလွန်းသည်မှာ ဆိုဖွယ်ရာမရှိတော့ချေ။ အသစ်ဟာ အဲဒီလောက် ရက်ရက်စက်စက်ပြောထွက်ခဲ့ခြင်းအတွက် ဆူးဟာ သူ့အတွက် ဘယ်လိုအခန်းကဏ္ဍမှ အရေးမပါဘူးဆိုတာ သဘောပေါက်ရကာ ဆူး အဖြစ်သင့်ဆုံးလုပ်ဖို့ ဆူးရဲ့ရှေ့နေကြီးနဲ့သာ သွားတိုင်ပင်ရတော့သည်။ ဆူးရဲ့စကားကြားလျှင် ရှေ့နေကြီးက မျက်လုံးအပြူးသားဖြင့်ကြည့်ကာ ...

"ဘယ်လို။ သမီးရယ် ... ဒီကိစ္စက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

"ဖြစ်အောင်လုပ်ပေးပါလို့ သမီး တောင်းဆိုပါတယ် လေးလေး၊ ဆူး နိုင်ငံခြားမှာပဲ ဘွဲ့ယူဖို့ဆုံးဖြတ်လိုက်ပြီး ဆူးအတွက် ဟိုမှာက လေးလေးရဲ့ညီ လေးလေးဖော် ရှိနေတာပဲ၊ ဆူး အဆင်ပြေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဆူး ... ဘာကိစ္စ သမီးက ဒီလောက်အထိ သွားချင်နေရတာလဲ၊ အရင် ဆူးက ဗန်ကောက်ရှောပင်သွားဖို့ကိုတောင် သစ်ညိုတို့မပါလို့ မသွားဘူးလို့ ငြင်းခဲ့တဲ့သူပါ၊ အခု ဘယ်လိုဖြစ်လို့ ဒီလောက်ထိ သွားချင်တယ်ဖြစ်နေရတာလဲ"

ဆူးက အဲဒီစကားအတွက် မဲ့ပြုံးတစ်ခုသာ ပြုံးလိုက်နိုင်သည်။ ဆူးရင်ထဲမှာ နစ်စူးဝင်သွားတဲ့ အရှက်တရားအတွက် ဆူး အဝေးမှာပဲ နေချင်တော့တာ ဆူး မှန်တယ်ထင်တာပဲ။

"ဆူးဘဝအတွက် ဆွေမျိုးရင်းချာ မရှိခဲ့ပါဘူး၊ ဆူး အဲဒီတော့ ကိုယ့်ခြေထောက်ပေါ်ကိုယ် လျှောက်ချင်တာပါ၊ လေးလေး စီစဉ်ပေးပါ၊ ဖြစ်နိုင်ရင်တော့ အမြန်ဆုံးသွားချင်တယ်၊ ကျောင်းတက်ဖို့ထက် အဲဒီကို အရင်ရောက်သွားချင်တာ၊ ဩစီမှာ Stableဖို့ ဆူး ကိုယ့်ခွန်ကိုယ်အားနဲ့ပဲ ကြိုးစားမယ်၊ လေးလေး အဲဒီကိစ္စကို စီစဉ်လိုက်ပါ"





ဆူးရဲ့ အပြတ်သားဆုံးသော စကားအဆုံးမှာတော့ လေးလေးက ဘာမှ မပြောတော့ပေ။ ဆူး ဩစီမှာ ကျောင်းတက်ဖယ့်ကိစ္စကို ဖေဖေနဲ့မေမေကို အသိပေးလိုက်တဲ့ အချိန်မှာတော့ အဲဩနပန်းဖြစ်ရစ္စာဖြင့် ဆူးကို တားကြတာဖြစ်သည်။

"အဲဒါတော့ ဖေဖေ လုံးဝ ခွင့်မပြုနိုင်ဘူး သမီး၊ ဆူးလေး ကျောင်းမပြီးသေးဘူး၊ ဒီမှာ ပညာတစ်ပိုင်းတစ်စနဲ့ ဘယ်လိုသွားမလဲ၊ သူများနိုင်ငံမှာ ရပ်တည်ဖို့ဆိုတာ အပြောလွယ်သလောက် လက်တွေ့ခက်တယ် ...

သမီး သိပ်သွားချင်သပဆိုရင် ကျောင်းပြီးမှသွား၊ အဲဒါမှ ဖေဖေတို့ လက်ခံနိုင်မယ်"

"ဆူးကို ခွင့်ပြုပေးပါ ဖေဖေ၊ ဆူး အားလုံးကို သေချာဆုံးဖြတ်ပြီးမှ ဖေဖေ့ကို အသိပေးတာပါ"

"ဘာဖြစ်တယ်၊ အသိပေးတာ ဟုတ်လား၊ ဆူး ... သမီး ဘာတွေဖြစ်နေတာလဲ၊ ဘာတွေ ပြောနေတာလဲ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကွေးနေတဲ့ အတွေးအခေါ်တွေ လုံးဝ အဓိပ္ပာယ်မရှိလို့ တားမြစ်နေတာ၊ အသက်နှစ်ဆယ်တောင် မပြည့်သေးတဲ့ မိန်းကလေးက တခြားနိုင်ငံမှာ ကိုယ့်ဘဝကိုယ်ကျောင်းလို့ ရနိုင်မယ်များ ထင်နေသလား၊ စိတ်တိုအောင် လာမပြောနဲ့တော့၊ ဒီစကား ဒီမှာရပ်"

မေမေက စိတ်ဆိုးမာန်ဆိုးဖြင့် အပြတ်ပြောလိုက်တဲ့ အချိန်မှာ ဆူက ခဏလေးတော့ ငြိမ်သက်လို့ သွားလေသည်။ ဖြစ်နိုင်ရင် ဆူး တကယ်ကိုပဲ အဝေးကြီးကို ထွက်သွားချင်တာ အသစ်ကို စိတ်နာသည်။ ထူး နှလုံးသားတစ်ခုလုံး တစ်စစီ မွကြေစေခဲ့တဲ့ သူ့ကို မျက်နှာတောင်မကြည့်ချင်ခဲ့ပေ။

"သမီး ... ဆူးလေး၊ မေမေတို့ကို ပွင့်ပွင့်လင်းလင်း ပြော သမီး၊ မျက်နှာလည်း မကောင်းဘူး၊ ဘာဖြစ်နေတာလဲ၊ ဒီကနေ တခြားနေရာကိုတောင် ထွက်သွားချင်လောက်အောင် သမီး ဘာတွေ ဖြစ်နေတာလဲ"





မေမေက ဖျောင်းဖျောင်းဖျဖျ လေသံဖြင့် မေးလိုက်ချိန်မှာ ဆူးက အရမ်းကိုပဲ ငိုချင်လို့လာသည်။ ဆူး ဘာလို့ ဒီလောက်ထိ ကံဆိုးရတာလဲ မေမေရယ်။

"ဘာမှမဖြစ်ပါဘူး မေမေ၊ ဆူးဘဝအတွက် ကိုယ့်ခြေထောက်အပေါ် ကိုယ်ရပ်တည်ကြည့်ချင်တာပါ"

"ဘာပဲဖြစ်ဖြစ် အဲဒါ အဓိပ္ပာယ်မရှိဘူး သမီး၊ သမီး သိပ်ပြီး သွားချင်သပ ဆိုရင်တော့ ကျောင်းပြီးမှသွား၊ အဲဒါ သမီးကို မေမေ တောင်းဆိုတာပါ၊ ဒါလေးတော့ လိုက်လျောပေးပါ"

မေမေက မျက်ရည်အဝဲသားဖြင့် တောင်းဆိုတာကြောင့် ဆူးက ရင်ထဲတော့ တကယ်ပဲ နင့်အောင် ခံစားရတော့သည်။ ဆူး ဒါပေမဲ့ ရင်မဆိုင်ရဲဘူးလေ။

"သမီး ... နော် ... ကျောင်းပြီးမှပဲ သွားပါနော် ... နော်... ဆူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဆူးရဲ့လက်တွေကို အားကိုးတကြီး ဆုပ်ကိုင်ကာ တောင်းဆိုတာမို့ ဆူးက မငြင်းဆန်ရက်တော့ပေ။ ရင်ထဲမှာ တဆစ်ဆစ်နာအောင် ခံစားနေရတယ်ဆိုပေမယ့် ဆူးရဲ့ ဘဝကို တစ်သက်လုံး တည့်မတ်ပေးညွှန်ပေးခဲ့တဲ့ မေမေ့စကား ကိုတော့ မပယ်ရှားလိုပေ။

"သမီး ... နော် ... မသွားတော့ဘူး မဟုတ်လားဟင်"

"ဟုတ် ... ကဲ့ ... ပါ ... မေမေ"

ခေါင်းညိတ်လက်ခံလိုက်ရပေမယ့် ဆူးရဲ့ အသံတွေ ဟာ အရမ်းကို တိတ်ဆိတ်ခြောက်ကပ်လွန်းလှသည်။ ဆူးရဲ့ရင်ထဲ ကို နုတ်မရနိုင်တဲ့ ဆူးတစ်ချောင်း အသစ်ရိုက်ထည့်ပေးလိုက်ပြီ ဖြစ်သည်။ ဆူးကို လူပုံအလယ်မှာ ရက်ရက်စက်စက် ပြောရက်ခဲ့ ခြင်းအတွက် ပက်ပက်စက်စက်ကို ကြေကွဲရတာပဲဖြစ်သည်။

❋ ❖ ❋





"သစ်ညို ... သား ဘယ်သွားမလို့လဲ"

အနောက်ကနေ လှမ်းခေါ်လိုက်တဲ့ မေမေ့အသံ ကြောင့် သစ်ညိုက ထွက်တော့မယ့်ခြေလှမ်းတွေ တုံ့ခနဲ ရပ်လိုက် ကာ မေမေ့ကို လှည့်ကြည့်မိသွားသည်။

"သား အပြင်ခဏသွားမလို့လေ မေမေ"

"ခဏလာထိုင်ဦး။ မင်းကို မေမေ အရေးတကြီး ပြောစရာ ရှိတယ်"

မေမေ့လေသံက တည်တင်း ပြတ်သားနေတာမို့ သူက နည်းနည်းတော့ စဉ်းစားသွားရကာ အမေ့စကား မပယ်ရှား သာဖြင့် မေမေနဲ့အတူ ဧည့်ခန်းကခုံမှာ ဝင်ထိုင်လိုက်သည်။ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးတာနှင့် မေမေက သူ့ကို ဦးစွာမေးခွန်း စထုတ်တော့တာပဲဖြစ်သည်။

"သားနဲ့ ဆူးလေးကြားမှာ ပြဿနာတစ်စုံတစ်ရာ ရှိနေကြလား"

မေမေ့ဆီက မျှော်လင့်မထားတဲ့ မေးခွန်းမျိုးကို ကြားရတာ မဟုတ်ပေမယ့် မေမေ့ဘက်က ကြားရတဲ့ လေသံက နည်းနည်းမာနေတာကြောင့် သူက ထုံးစံအတိုင်း ခေါင်းသာယမ်းပြရင်း ...

"ဘာမှ မရှိပါဘူး။ ဘာဖြစ်လို့လဲ မေမေ"

"ဆူးလေးက နိုင်ငံခြားမှာပဲ စာသွားသင်ပါရစေဆိုပြီး ခွင့်တောင်းနေတယ်။ သူ့ပုံစံကို ကြည့်ရတာ ဒီမှ တစ်စက်ကလေးတောင် မနေချင်တော့တဲ့ ပုံမျိုး နဲ့။ ဆူးလေး ဘာလို့ အဲဒီလို ဆုံးဖြတ်တာလဲဆိုတာ မေမေ သိပ်သိချင်တယ်"





မေမေ့ရဲ့ သိချင်မှုအဆုံးမှာ သူကိုယ်တိုင်ကလည်း တကယ်ကိုပဲ အံ့သြမှင်သက်လို့ သွားရတာပဲ ဖြစ်သည်။ ဆူးဟာ အဲဒီလောက်အထိကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချခဲ့တာ ဖြစ်တဲ့အတွက် သူ့အတွက်လည်း အဲဒါဟာ အကြီးစားရှော့ခ်ဖြစ်၏။ သူ ဆူးကို ဒေါသဖြစ်ဖြစ်နဲ့ ပြောမိလိုက်တဲ့ စကားတစ်ခွန်းဟာ ဆူးကို အရမ်းထိခိုက်စေခဲ့မှန်း အခုမှ သိရကောင်းမှန်း သိလို့လာ၏။

"သူက အဲဒီလိုပြောတော့ မေမေ ဘာပြန်ပြောလိုက်လဲဟင်"

"မေမေ တားရတာပေါ့။ ဘယ်လိုမှ တားမရတဲ့အဆုံးတော့ ကျောင်းပြီးရင် သွားခွင့်ပြုပါမယ်လို့ သဘောတူလိုက်ရတယ်။ ဆူးလေး ဘာလို့များ ဒီလောက်ထိ ထွက်သွားချင်နေရတာလဲ။ အဲဒါ သွေးရိုးသားရိုး မဟုတ်ဘူးဆိုတာ မေမေ သေချာသိနေတယ်။ ဆူး မျက်နှာလည်း မကောင်းဘူး။ သူ့မှာ သေချာပေါက် ပြဿနာတစ်ခုခု ရှိနေတယ်။ သားနဲ့ ဘာဖြစ်ကြသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက လုံးဝကို အခိုင်အမာ ကောက်ချက်ချပြောလိုက်တာမို့ သူက နည်းနည်းပျက်ချင်ချင်ဖြစ်သွားတဲ့ မျက်နှာအမူအရာကို ထိန်းလိုက်ရင်း ဖွတ်ငြင်းရတော့သည်။

“ဘာမှ မဖြစ်ပါဘူး မေမေ။ ဟို ... ဟို ... သားလည်း သူ့ကို မေးကြည့်ပါဦးမယ်”

“သားတို့ချင်း မေးကြည့်ပါဦး။ ပြီးတော့ ဆူးလေးကိုဂရုစိုက်ပါ သားရယ်။ မေမေ့အတွက်တော့ သူဟာ သမီးပဲ။ ဘယ်မိဘမဆို သူတို့သားသမီးကို သူတို့မျက်စိရှေ့မှာပဲ အချိန်တိုင်း ရှိနေကြစေချင်တာမျိုးလေ”

“ဟုတ်ကဲ့ပါ မေမေ။ သား သူနဲ့ စကားပြောကြည့်လိုက်ပါဦးမယ်။ အဲဒီ ဆူးမ တစ်ယောက် ဘာတွေလျှောက်တွေးနေတာလဲ မသိဘူး”

သစ်ညိုက တကယ်ပဲ စိတ်ရှုပ်ထွေးစွာဖြင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။ အဲဒါ ဆူး နှောင့်တာလို့ သူကတော့ သတ်မှတ်ယူဆလေသည်။





“မေမေ အခု သူ ဘယ်သွားတာလဲ”

“အပြင်ခဏလို့တော့ ပြောသွားတာပဲ။ ဆူးလေး တော်တော်ပြောင်းလဲသွားတာတော့ အမှန်ပဲ”

“သား အပြင်ခဏသွားလိုက်ဦးမယ် မေမေ”

သစ်ညိုက မေမေ့ဆီက ခွင့်ပြုချက်တောင်းပြီးတဲ့အခါမှာတော့ အပြင်ရောက်တာနဲ့ အရင်ဆုံး ဆူးဆီ ဖုန်းဆက်တာပဲဖြစ်သည်။ သူ့ဖုန်းမို့ ဆူးက ချက်ချင်းမကိုင်ဘဲ ချေနေသေးမှန်း သိသာအောင် တမင်ပညာပြထားပြီးမှ ဖုန်းကိုင်လေသည်။

“အင်း ... အသစ် ... ပြော”

“နင် ဘယ်ရောက်နေတာလဲ ဆူး”

“လေးလေးဆီက အခု ပြန်လာနေပြီ”

“ငါ နင်နဲ့ စကားပြောစရာရှိတယ် ဆူး။ နင် အဲဒီမှာ ခဏစောင့်နေ ငါလာခဲ့မယ်”

သူက စကားဆက်အပြောတောင် မစောင့်တော့ဘဲ ဖုန်းချလိုက်သည်။ ဒီအချိန်မှာ သူရင်ထဲက မေးချင်တဲ့ မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



တွေက တစ်ပုံတစ်ခေါင်းကြီးပဲဖြစ်သည်။ သူ ကားကို ခပ်သွက်သွက် မောင်းချလာလျှင် လမ်းထောင့်တစ်နေရာမှာ ကားရပ်ထားသော ဆူးကိုတွေ့လေလျှင် သူက ဆူးရဲ့ကားအရှေ့ကို ကျော်ရပ်ကာ ကားပေါ်က ဆင်းလိုက်သည်။

"နင် ငါ့ကို ဘာပြောမလို့ တကူးတက စောင့်နိုင်းတာလဲ"

ဆူးရဲ့လေသံက အေးဆေးငြိမ်သက်လွန်းလှတာကြောင့် သူက နေ့ချင်း ညချင်း ပြောင်းလဲလို့ သွားလေသော ဆူးကို တကယ်ပဲ အံ့အားသင့်ရလေသည်။ သူက ပြောချင်တဲ့စကားထက် မေးချင်နေတဲ့ ရင်ထဲကမေးခွန်းကို အရင်မေးရလေသည်။

"ငါ့ကို အခုချိန်ထက်ထိ စိတ်ဆိုးနေသေးတာလား ဆူး"

သူ့မေးခွန်းအဆုံးမှာ ဆူးက သူ့ကို အဓိပ္ပာယ်တွေ အများကြီး ပါဝင်နေသော အကြည့်ဖြင့် နင့်နင့်နဲနဲ စိုက်ကြည့်ပြီးမှ ခေါင်းအသာယမ်းပြရင်း ...

"စိတ်မဆိုးခဲ့ဖူးပါဘူး။ ငါတို့က စိတ်ဆိုးလို့ရတဲ့ လူတွေမှ မဟုတ်တာ။ တစ်သက်လုံး သူစိမ်းတွေလေ"





"ကျစ် ... ဆောရီးပါဟာ။ ငါ အဲဒီနေ့က စကားပြောအရမ်းလွန်သွားတာ တောင်းပန်ပါတယ်"

"နင် အခု ငါ့ကို စောင့်နိုင်းတာ ဘာပြောချင်လို့လဲ။ အဲဒါကိုပဲ ပြောပါ"

ဆူးက စကားစကို တိခနဲ ဖြတ်ချရင်း လိုရင်းကို ပြောခိုင်းတာမို့ သစ်ညိုက ပြောင်းလဲသွားတဲ့ ဆူးကို အံ့သြစွာကြည့်မိရင်းကမှ မေးလိုက်တော့သည်။

"နင်က နိုင်ငံခြားမှာ စာသွားသင်မယ်လို့ မေမေ့ကို ပြောတယ်ဆို။ အဲဒါ ဘာသဘောလဲ"

သူ့မေးခွန်းကို ဆူးက ချက်ချင်းမဖြေသေးဘဲ ပြုံးမြုံမျက်နှာပေးဖြင့် သူ့ကို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"အဲဒါ နင့်အတွက် ပိုကောင်းသေးတယ် မဟုတ်ဘူးလား အသစ်။ နင်လုပ်ချင်တာတွေ လုပ်နိုင်ပြီလေ။ မေမေ့ကို ပြန်ထောင်မယ့်သူမှ မရှိတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... နင် သက်သက်မဲ့ အရွဲ့တိုက်တာပဲ။ ဆူး ... နင် ငါ့ကို ဘာမကျေမနပ် ဖြစ်နေတာလဲ။ နင့်အချိုးတွေ လုံးဝမဟုတ်တော့ဘူး။ ဖွဲ့နဲ့ငါ ရည်းစားဖြစ်သွားကတည်းက နင် ငါ့ကို စိမ်းကားနေတာ။ ပြော ... နင် ငါ့ကို ဘာမကျေနပ်တာလဲ။ ပေါ်တင်ပြောဟာ"

သစ်ညိုက တကယ်ပဲ လုံးဝကို သည်းညည်းမခံနိုင်တော့စွာ ပေါက်ကွဲမိသွားတော့သည်။ ဆူး အဲဒီလောက်အထိ ခနဲ့စကားတွေ သုံးနှုန်းတတ်တယ် ဆိုတာလည်း သူ မသိပေ။ သူက အဲဒီ ခနဲ့တဲ့ ရွဲ့တဲ့ စကားတွေကို ဆက်သည်းခံပြီး နား မထောင်နိုင်တော့စွာ ဆူးကို ပေါ်တင်ဖွင့်မေးလိုက်လျှင် ဆူးက အသက်မပါစွာ ခြောက်ကပ်ကပ် ရယ်မောရင်း ...

"ဟက် ဟက် ... နင်က ငါ့ကို သိပ်အထင်သေးတာပဲ နော်။ ဘာဖြစ်တယ်။ နင်နဲ့ဖွဲ့ ရည်းစားဖြစ်သွားကတည်း က ငါက နင့်ကို စိမ်းကားတယ်။ မကျေနပ်ဘူး ... ဟုတ် လား ...





ဖူးသစ်ညို ... နင့်ရဲ့အမြင်မှာ ငါက နင့်ကို ရူးနေအောင် တစ်ဖက်သတ် ချွဲလမ်းနေတယ်လို့ ထင်နေတာလား။ နင် ငါ့ကို သိပ်အထင်သေးလွန်းအား ကြီးနေပြီ။ နင့်ကို ငါ ကြိုက်ခဲ့တယ် ဆိုရင်တောင် လူကြားထဲမှာ ငါ့ကို ရက်ရက်စက်စက် ပြောရက်တဲ့ နေ့ကတည်းက ငါ့ စိတ်ထဲမှာ နင် မရှိတော့ဘူး။ နင်က ငါ့အချစ်ဆုံးသူငယ် ချင်း ဖြစ်ရက်နဲ့ ငါ့ကို ဘာလို့ နာကျင်စေရတာလဲ။ နင့် မှာ စာနာစိတ်ဆိုတာလည်း မရှိဘူး။ အားနာတယ် ဆို တာလည်း မရှိဘူး။ နင့်အတွက် ငါက အမြဲတမ်း အထင် သေးခံရတဲ့သူပဲ"

"ဆူး ... ဟဲ့ ... ဆူး"

ဆူးက ငိုသံပါလေသံဖြင့် ဖွင့်ပြောပြီးနောက် အသည်းအသန် ပြေးထွက်၍ ကားပေါ်တက်ကာ ဝေါခနဲ မောင်း ထွက်သွားသည်။ ဟား ... ဘာလဲကွာ။ မိန်းမတွေရဲ့စိတ်ဟာ တကယ်ပဲ သူ လိုက်မမိနိုင်တဲ့ အနေအထားပဲ ဖြစ်သည်။ ဆူး



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ငါက အထင်သေးခံရတဲ့သူဆိုပြီး ထပ်ခါ ထပ်ခါ အဲဒီစကားကိုပဲ ပြောနေရတာလဲ။

သစ်ညိုက ဘာမှကို ရှင်းလိုက်ချိန် မရဘဲ ထွက်သွားလေတဲ့ ဆူးကို တကယ်ပဲ လိုက်လို့မမီအောင် နားမလည် ဖြစ်ရလေသည်။

❋ ❖ ❋





ဆူးက မခံနိုင်သော နှလုံးသားဖြင့် ကားကို တရကြမ်း မောင်းချလာခဲ့ကာ အိမ်ထဲကို ဝုန်းခနဲ ပြေးဟိုဝင်လာခဲ့သျှင် မေမေနှင့် ပက်ပင်းတိုးတာမို့ မေမေက မျက်ရည်တွေနဲ့ ဆူးကို ထိတ်လန့်တကြား ဆီးပွေ့ကာ စိုးရိမ်တကြီး မေးလေသည်။

"သမီး ... သမီး ... ဆူးလေး ဘာဖြစ်လာတာလဲ"

"မေမေ ... မေမေ"

ဆူးက မေမေ့ရင်ခွင်ထဲဝင်ကာ ကလေးတစ်ယောက်သို ရှိုက်ကြီးတငင် ငိုကြွေးနေမိသည်။ ဆူးရဲ့ ရင်ထဲမှာ အရမ်းကို ခံနေည်းကြေကွဲရလေသည်။ ဆူး မိဘမဲ့ဘဝနဲ့ ဖြတ်သန်းလာခဲ့တဲ့ အချိန်တွေတိုင်းအတွက် ဆူးသောနားမှာ အားငယ်မှုဆိုတာ မရှိရလေအောင် ဂရုစိုက်ပေးခဲ့တဲ့ ဆူးဘဝရဲ့ ကျေးဇူးရှင် မေမေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့မေမေကို ဆူးအတွက်ကြောင့်တော့ တကယ်ပဲ စိတ်မဆင်းရဲစေလိုပေ။

“ဆူးလေး … ဘာဖြစ်လာတာလဲ။ မေမေ မေးနေတယ်လေ”

မေမေက ဆူးကို ရင်ခွင်ထဲကထုတ်ကာ စိုးရိမ်ထိတ်လန့်တကြီးဖြင့် မေးတာကြောင့် ဆူးက အလွယ်တကူကျလို့နေသည့် မျက်ရည်များကို ပွတ်သုတ်လိုက်ရင်း …

“ဘာ … ဘာမှမဖြစ်ပါဘူး မေမေ”

“ဟယ် … အဓိပ္ပာယ်မရှိတာ။ ဒီလောက် ဝမ်းနည်းတကြီး ငိုပြီးမှ ဘာမှမဖြစ်ဘူးဆိုတာ အဓိပ္ပာယ်ကို မရှိဘူး။ ပြော ဘာဖြစ်လဲ သမီး။ ပြောစမ်းပါ။ ဆူးလေးရှေ့မှာ မေမေတို့ရှိတယ်။ သမီးကို ဘယ်သူ ဘာပြောလဲ။ ဘာလုပ်လဲ ပြောစမ်း”

“ဟို … ဟို … တကယ်ပါ မေမေရယ်။ ဘာမှမဖြစ်တာပါ။ ဆူး ဘာဖြစ်လို့ ဝမ်းနည်းသွားမှန်း မသိဘဲ ရုတ်တရက်ကြီး ငိုချင်မိသွားလို့ပါ”





ဆူးက အဓိပ္ပာယ်မရှိပေမယ့် အဆီလျော်ဆုံး ဖြစ်အောင် ဖြေလိုက်လျှင်/မေမေက ဆူးကို လုံးဝသဘောမတူသော မျက်လုံးတို့ဖြင့် ကြည့်ရင်းက …

“သမီး … အခု ဘယ်သူနဲ့ တွေ့လာတာလဲ။ သစ်ညိုနဲ့လား”

လုံးဝကြီးကို ကွက်တိမေးလိုက်လေသော မေမေ့ရဲ့မေးခွန်းကြောင့် ဆူးရဲ့မျက်နှာဟာ သိသိသာသာ ပျက်သွားတာကို မေမေက ဒက်ခနဲ ရိပ်မိသဘောပေါက်လေကာ မေမေက ဆူးရဲ့ဆံပင်လေးတွေကို ခပ်ဖွဖွ သပ်ပေးလိုက်ရင်း …

“လူငယ်တွေရဲ့စိတ်ခံစားချက်ကို မေမေတို့ နားလည်နိုင်အောင် ကြိုးစားပါတယ်။ ဆူးလေး … သမီးလေးက မေမေရဲ့ ဝမ်းနဲ့လွယ်မမွေးရပေမယ့် မေမေ တစ်သက်လုံး ကိုယ့်သမီးလေးလို ဂရုစိုက်ခဲ့တာပါ။ သမီး ရင်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ မေမေ သိနေပါတယ်။ ဆူးလေး … ဘာတွေပဲ ဖြစ်နေ ဖြစ်နေ သစ်ညိုနဲ့ ဆူးလေးဟာ မေမေ



www.burmeseclassic.com

www.burmeseclassic.com



တို့ ဖေဖေတို့ရဲ့ အနာဂတ်ပဲ။ ဆူးလေးကို မေမေ့ရဲ့သမီး ချွေးမ ဖြစ်ကိုဖြစ်စေရမယ်လို့ မေမေ ကတိပေးတယ်။ ဒီအချိန်ဟာ စာသင်နေသေးတဲ့ အရွယ်ပဲ ရှိသေးတယ်။ မေမေတို့ အမြင်မှာ မရင့်ကျက်သေးဘူးလို့ မြင်နေတုန်းပဲ။ သမီးလေး ရင်ထဲမှာ ဘာတွေ ဖြစ်နေတယ် ဆိုတာကိုလဲ မေမေ သိတယ် ...

စိတ်ထဲမှာ ဘာမှမခံစားပါနဲ့လို့ မေမေ ပြောလိုက်ပြန်ရင်လည်း အဲဒါ မတရားလွန်းရာ ရောက်နေတယ်ဆိုတာ မေမေ သိတယ်။ ဆူးလေးရယ် ဘာပဲဖြစ်ဖြစ် သမီးစိတ်ထဲမှာ အမြဲသိထားရမှာက မေမေတို့အတွက် ဆူးဟာဟိုးအရင်ကတည်းက သတ်မှတ်ထားခဲ့ပြီးသား။ သားရဲ့ဖူးစာဖက်ပဲ"

မေမေ့စကားကြောင့် ဆူးက တကယ်ပဲ အံ့အားတသင့် ဖြစ်ရကာ အရမ်းလည်းပဲ အံ့သြမိသည်။ မေမေတို့အသစ်နဲ့ ဆူးကို ရည်ရွယ်ထားတယ်ဆိုတာ ဆူး သိသော်လည်း





အဲဒီစကားဟာ ဒီအတိုင်း ရိုးရိုးသာမန် အပြောင်အပြက် ပြောခဲ့တာလို့ ထင်ခဲ့တာဖြစ်၏။

အခုလို တကယ်ကြီး အမေ့ဘက်က အာမခံချက်ပေးလာတဲ့ အခါမှာတော့ ဆူး ဘာကြောင့်ပဲဖြစ်ဖြစ် လက်သင့်မခံတိုက်ဘူးဆိုတာ ဆူး နားလည်ထားသည်။ ဆူးက မျက်ရည်များဝဲရင်းက ခေါင်းအသာယမ်းလိုက်ခြင်းကို မေမေက သတိထားမိသွားဟန်ဖြင့် ...

"ဘာဖြစ်လို့ ခေါင်းခါရတာလဲ သမီး။ ဘာဖြစ်လို့လဲ"

"အဲဒီလို မဖြစ်သင့်လို့ပါ မေမေ။ အသစ်က သမီးကို သူငယ်ချင်းလိုပဲ သတ်မှတ်ထားတဲ့သူပါ"

"ဟင် ... ဒါပေမဲ့ မေမေက စီစဉ်တာလေ။ မဖြစ်ဘူးဆိုတာ မရှိစေရဘူး"

မေမေက ဆူး ခံစားချက်တချို့ကို ရိပ်မိနေဟန်ဖြင့် ဖွတ်ဖြစ်အောင် စီစဉ်မယ်ဆိုတဲ့ စကားကြောင့် ဆူးက ခေါင်းကို တွင်တွင်ခါယမ်းရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး မေမေ။ ဆူး အဲဒီလို ဖွတ်စီစဉ်တာကို လက်မခံဘူး။ အသစ် သမီးကို အထင်သေးတာတွေကို ဆူး မခံစားနိုင်လို့ပါ"

"သမီး ... ဆူး"

ဆူးက မေမေ ခေါ်တာကိုလည်း ဂရုမစိုက်အားနိုင်တော့စွာဖြင့် အပေါ်ကိုပဲ တစ်ရှိန်ထိုး တက်သွားကာ အခန်းထဲပြေးဝင်လာ၍ ရှိုက်ကြီးတငင်ကို ငိုနေမိတော့သည်။ ဆူးရင်ထဲကနင့်နဲ့စွာ ခိုက်ဝင်နေသည့် အရှက်တရားကို ဆူးပဲ သိသည်။ ဆူးသိပ်ကိုတွယ်မိတဲ့ အသစ်ဟာ သူ့မှာ ရည်းစားရှိတယ်ဆိုတဲ့ အသိစိတ်ကြောင့် ဆူးရင်ထဲက စွဲထုတ်ခံလိုက်ရသလို ခံစားချက်တွေဖြင့် တစ်ယောက်တည်း ဈေးတွေဝင်နေချိန်မှာ ရုတ်တရက်ကြီးအသစ်ရဲ့ အထင်သေးမှုတွေကို အပုံလိုက် အစုလိုက် ရရှိခြင်းအတွက် ဆူး လူးလိမ့်နေအောင် ခံစားခဲ့ရသည်။

ဆူး မျှော်လင့်ထားတဲ့ ဆူးရဲ့ဆယ်ကျော်သက်ချစ်ခြင်းတရားတွေဟာ အသစ်ပြောတဲ့ နှိမ်နှိမ်ချချ စကားလုံးတွေထဲ





မှာဘဲ အဆိတ်စတ်ခံလိုက်ရကာ ဆူး သူငယ်ချင်းအပေါ် တွယ်ငြိသဝန်တိုမိတဲ့စိတ်ဟာ အရှက်တရားအောက်မှာတင် ဖုန်းဖုန်းပစ်လို့လဲကျရလေသည်။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com







နှစ်ပတ်ခန့်ကြာပြီးသည့်နောက်တွင်... ...

www.burmeseclassic.com

www.burmeseclassic.com







ဆူးနဲ့သူ စကားမပြောတာ နှစ်ပတ်နီးပါး ကြာလာသောအခါမှာတော့ သစ်ညိုက ဆူးကို တကယ်ပဲ အံ့သြမိသည်။ ဆူးတစ်ယောက် ဘာအကြောင်းကြောင့် ဒီလောက်ကြီးအထိ သူ့ကိုမခေါ်နိုင် မပြောနိုင် ဖြစ်တာလဲ ဆိုတာကို သူ နားကိုမလည်နိုင်တော့ချေ။ သူ့ဘက်ကလည်း ဆူးကို ဖောင်းလ်သွားတယ် ဆိုပေမယ့် ဆူးဟာ သူ့အတွက်တော့ အင်မတန် သူ သံယောဇဉ်ကြီးရသည့် ငယ်ပေါင်းကြီးဖော် သူငယ်ချင်းပဲ ဖြစ်သည်။ ဆူးနဲ့သူ တစ်အိမ်တည်း အတူနေပြီး ခပ်စိမ်းစိမ်း ဖြစ်နေတဲ့ အနေအထားမျိုးကြီးကိုလည်း သူက တကယ်ပဲ မလိုချင်တာကြောင့် ကန်တင်းဘက် ထွက်သွားသော ဆူးနောက်သို့ သူက လိုက်လေ၏



www.burmeseclassic.com

www.burmeseclassic.com



သွားလေလျှင် ဆူး ဘေးနားမှာ အခန့်သားထိုင်ကာ စကားပြော နေတဲ့ ဓေယျနောင်ကို မြင်လိုက်ရလျှင် မျက်နှာက အော်တိုမဲ့မိ သွားသည်။ ဆူးတစ်ယောက်လည်း အဲဒီကောင်နဲ့များ ကြိုက်နေ ပြီလား မသိဘူး။

သူက စိတ်ထဲက အတွေးကို ဖျောက်ဖျက်ပစ်လိုက် ရင်း ဆူးဆီ လျှောက်လာခဲ့လိုက်တော့သည်။ နဂို မကြည်ခတ်ခဲ က ရှိနေတာကြောင့် သူ့ရဲ့လေသံက အနည်းငယ်တော့ ထန်သွား ခဲ့သည်။

"ဆူး"

"ဘာလဲ ... အသစ်။ ကိစ္စရှိလို့လား"

"ငါ နင်နဲ့ စကားအေးဆေး ပြောချင်တယ်"

"ဒီမှာ ပြော"

"ငါ နင်နဲ့ပဲ ပြောချင်တာ"

သူ့ရဲ့ဘုတော့စကားသံ အဆုံးမှာတော့ ဓေယျနောင် က ဘာလိုင်းကို ဝင်ကြိတော့တာ ဖြစ်သည်။





"ဟော့ကောင် ... ဆူးက ဒီမှာ ပြောဆို ပြောလိုက်ပေါ့။ ဘာတွေ ထပ်တွန့်နေတာလဲ"

"မင်းနဲ့ ဘာဆိုင်လဲ ဟော့ကောင်"

"ဟား ... ဆိုင်လို့ ဝင်ပြောနေတာ။ မင်းကသာ အခြေ အနေနဲ့ အချိန်အခါကို မသိတဲ့ လူရှုပ်"

"မင်း ..."

သစ်ညိုက ထောင်းခနဲ ဖြစ်လာသော ဒေါသဖြင့် စားပွဲခုံကို လက်သီးဖြင့် ဝုန်းခနဲထုလိုက်လျှင် ဆူးက လှုပ်လှုပ် ခတ်ခတ် ဖြစ်ကုန်တော့မည့် အခြေအနေအတွက် အလျင်အမြန် ဝင်ထိန်းလိုက်ရင်းက သူ့ကို လေသံခပ်မာမာဖြင့် ပြောလေ၏။

"တော်ကြတော့။ နင် ဖြစ်ချင်တာ ဖြစ်စေရမယ်။ ဓေယျ... ပြီးတော့မှ ဆူး လိုက်ခဲ့မယ်။ အရင်သွားနှင့်လိုက်ပါ"

"Ok ... ကိုယ်သွားနှင့်လိုက်မယ်"

ဓေယျ ထွက်သွားသည့်နောက်တွင်တော့ ဆူးက သူ့ကို မကြည်မလင်ပုံစံဖြင့် မေးဆတ်ပြရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ပြော ... ဘာပြောမှာလဲ"

"နင် ငါ့ကို ဘယ်တော့မှ စိတ်ဆိုးပြေမှာလဲ ဆူး"

"ငါက ? ။ ဘယ်တုန်းကမှ နင့်ကို စိတ်မဆိုးခဲ့ဖူးပါဘူး"

"အဲဒါဆို နင် ဘာလို့ ငါ့ကို ရှောင်နေရတာလဲ။ တစ်အိမ်တည်း အတူတူနေပြီး အဲဒီလောက်အထိ စိမ်းကားသွားရအောင် ငါတို့တွေ ခွန်းကြီးခွန်းငယ် ရန်ဖြစ်ထားတာမှ မဟုတ်တာ။ ပြီးတော့ ... နင် အခုလို ငါ့ကို သူစိမ်းတစ်ယောက်လို ဆက်ဆံနေတာ ငါ တကယ် ဒေါသဖြစ်တယ်"

သစ်ညိုက စိတ်ထဲက တကယ့်ခံစားချက်ကို ပြောပြလိုက်သည်။ တကယ်လည်း သူ့စိတ်ထဲမှာ အလိုမကျ ဒေါသတွေ ဖြစ်နေခဲ့ရတာဖြစ်သည်။ ဆူးနဲ့ဖွဲ့ ကြားမှာ သူ အနေရခက်သူကြီးလည်း မဖြစ်ချင်ပေ။

"ငါတို့က စိမ်းသွားတာ မဟုတ်ပါဘူး။ အဲဒီလိုပဲ ဖြစ်တတ်တယ် အသစ်ရဲ့။ သိပ်ချစ်ကြတဲ့ သူငယ်ချင်းနှစ်





ယောက်ထဲက တစ်ယောက်ယောက်မှာ ချစ်သူရှိသွားတဲ့အခါမျိုးကျရင် အဲဒီလိုလေးပဲ ပတ်သက်မှု တုံ့သွားတတ်ကြတယ်။ အရင်လို ခင်နေပေမယ့်လည်း အရင်ကလောက်တော့ မခင်တော့သလို ခံစားရတာမျိုးပါ။ ငါကတော့ ကျင့်သားရပြီးသားပါ။ နင်လည်း နောက်ဆို ကျင့်သားရသွားမှာပေါ့"

ဆူးက အရမ်းကို စကားပြော တည်ငြိမ်လွန်းနေတာကြောင့် သူ့မှာ နည်းနည်းတော့ တွေဝေငြိမ်သက်လို့ သွားလေသည်။ ဆူးပြောတဲ့ စကားလုံးတွေက အဓိပ္ပာယ်တော့ တကယ်ကိုပဲ အရမ်းရှိလို့နေတာဖြစ်သည်။ ဒါပေမဲ့ နောက်ဆုံး ပြောသွားတဲ့ 'နောက်ဆို ကျင့်သားရသွားပေါ့'ဆိုတဲ့ စကားကို သူက သိပ်ဘဝင်မကျချေ။

ဆူး ဆိုလိုချင်နေတာက ...။ သူက ဒက်ခနဲပေါက်သွားသော အတွေးနဲ့ အတူ ဆူးကို အကဲခတ်ရင်းက ...

"ဆူး ... နင် ဆိုလိုတာက ..."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ငါ ရည်းစားရသွားရင်လည်း နင် အဲဒီလိုပဲ ခံစားတတ်ကောင်း ခံစားရမှာပေါ့လို့ ပြောချင်တာလေ"

"နင်နဲ့ ဟိုကောင်က ကြိုက်နေတာလား။ ဆူး ... အဲဒီကောင်က ဂျပလွတ်ဆိုတာ နင် သိတယ်နော်။ သွားပြီး ဝေါက်မနေနဲ့"

ဆူးအတွက် သူက စိုးရိမ်စိတ်ပူလာကာ တားမြစ်လိုက်လျှင် ဆူးက သူ့ကို ဘာသာပြန်ရခက်စွာသော အကြည့်တို့ဖြင့် သူ့ကိုစိုက်ကြည့်ကာ ...

"နင် တော်တော် ရယ်ရတာပဲနော်။ ငါ့ကို အဲဒီလောက်တောင် အထင်တွေ သေးပြီးရင်း သေးနေတော့တာပဲလား"

"ဘာလဲ။ နင် ပြော,ပြောနေတဲ့ အထင်သေးတယ်ဆိုတာ ဘာလဲ"

သူက လုံးဝကို သည်းမခံနိုင်တော့စွာ ပေါက်ကွဲသွားလိုက်လျှင် ဆူးက သူ့ကို တရစပ်ကို စကားလုံးရိုင်းကြီးတွေဖြင့် ထိုးနှက်တော့တာဖြစ်၏။





"ဒီမှာ အသစ် ... ငါ့ဘဝက နင်တို့အပေါ်ကို မှီခိုနေရလို့ နင် သိပ် အထင်သေးနေတယ်ဆိုရင် ငါ ထွက်သွားပေးမယ်။ ငါ့မှာ ဦးနှောက်ရှိတယ်။ ဖေဖေ့ကို ငါ ကြိုက်ကြိုက် မကြိုက်ကြိုက် အဲဒါ ခံစားချက်ပဲ။ နင် ဘာမှ ဝေဖန်စရာ အကြောင်းမရှိဘူး။ နင် လူတစ်ယောက်ကို တရားလွန် အထင်မသေးစမ်းပါနဲ့"

ဆူးက ပြောပြီး စားပွဲဝိုင်းက ဝုန်းခနဲ ထလို့ထွက်သွားလေလျှင် သူက ဆူးဟု လှမ်းခေါ်လိုက်သော်လည်း ဆူးက ခြေလှမ်းတွေ တုံ့ဆိုင်းမသွားခဲ့ပါ။ သူ့ကို ထားခဲ့၍ သူနဲ့ဝေးရာကို ထွက်သွားလေသည်။

ဆူး တစ်ယောက်တည်း ဘာလို့ ပူလောင်နေသလဲဆိုတာ သူလည်း မပြောတတ်တော့ပေ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအဖြေက ရှင်းနေတာပဲ။ ဆူးရှိုးရှိုးက နင့်ကို ချစ်နေတာ"

ဟားကွာ။

သစ်ညိုက ဒေါသသံဖြင့် ပြောလေတဲ့ ဖွဲ့ရဲ့စကားကြောင့် သက်ပြင်းတစ်ခုချကာ အံ့အားသင့်မှုကလည်း သက်ပြင်းနောက်သို့ ပါလာလေ၏။

ဆူးက သူ့ကို ချစ်နေတယ်။

"မဖြစ်နိုင်ဘူး။ ကိုယ်တို့နှစ်ယောက်က သူငယ်ချင်းတွေ မောင်နှမလို ငယ်ငယ်ကတည်းက တူတူနေလာတာ။ ဖွဲ့ရာ ... ပေါက်ကရတွေ လျှောက်မတွေးပါနဲ့။ တွေ့တုန်းခဏလေးမှာ ဒီအကြောင်းတွေ ပြောဖို့မှ မလိုတာ"





"လိုအပ်တယ်။ အရမ်းကို လိုအပ်တာပေါ့။ မချစ်ရင် သဝန်မတိုဘူး။ ချစ်လို့သာ သဝန်တိုတာ။ သဝန်တိုလို့သာ ဖွဲ့တို့ စကားဝိုင်းကို သူ ဝင်ဖျက်တာ"

"အဲဒီကိစ္စက အခုထိ မပြီးနိုင်သေးဘူးလား ဖွဲ့ရာ"

သစ်ညိုက တကယ်ကိုပဲ စိတ်ပျက်စွာ ညည်းညူမိလေသည်။ တကယ်ကိုပဲ သူ စိတ်ရှုပ်ရလေသည်။ ဖွဲ့နဲ့တွေ့တိုင်း အဲဒီကိစ္စက အစပြန်ကောက်သည်။ ပြန်ကောက်ချင်စရာ ကောင်းလောက်အောင်လည်း ဖွဲ့ကို တနုံ့နုံ့ ခံစားစေခဲ့တာ ဖြစ်သည်။

"မပြီးဘူး။ ဖွဲ့ အဲဒီကိစ္စကို လုံးဝမကျေဘူး"

"ကိုယ် တောင်းပန်ပါတယ် ဖွဲ့ရယ်။ နားတွေ ငြီးတယ်ကွာ။ မဟုတ်တဲ့ ရှင်းရတဲ့ အလုပ်ကို ကိုယ်အမုန်းဆုံးပဲ"

"ဘာ"

သူက တစ်နေ့ တစ်နေ့ အချစ်နဲ့ ကျိုင်တက်တာတွေက သိပ်များနေလွန်းသော အခါတွင်တော့ ဘယ်လိုမှလည်းကမခံချင်တော့စွာဖြင့် ဖွဲ့ကို အော်မိသလို ဖြစ်သွားလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့က ဘာဆိုတဲ့ ဆောင့်အောင့်သံနှင့်အတူ သူ့ကို ပြုံးသနား တော့တာပဲ ဖြစ်သည်။

"နားငြီးတယ်။ အမုန်းဆုံးပဲ ... ဟုတ်လား"

"မဟုတ်ပါဘူး ... ကိုယ် ပြောချင်တာက ..."

"တော်တော့။ ဒီမှာတင် တော်လောက်ပြီ။ ဖူးသစ်ညို — ချစ်သူတစ်ယောက် အပေါ်ကို ရှင်းပြရမယ့်အစား စိတ်ကုန်နေတယ် ဆိုကတည်းက နင့်စိတ် ငါ့အပေါ် ဘယ်လို သဘောထားတယ်ဆိုတာ ရှင်းသွားပြီ"

ဖွဲ့က ထပ်မံ၍ သူ့ကို အထင်ထပ်လွဲကာ ပြုံးသနား ရှာတာကြောင့် သူက ဘယ်လိုမှကို နားမလည်နိုင်တော့ဘဲ တကယ်ပဲ စိတ်တွေညစ်လာမိသည်။

ဒါပေမဲ့လည်း သူ့မှာ သူ့ ရည်းစား စိတ်ဆိုးသွား ခြင်းအပေါ် မျက်နှာလွှဲခဲပစ် လုပ်လို့မရတဲ့ အတွက်ကြောင့် သူက ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်ရင်း ဖွဲ့ စိတ်ကျေနပ်အောင် သူ့မှာ ဖြေရှင်းရတော့သည်။





"မဟုတ်ဘူးလေ ဖွဲ့ရာ။ ကိုယ်ဆိုလိုတာက ကိုယ်တို့နှစ် ယောက် ဒီကိစ္စနဲ့ စကားများဖို့ ပြောတာလေကွာ။ ဖွဲ့နဲ့ ကိုယ်က ချစ်သူတွေလေ။ ဖွဲ့က ကိုယ့်ကို မယုံဘူးလား"

"မယုံဘူး။ ဖွဲ့ ဘယ်သူ့ကိုမှ မယုံဘူး။ ယုံချင်စရာမှ မကောင်းတာ"

ဖွဲ့ရဲ့ ခပ်ဆတ်ဆတ် အပြောကြောင့် သူက စိတ်ထဲ မှာ တကယ် ဖျဉ်းခနဲ ဖြစ်သွားကာ ဒေါသတကယ် ဖြစ်သွားရ သည်။ ဖွဲ့ရဲ့ အဲဒီအကြည့်နဲ့ အဲဒီအပြောတွေဟာ သူ့ရဲ့သိက္ခာ ကို အများကြီး ထိနိုက်စော်ကားနေသလို ခံစားရလေသည်။

"ဖွဲ့ ... အခုမှ ဘာထဖြစ်တာလဲ။ မဟုတ်သေးဘူးကွာ။ မင်းတို့မိန်းကလေးတွေရဲ့စိတ်က တကယ်ပဲ နားလည်ရ ခက်လွန်းအားကြီးတယ်"

ဖွဲ့က သူ့ကို ခက်ထန်တဲ့ မျက်ဝန်းတို့ဖြင့် ခပ်နက် နက် စိုက်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ကျွန်မကလည်း နားငြီးတယ်လို့ တကယ်ကြီး ပြောထွက်တတ်တဲ့ ရှင့်လိုလူမျိုးကို သိပ်အံ့ဩတယ်။ နင် ငါ့ကို လာစကားမပြောနဲ့။ တောက်"

"ဟာ ... ဖွဲ့ ... ဖွဲ့"

သူ အနောက်ကနေ အသည်းအသန် ဖွဲ့ကိုလှမ်းဆွဲလျှင် ဖွဲ့က သူ့ကို မီးဝင်းဝင်းတောက် ပြန်ကြည့်ကာ ...

"နင် ငါ့လက်ကိုလွှတ်နော်။ ငါ ဒီနေ့ အရမ်းဒေါသဖြစ်နေတယ် ဖူးသစ်ညို"

ဖွဲ့ရဲ့လေသံက အတော်ကျယ်တာကြောင့် သူက တကယ်ပဲ စိတ်ပေါက်လာရကာ ဖွဲ့လက်ကို လက်တွဲဖြုတ်လိုက်ရင်း သူကပါ ဒေါသဖြစ်ဖြစ်နဲ့ ထအော်လိုက်သည်။

"အေးဟာ ... ဒီလောက် နင် ပြောရ ဆိုရ လက်ပေါက်ကပ်လည်း သွားတော့။ ငါလည်း နင်တို့နှစ်ယောက်ကြားထဲမှာ ဘာမှမဟုတ်ဘဲ ဟုတ်နေတဲ့ ပြဿနာတွေကို မုန်းနေပြီ ... တောက်"





သူလည်း စိတ်ပေါက်ပေါက်နဲ့ ရင်ထဲရှိတာ ဖွင့်ချလိုက်သည့်အဆုံးမှာတော့ ဖွဲ့က သူ့ကို မဲ့ပြုံးတစ်ချက်ဖြင့် ကြည့်သွားရင်း ချာခနဲကို သူ့ရှေ့က ထွက်သွားလေတော့သည်။ အရမ်းကို မွန်းကျပ်စိတ်ညစ်ဖို့ ကောင်းလှပါသည်။ မိန်းမတွေဟာ ဘာမှမဟုတ်တဲ့ ကိစ္စတစ်ခုကို ဖွတ်ဟုတ်ကာ ပုံကြီးချဲ့တတ်ခြင်းကြောင့် သူ့မှာ လုံးဝလိုက်လို့မမီအောင် စိတ်တွေက ပင်ပန်းလို့ မွန်းကျပ်တာ ဖြစ်သည်။

သူကိုယ်တိုင်လည်း ဘာမှန်းကို လိုက်လို့မမီတော့သော ရင်တွင်းကိစ္စတွေအတွက် လေပူတစ်ချက်ကိုသာ ခပ်ပြင်းပြင်း မှုတ်ထုတ်ပစ်နိုင်ခဲ့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com







ဘဝဆိုတာ

အစအဆုံး ကြည့်ကြည့်လို့ရတဲ့

ရုပ်ရှင်ဇာတ်ကားတစ်ကား ဖြစ်ခဲ့မယ်ဆိုရင်

လွမ်းခန်းတွေ၊ ခံစားရတာတွေ၊ ကြေကွဲရတာတွေကို

ဖျက်ထုတ်ပြီး

ကြည်နူးစရာ ဇာတ်ဝင်ခန်းလေးတွေကိုပဲ

အကြိမ်ကြိမ်အခါခါ ပြန်ကြည့်ချင်သလို

ဘဝကိုလည်း

အဲဒီလိုပဲ သီးသန့်ကြည်နူးမှုဆန်ချင်တယ်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com







## အလယ်-(၂)

www.burmeseclassic.com

www.burmeseclassic.com







ဖွဲ့ရဲ့ ရင်ထဲကအကြိတ်လေးတွေဟာ အစကတော့ ဖြင့် တကယ့်မှတကယ် သေးသေးလေးတွေဖြစ်သည်။ အဲဒီသေးသေးလေးတွေ သေးသေးလေးတွေ တစ်စု တစ်စု စုလာကြတဲ့ အခါမှာတော့ ထိုသေးသေးလေးကနေ ကြီးမားတဲ့ အဖုအကြိတ် အစိုင်အခဲကြီး ဖြစ်လို့လာလေ၏။ အဲဒီအစိုင်အခဲ အဖုအကြိတ် ဟာ ကိုယ့်ရဲ့ရင်တွင်းဝေဒနာ ဖြစ်လာတဲ့အခါမှာတော့ ကိုယ်တစ်ယောက်တည်းပဲ လူးလိမ့်ခံစားနေရာကနေ သည်းမခံနိုင်တဲ့အဆုံးမှာ ဖွဲ့ ပေါက်ကွဲထွက်ချင်လာမိသည်။ သားက ဟိုလိုအပြော ဒီလိုအပြော စသဖြင့် သို့လော သို့လော အကြောင်းအရာတွေက နားနဲ့မဆန့် ဖြစ်လာတဲ့အခါမှာ ဖူးသစ်ညိုရဲ့ ချစ်သူရည်းစား တစ်ယောက်အနေနဲ့ သူငယ်ချင်းလား မောင်နှမလား ဘာလားမှန်း

www.burmeseclassic.com

www.burmeseclassic.com



အမိဗွာယ်မတပ်နိုင်တဲ့ အမျိုးသမီးနဲ့ တွေ့ဖို့ရာ လိုအပ်လာပြီဟု ဖွဲ့က ယူဆလေသည်။

ဖွဲ့ကိုယ်တိုင် ဘာလုပ်ရကောင်းမလဲ ဝေခွဲရခက်နေချိန်မှာ မီးလောင်နေတုန်း လေလာတိုက်တဲ့ သတင်းစကားကို သယ်လာသူကတော့ ယုဆွေပဲ ဖြစ်သည်။ ဖွဲ့ဆီသို့ လှမ်းဆက်လိုက်တဲ့ ယုဆွေရဲ့ ဖုန်းမြည်သံကြောင့် ဖွဲ့က ဖုန်းကိုင်လိုက်ရသည်။

"ဟယ်လို ... ယုဆွေ သူငယ်ချင်း ပြော"

"ဖွဲ့ရေ ... နင် အခု ဘယ်မှာလဲ"

"ငါ အိမ်မှာ ယုဆွေ။ ဘာလို့လဲဟင်"

"ဟို ... ငါ ... ငါ ... နင့်ကို ပြောစရာရှိလို့"

ယုဆွေရဲ့လေသံက အ,ထစ် အ,ထစ် ဖြစ်နေတယ်ဆိုကတည်းက ဖွဲ့က စိတ်ထဲတော့ ဒိတ်ခနဲ ဖြစ်မိသွားသည်။ ယုဆွေ ဘာကိုများ ဆိုလိုချင် ပြောချင်လို့ပါလိမ့်။

"ပြော ... ပြောလေ ယုဆွေ။ ငါ နားထောင်နေတယ်"





"ဟို ... ဟိုလေ။ ငါ နင့်ကို ကိစ္စနှစ်ခု ပြောဖို့ရှိတယ်"

"အင်း"

ယုဆွေဆီက ချက်ချင်းတုံ့ပြန်သံ မလာသေးဘဲ စဉ်းစားနေဟန် ဖြစ်နေတာမို့ ဖွဲ့ကိုယ်တိုင်ကလည်း တကယ်ကိုပဲ သိချင်စိတ်က မရိုးမရွ ဖြစ်လာတာကြောင့် ယုဆွေကို ဖွတ်မေးရတော့သည်။

"ယုဆွေ ... ပြောပါဟာ။ ဘာလဲ ... နင် ဘာသိလာလို့လဲ"

"ဟို ... ဟို ...။ ငါ ပြောမယ့် ပထမကိစ္စက ဆူးချိုချိုနဲ့ ဖူးသစ်ညိုကို တစ်ချိန် လက်ထပ်ပေးဖို့ စီစဉ်ထားပြီးသားတဲ့။ ရာဇာ ငါ့ကိုပြောတာ"

"ဘာ"

ကြားလိုက်ရတဲ့သတင်းက တကယ့်ကို ဒိုင်းခနဲ ဆောင့်တက်သွားစေနိုင်တာကြောင့် ဖွဲ့က မှင်သက်နေမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်နှတွေလို သူငယ်ချင်းတွေလိုပါဆိုတဲ့ စကားတို့ကို ပြန်ကြားယောင်မိကာ ဖွဲ့က အလိုလို အံ့ကြိတ်မိသွားသည်။ စိတ်ကို တင်းထားလိုက်ရင်း ဒုတိယကိစ္စ အကြောင်းအရာကို မေးလိုက်တော့သည်။

"ဒုတိယကိစ္စက ဘာလဲ ယုဆွေ"

"ငါ ... ငါ့ဘက်က သူငယ်ချင်းကောင်း ပီသစွာ ပြောပြသင့်တယ်ထင်လို့ ငါ ပြောတာနော်။ ဟို ... ဟိုဟာ ..."

ယုဆွေက ပြောရကောင်းနိုး မပြောရကောင်းနိုးဖြင့် အ,ထစ် အ,ထစ် ဖြစ်နေလျှင် ဖွဲ့က တကယ်ကိုပဲ စိတ်မရှည်ချင်စွာ ဖြစ်လာရကာ ...

"ယုဆွေ ... ပြောပါဟာ။ နင် ပြောမှ ငါက သိရမှာလေ။ ဘာလဲ"

"ငါ အခု ရွှေတိဂုံမှာ။ ငါ ဖူးသစ်ညိုတို့ကို တွေ့နေရတယ်။ ဆူးလည်း ပါတယ်။ မိသားစုစုံညီပဲ။ ဗေဒင်ဟောခန်းက ထွက်လာပြီးမှ ဘုရားပေါ် တက်လာကြတာ"





ဖွဲ့က ကြားလိုက်ရငဲ့ စကားကြောင့် ရင်ထဲမှာ တကယ်ပဲ အောင့်မျက်လို့ သွားရလေသည်။ ဗေဒင်ဟောခန်းကနေ ထွက်လာတယ်၊ ပြီးတော့ ဖူးသစ်ညိုနဲ့ ဆူးချိုချိုတို့ကို တစ်ချိန်မှာ လက်ထပ်ပေးဖို့ စီစဉ်ပေးပြီးသားဆိုတဲ့ စကားက နားထဲကြားယောင်ကာ ဖွဲ့စိတ်ထဲမှာ ယုဆွေ ပြောပြတဲ့ အဲဒီကိစ္စနှစ်ခုဟာ တစ်ခုတည်း အသွင်ဟု ထင်ယောင်လာကာ ဗေဒင်ဟောခန်းသွားတယ်ဆိုတာ လက်ထပ်ဖို့ ကိစ္စများလားဟု သံသယကင်လာမိသည်။

"ဟယ်လို ... ဟယ်လို ... ဖွဲ့"

ဖွဲ့က ယုဆွေ အသံ ပြန်ကြားမှ သတိပြန်ဝင်ကာ အသံကိုထိန်းရင်း ပြန်ပြောလိုက်သည်။

"အင်း ... အင်း ... ယုဆွေ ပြော"

"နင့်အသံ တိတ်သွားလို့။ ငါ စေတနာနဲ့ လှမ်းပြောတာနော်။ ဖူးသစ်ညိုကို လွှတ်မထားနဲ့။ သူတို့တွေက ကြည့်ရတာ တစ်စည်းတစ်လုံးနဲ့။ နင် ပေါ့နေလို့တော့ မဖြစ်ဘူးနော် ဖွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးအများကြီးတင်ပါတယ် ယုဆွေ။ ဒါပဲနော် ငါ နောက်မှ ဖုန်းပြန်ဆက်မယ်။ သူတို့ အခုကော ဘုရား မှာပဲလား"

"ဟုတ်တယ် ဖွဲ့။ အခု အင်္ဂါထောင့်မှာ"

ဖွဲ့က ဖုန်းချပြီးတာနှင့် ချက်ချင်း တန်းခေါ်လိုက် နံပါတ်ကတော့ သစ်ညိုရဲ့ဖုန်းကိုပဲ ဖြစ်သည်။ ဖွဲ့က သစ်ညို ဖုန်းအကိုင်ကို စောင့်ပေးရသည်။ ခဏတော့ စိတ်ရှည်လက်ရှည်

"ဟယ်လို ... ဖွဲ့"

အတော်ကြာမှ ဖုန်းကိုင်တာကြောင့် ဖွဲ့ ရင်ထဲ သံသယမီးက ပိုလို့တောင် ဆိုးရွားလာစွာ ဖွဲ့ ပေါ်တင်ပဲ မေး လိုက်တော့သည်။

"နင် ဘယ်ရောက်နေလို့ ဒီလောက်တောင် ဖုန်းကိုင်ကြ နေရတာလဲ။ အခု ဘယ်မှာလဲ"

"အင်း ... ဟိုဟာ။ ကို ကိုယ့်အဖေနဲ့ ကိစ္စရှိလို့ အပြ ရောက်နေတာ။ ဖွဲ့ ကိစ္စရှိလို့လား"





ဘယ်လို။ ဖွဲ့က ရင်ထဲမှာ တကယ်ကို အောင့်မျက် ကျင်ရသည်။ ဘာဖြစ်လို့ လိမ်ရတာလဲ ကိုရယ်။ ဖွဲ့ကို ဘုရား ရောက်နေပါတယ်လို့ အမှန်အတိုင်း ပြောပြဖို့ ဘာအကြောင်း ကြောင့် ဝန်လေးနေရတာလဲ။

"ဟယ်လို ... ဖွဲ့ ကြားလား"

"အင်း ... ကြားပါတယ်။ ဒါဆို အခု စကားပြောဖို့တောင် မအားဘူးပေါ့ ... ဟုတ်လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ ဖွဲ့ အရေးတကြီး ပြောစရာ ရှိလို့ရှိရင် ပြောလေ။ ကိုယ်က ဖေဖေနဲ့ အပြင်ခဏလိုက် လာတော့ ဖွဲ့နဲ့ အေးဆေးစကားက ပြောမရ ဖြစ်နေမှာ စိုးလို့။ အိမ်ပြန်ရောက်မှ ကိုက အေးဆေး ဖုန်းလှမ်းဆက် မလို့လေ"

ကို့ရဲ့စကားသံတွေဟာ ထစ်ငေါ့ ထစ်ငေါ့ ဖြစ်နေ ာ ထိတ်လန့်နေဟန်တွေ ပါနေမှန်း ဖွဲ့ ရိပ်မိသည်။ ဖွဲ့က နှုတ် မ်းတို့ကို ခပ်တင်းတင်း အံကြိတ်ဖိထားရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... အဲဒါဆိုလည်း နောက်မှ ပြန်ဆက်မယ်လေ။ အခု ဘယ်မှာလဲ။ ကို့အဖေနဲ့ နှစ်ယောက်တည်း လာတာလား"

"အင်း ... ဟုတ်တယ်၊ အဖေ့ အလုပ်ကိစ္စနဲ့ မြို့ထဲကို ရောက်နေတာပါ"

လိမ်ရဲလိုက်တာ ကိုရယ်။ ဖွဲ့က နှုတ်ခမ်းကို တင်းတင်းဖိကြိတ်ထားသည့်ကြားမှ မျက်ရည်တစ်စက်က ပေါက်ခနဲ ကျလို့သွားလေသည်။ လောကမှာ ဖွဲ့ ယုံကြည်ထားပါတယ်ဆိုတဲ့ ဖွဲ့ရဲ့ချစ်သူဟာ တကယ့်ကိုမှ လိမ်တတ် ညာတတ်တဲ့သူ။ ဖွဲ့အသည်းကို တစ်စစီဖြစ်အောင် နင်းချေမွပစ်ရက်ခဲ့တဲ့သူ။

"ဖွဲ့ ... ဘာဖြစ်လို့လဲ။ ကိုယ်ပြောတာ ကြားရလား"

သစ်ညိုက ထပ်မံ အသံပြုလာမှ ဖွဲ့က သတိပြန်ဝင်လာကာ ယောင်ယမ်း၍ ခေါင်းပါ တစ်ချက် ညိတ်ပြလိုက်ကာ...

"အင်း ... ကြားပါတယ်။ အဲဒါဆို ဒါပဲလေ"





ဖွဲ့က သူ့ဆီက စကားပြန်အလာကိုလည်း စောင့်မနေနိုင်တော့ဘဲ ဖုန်းပိတ်ပစ်လိုက်တော့သည်။ အိပ်ရာပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိကာ မျက်ရည်တို့က အဆီးအတားမဲ့စွာ ကျလို့လာ၏။

သစ်ညိုဟာ ဖွဲ့ အချစ်ဦး ဖြစ်သည်။ ဖွဲ့ အရမ်းလည်း ချစ်တယ်ဆိုတာ ဖွဲ့ ကိုယ့်ဘာသာ သိသည်။ သူ ဖွဲ့ကို လိမ်တယ်။ ဖွဲ့က နှုတ်ခမ်းကို ဖိကိုက်ထားရင်းက သစ်ညိုကို ပီပြင်ပိုင်နိုင်စွာ လာခေါ်လေတဲ့ ဆူးချိုးချိုရဲ့ ပြုံးရိရိ မျက်နှာတစ်ခုကို မြင်ယောင်လာမိသည်။ အချစ်ချင်းတူရင် အဲဒါ ရန်သူပဲ။ ဖွဲ့က ရင်ထဲက နာကျင်မှုတွေ တစိမ့်စိမ့်တက်နေချိန်မှာ အဝေးက လှမ်းကြားမိလိုက်တဲ့ သီချင်းသံက ဖွဲ့ရဲ့ဆုံးဖြတ်ချက်တွေကို ပိုမိုပီပြင်စေလာခဲ့သည်။

"အေးချမ်းတဲ့လမ်းများ xxx ဝေးပျောက်ခဲ့တယ် xxx ငါ
ဟာ xxx အသည်းကွဲခြင်းက xxx နိုးထနိုင်ဖို့ ကြိုးစား
xxx ငါကိုယ်တိုင် xxx ငါ့မျက်ရည်နဲ့ xxx နှလုံးသားကို



www.burmeseclassic.com

www.burmeseclassic.com



xxx သန့်စင်လိုက်စမ်း xxx အချိန်တွေကို လက်တွေ့ကျ ကျ xxx အကျိုးရှိသွားအောင် အသုံးချစမ်း xxx

ငါပေးခဲ့ပေမယ့် xxx ပြန်ရခဲ့တာ အမုန်းဟော xxx ငါ ချစ်ခဲ့သလိုပဲ xxx တစ်ချိန်ချိန်မှာ xxx မင်းလေး နားလည်ပါစေ xxx အကြင်နာကို နာတာတွေနဲ့ xxxဖုံးလွှမ်းလိုက်ဟော့ xxx ငါ့ရင်ထဲမှာ အမုန်းတွေ xxx ထိန်းမရအောင်ဆူဝေ”

❋ ❖ ❋





ဆူးက ဒီနေ့ တစ်နေကုန် ဘာကြောင့်ရယ်မှန်းမသိ စိတ်တွေက လေးကန်ကန် ဖြစ်နေတာကြောင့် ကျောင်းတက်ချင်စိတ်လည်း မရှိပေ။

ဘရိတ်ဖတ်စ်ဝိုင်းမှာကတည်းက အရမ်းကို တိတ်ဆိတ်နေတဲ့ စကားသံမရှိသော နံနက်စာဝိုင်းကို မေမေက စတင်ဖြိုခွင်းလိုက်တာဖြစ်သည်။

“ဒီနေ့ ကလေးတွေ နန်းကြီးသုပ်စားလို့ ကောင်းနေကြတယ် ထင်တယ်။ ငြိမ်တိတ်နေကြတာပဲ”

“ဟုတ်ပါ့။ ဟင် ... ဒါနဲ့ ဒီနေ့ သားတို့က ကျောင်းမရှိဘူးလား”

“ရှိတယ်လေ ဖေဖေရဲ့။ ခဏနေ သွားတော့မယ်ဟာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … သားကတော့ အေး ဟုတ်သား၊ ကျောင်းသွားမယ့်ပုံစံ ပြင်ဆင်ထားပြီးပြီပဲ။ သမီးကကော။ ဘာမှမပြင်ရသေးပါလား"

ဖေဖေ့အမေးကြောင့် ဆူးကို ဒီတလောမှာ ခပ်စိမ်းစိမ်း ဖြစ်နေတဲ့ အသစ်ကတောင် ဆူးကို အကဲခတ်ရင်း မေးလေ၏။

"ဟဲ့ … ဆူး … ဘာဖြစ်လို့လဲ။ နေမကောင်းဘူးလား"

"အင် … နေကောင်းပါတယ်။ ဒါပေမဲ့ ဒီနေ့ ခေါင်းထဲမှာလည်း သိပ်မကြည်တာနဲ့လေ Class ကလည်း သိပ်အရေးမကြီးဘူးဆိုတော့ မတက်တော့ဘူးလားလို့"

"ဟင် … ဆူးလေး … သမီး နေမကောင်းဘူးလား။ အဲဒါဆို နားလေ။ သား မင်းပဲ သွားတက်လိုက်လေ"

"ဟုတ်ကဲ့ မေမေ။ နင်ကလည်း ဘာမှဖြစ်တာ မဟုတ်ရင်လည်း တက်လိုက်တာ မဟုတ်ဘူး။ နင့်သူငယ်ချင်းတွေကိုတော့ ဖုန်းဆက်ပြောလိုက်ဦးနော်"





ဆူးက ခေါင်းသာ အသာညိတ်ပြလိုက်သည်။ အဖုအထစ်တစ်ခု ရှိခဲ့ပြီးသွားလျှင် ပြန်လည်မချောမွေ့နိုင်သော ဆက်ဆံရေးတစ်ခုအပေါ်မှာ မပြတ်နိုင်၍ ဖွတ်အဆင်ပြေအောင်နေသော ပုံစံမျိုး ဖြစ်နေရတာကတော့ ဆူး အတွက် တကယ်ပဲ ဝမ်းနည်းကြေကွဲဖွယ် ကောင်းလှပေသည်။ ဖေဖေနှင့် အသစ် ရှေ့ဆင့်နောက်ဆင့် ထွက်သွားသည့်အခါကျမှ မေမေက ဆူးကို အကဲခတ်ရင်း မေးလာသည်။

"သမီး … သစ်ညိုနဲ့ သမီး ဆက်ဆံရေးက ဘယ်လိုကြီးလဲ။ အေးတိအေးစက် ဖြစ်နေသလိုပဲ။ သားနဲ့ ဘာဖြစ်ထားကြသေးလဲ"

"ဘာမှမဖြစ်ပါဘူး မေမေ။ ဒီအတိုင်းပါပဲ"

ဆူးက ဒီအတိုင်းပဲဆိုတဲ့ စကားလုံး ဖြေအပြီးမှာတော့ လေပူတစ်ချက်သာ မှုတ်ထုတ်မိသွားသည်။ ဆူးတို့ ဟိုအရင်တုန်းကလိုမျိုး ပျော်ရွှင်မှုတွေ ပွင့်လင်းမှုတွေ ပျောက်ဆုံးကုန်ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"အရင် သားနဲ့ သမီးက ဒီလိုမျိုး မဟုတ်ပါဘူး။ အံ့အား သင့်လောက်အောင်ကို သမီးတို့တွေက တကယ်ပြောင်းလဲ ကုန်ကြတယ်။ ဆူး ... မေမေ့ကို အမှန်တိုင်းဖြေနော်။ သားက ဟိုကလေးမလေးနဲ့ တွဲနေတုန်းပဲလား"

"ဟုတ်"

ဆူးက ပြီးပြီးရော ဟုတ် လိုက်ပေမယ့် မေမေက စိတ်ရှုပ်ထွေးစွာဖြင့် သက်ပြင်းမောတစ်ချက် ချလိုက်ရင်း ...

"သားဟာ တစ်ခုခုအပေါ်ကို အစွဲအလန်း ကြီးနေလွန်းတာပါ။ မေမေက ဒီလိုအချိန်မှာ အရမ်းကြီး တင်းတင်းကျပ်ကျပ်ပြောဖို့ မလိုဘူးလေလို့ ယူဆပြီး လွှတ်ထားတာ။ အခုတော့ အဲဒီလိုလုပ်ဖို့ မဖြစ်တော့ဘူး"

မေမေ့ရဲ့စကားသံက ပြတ်သားလွန်းအား ကြီးတာမို့ ဆူးက အထိတ်တလန့် ခေါင်းခါရင်း ငြင်းဆန်တားမြစ်လိုက်သည်။

"ဟင့်အင်း ... အဲဒီလိုလုပ်လို့ မဖြစ်ဘူး မေမေ"





"ဘာဖြစ်လို့လဲ"

ဆူးက မေမေ့ရဲ့အမေးကို ရင်ထဲမှာရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းဖြေဖို့ အားယူနေချိန်မှာပဲ ဆူးရဲ့ဖုန်းလေးကမြည်လို့လာလေ၏။

"မေမေ ... ခဏလေးနော်"

ဆူးက ဖုန်းနံပါတ်ကို ကြည့်လိုက်လျှင် ဆူးမသိတဲ့နံပါတ်တစ်ခု ဖြစ်တာမို့ ဘယ်သူမှန်း မသိပေမယ့် မေမေ့ကို အဖြေရခက်နေတဲ့ အဖြေတစ်ခုပေးချိန်မှာ ထွက်ပေါက်ဖြစ်သွားတဲ့ဖုန်းမို့ ဆူးက ခပ်သွက်သွက်လေး ဖုန်းကိုင်လိုက်တော့သည်။

"ဟယ်လို"

"ဆူးချိုချိုလား"

လေသံက အင်မတန်ကို အေးစက်မာကြောကာ ဆူးရဲ့နာမည်ကို ခေါ်သံကိုက ထန်လှတာမို့ ဆူးက မျက်မှောင်တစ်ချက်တော့ ကြုတ်မိသွားသည်။ ဒီအသံက ဆူး အကျွမ်းတဝင်ရှိတဲ့ လေသံမျိုးတော့ မဟုတ်ပေ။

www.burmeseclassic.com



"ဘယ်သူလဲဟင်"

"တို့ ထူးထူးဖွဲ့။ မင်းနဲ့ပတ်သက်နေတဲ့ ဖူးသစ်ညိုရဲ့ချစ်သူပဲ"

လေသံက တကယ့်ကို ထန်လွန်းနေတာကြောင့် ဆူးက စိတ်ထဲမှာ တကယ်ပဲ ထောင်းခနဲ ဒေါသက ထွက်လို့သွားလေသည်။ ရှေ့မှာက မေမေရှိနေသေးတာကြောင့် ဆူးက မကြားရတဲ့ဟန်လုပ်ကာ အပြင်ထွက်လာခဲ့၏။

"ဟယ်လို ... ဟယ်လို ...

အေး ... ပြော ... ထူးထူးဖွဲ့။ ဘာကိစ္စလဲ"

ဆူးက အပြင်ရောက်တာနဲ့ ချက်ချင်းပဲ လေသံကို တင်းလိုက်လျှင် တစ်ဖက်ကလည်း အဲဒီ flow ထက်တောင် တင်းစွာပြောလေသည်။

"တို့ မင်းနဲ့ ဆွေးနွေးစရာရှိတယ်"

"မလိုမှ မလိုအပ်တာ။ မင်းနဲ့ တို့က သိလည်းမသိဘူး။ ပြောလည်း ပြောစရာအကြောင်း မရှိဘူး"





"မရဘူး။ တို့ရင်ထဲက တနုံ့နုံ့ဖြစ်နေတဲ့ ကိစ္စကို ဒီနေ့ မင်းနဲ့ အပြတ်ရှင်းမှ ရမယ်"

"မင်းစကားတွေက တအား တရားလွန်နေပြီနော် ထူးထူးဖွဲ့။ တို့ မင်းကို ဒီ့ထက်ပိုပြီး သည်းညည်းခံမှာ မဟုတ်ဘူး"

"သည်းမခံတော့ကော မင်းက ဘာလုပ်မှာလဲ။ ဖူးသစ်ညိုကို တို့က သိပ်ချစ်တာ။ မင်း လုယူဖို့ လုံးဝမကြိုးစားပါနဲ့"

"ဟော့ ... ဟော့ ... ထူးထူးဖွဲ့။ မင်း ဘလိုင်း စော်ကားလွန်းနေတာနော်၊ တို့ မလုဘူး။ မင်း ဒါပေမဲ့ လာတော့ စိန်မခေါ်နဲ့နော်"

"သတ္တိရှိတယ်ဆိုရင် တို့နဲ့တွေ့လေ။ မင်း ဘာဖြစ်လို့မတွေ့ရဲရတာလဲ"

ဆူးက စိတ်ထဲဖျုဉ်းခနဲ ဆူပွက်လာသော ဒေါသသွေးတို့ကြောင့် ဆူး မျက်နှာတွေတောင် နီမြန်းလာသလားဟု ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ။ သိပ်တွေ့တာပေါ့။ ဘာဖြစ်လို့ မတွေ့ရဲရမှာလဲ"

"အိုခေ ... တို့ အခု မင်းအိမ်ရှေ့မှာ ရောက်နေပြီ။ ထွက်ခဲ့ဆူးချိုချို"

ဆူးက တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ ချက်ချင်းထွက်မယ် အပြုမှာ အနောက်က မေမေ့ရဲ့ခေါ်သံက ခြေလှမ်းကို တုံ့ခနဲ ဖြစ်သွားစေသည်။

"သမီး ... ဘာဖြစ်လို့လဲ"

"အဟော် ... မေမေ။ ဆူး ... သူငယ်ချင်းလာလို့ အပြင်ခဏသွားလိုက်ဦးမယ်"

"ဟဲ့ ... ဘယ်သူတုံး။ အိမ်ထဲ ခေါ်ပြောလည်း ရတဲ့ဟာ"

"ရပါတယ် မေမေ။ ဆူးမကြာပါဘူး။ ခဏပါဘဲ။ သွား ... သွားလိုက်မယ်နော် မေမေ"

ဆူးက မေမေ့ကို ခွင့်တောင်းပြီးတာနှင့် ခြံထဲသို့ တစ်ရှိန်ထိုး ပြေးထွက်လာခဲ့လိုက်သည်။ ခြံရှေ့မှာ အဆင်သင့်





ရပ်စောင့်နေတဲ့ Fit ပေါ်သို့ တက်လိုက်သည်။ ကားထဲမှာ ထူးထူးဖွဲ့ကို လှမ်းကြည့်လိုက်ရင်း ...

"မင်းနဲ့တို့ စကားပြောဖို့အတွက် ဒီနေရာကနေ သွားဖို့လိုလိမ့်မယ်။ တို့ ပြောချင်တာ ပြောရဖို့ မင်းပြောချင်တာ ပြောနိုင်ဖို့ လွတ်လွတ်လပ်လပ် ပြောလို့ရမယ့်နေရာကို သွားပါ။ မင်းတင် ပြောစရာရှိတယ်လို့ မထင်နဲ့။ ငါ့မှာလည်း ပြောစရာတွေမှ ပုံအောနေတာပဲ"

"ဟင်း ... ကောင်းပြီလေ။ ပြောကြတာပေါ့။ ဒါနဲ့ ဒီနေ့ ဘာလို့မင်းက ကိုနဲ့အတူ ကျောင်းလိုက်မသွားတာလဲ"

ဆူးက အပိုင်ချည်းတွေ လာ,လာမေးနေတဲ့ အဲဒီမိန်းမကို ချဉ်တူးလှစွာ ဟက်ခနဲ တစ်ချက် ရယ်လိုက်ရင်း ...

"သြော် ... အဲဒီကတည်းက အပင်ပန်းတွေခံပြီး ထိုင်စောင့်နေတယ်ပေါ့။ ဒီနေ့ တို့ ကျောင်းမသွားတာ အသစ်ကတို့ နေမကောင်းချင် ဖြစ်နေတာကို စိတ်ပူပြီး ဖွတ်မတက်နိုင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ထူးထူးဖွဲ့ သဝန်တိုနေမှန်း အရမ်းကို သိသာလွန်းလှစွာ ခပ်ပြင်းပြင်း တောက်တစ်ချက်ခေါက်သံနဲ့အတူ ကားကို ဆောင့်ထွက်လာခဲ့သည်။ ထူးထူးဖွဲ့ ရင်ထဲမှာ ဗလောင်ဆူဒေါသတွေ ဖြစ်နေသလို ဆူးလည်း ဒေါသတွေ ထွက်နေတာပဲဖြစ်သည်။

"မင်းနဲ့ ကိုက လက်ထပ်ဖို့ စီစဉ်ထားကြတယ်ဆိုတာ ဟုတ်လား"

ကားမောင်းနေရင်းမှ မေးလိုက်တဲ့ ပထမဆုံးမေးခွန်း ဖြစ်တာမို့ ဆူးက သူမဘက်ကို ကြည့်လိုက်ရင်း ခပ်ငေါ့ငေါ့ ဖြေလိုက်သည်။

"ဟုတ်တယ်။ အဲဒါ အမှန်တရားပဲ"

"ဘာ .. မင်း ... ငါနဲ့ကိုက ချစ်သူတွေဆိုတာ မသိဘူးလား။ မင်း နောက်ဆုတ်ပါ။ မှူးသစ်ညိုဟာ ငါ့အချစ်ဦး။ ငါ လုံးဝအလွှဲမခံနိုင်ဘူး။ ဝင်မရှုပ်ပါနဲ့ ဆူးချိုချို"





"ဟား ... ရှုပ်နေတာ ငါ မဟုတ်ဘူး။ မင်း ...။ ထူးထူးဖွဲ့ ငါ့ကို နောက်ဆုတ်နိုင်းဖို့ မင်းမှာ အကြောင်းကို မရှိတာ"

"မရဘူး ... ငါ့ဘဝမှာ ဘယ်တုန်းကမှ အရှုံးဆိုတာ မရှိစေရဘူး"

ဆူးက သူတစ်ယောက်တည်း သူတကောကောနေတဲ့ အဲဒီမိန်းမကို နာကြည်းမုန်းတီးလှစွာ ခပ်စူးစူးကြည့်လိုက်သည်။ သူ ဆူးကို အကြိမ်ပေါင်းများစွာ နာကျင်စေခဲ့တာဖြစ်၏။

"အဲဒါ ဟိုအရင်တုန်းက ဖြစ်ကောင်း ဖြစ်လိမ့်မယ်။ အသစ်ကို ငါ ငယ်ငယ်ကတည်းက ငါ့ချစ်သူအဖြစ် သတ်မှတ်ထားခဲ့တာ။ ငါလည်း အလျှော့မပေးနိုင်ဘူး"

"နင်"

ဖွဲ့က ဒေါသဖြစ်နေပေမယ့် ဆူးကိုတော့ ကက်ကက်...န်အောင် ရန်မတွေ့နိုင်ချေ။ သူမ ကားကို ကိုယ်တိုင်မောင်း...ခြင်းကပဲ ဆူးအတွက်က ပြောချိန်ပိုရနေတာပဲ ဖြစ်သည်။

www.burmeseclassic.com



"ဟုတ်တယ်။ ဒီနေ့ကစပြီး ငါလည်း နင့်ကို ပြန်စိန်ခေါ်တယ်။ ငါ့ကို လာဆွနေတဲ့ နင် ရှုံးကိုရှုံးစေရမယ်။ အသစ်ရဲ့ ငါ့အပေါ် ချစ်တဲ့စိတ်တွေ အကုန်လုံးကို ငါ ပြန်ယူပြမယ်"

"မရဘူး။ နင် အဲဒီလို လုပ်ချင်တိုင်း လုပ်လို့ရမယ်မထင်နဲ့။ နင့်ကို ငါ ကိုနဲ့ ရှင်းအောင်နေနိုင်းနေတာ။ သူက ငါ့ချစ်သူ။ ငါပဲ ပိုင်ကိုပိုင်ရမယ်"

ဖွဲ့က ဒေါသတွေ ကြီးလွန်းအားကြီးစွာဖြင့် ဆူဘက်ကို လှည့်ရန်အတွေ့မှာ ဆူးက ကားဆိုတဲ့ အသိတစ်ခုခေါင်းထဲဝင်လာကာ အရှေ့ကို ကြည့်မိလိုက်လျှင် ထူးထူးကျော်အထက်မှာ တစ်ဖက်လမ်းကြောက ဝင်လာတဲ့ကားက ဘူးခနဲ ပေါ်လာတာမို့ ဆူးက လန့်ဖျပ်သွားရကာ ...

"ဟဲ့ ... ဟဲ့ ... ကား ..."

"အား"





ဆူးက အထိတ်တလန့်ဖြင့် ဖွဲ့ရဲ့စတီယာတိုင်ကို ဆားဆွဲချလိုက်သော်လည်း အချိန်က မမီတော့ချေ။ ကားဟွန်းသံက အကျယ်ကြီး မြည်သွားကာ ဆူး တစ်ယောက်တည်း ကမ္ဘာအပြင်ဘက်ရောက်သွားသလို လွင့်ထွက်သွားသော စိတ်တို့ဖြင့် ချက်လုံးတို့ မှိတ်ကျသွားသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ကြားကြားလိုက်ရခြင်း သတင်းစကားဟာ သူ့ရင်ထဲ
ကို ဝုန်းဒိုင်းဆောင့်တက်ကာ ရှော့ခ်ရိက်သွားစေရတာကြောင့်
သူဟာ ဘာမှမမေးနိုင်ဘဲ ဆေးရုံဆီကိုသာ အမြန်ဆုံးပြေးလိုက်
လာခဲ့တော့သည်။

"မေမေ ... မေမေ ... ဘာတွေ ဖြစ်ကုန်ကြတာလဲဗျာ"

သူက မေမေ့ကို အသည်းအသန် မေးရလေသည်။
ကား Accident ဆိုတဲ့ တုန်လှုပ်ဖွယ် ဖြစ်စဉ်ကို သူ သိပေမယ့်
အဲဒီကား Accident မှာပါတဲ့ သူက ဆူးနဲ့ဖွဲ့ ဖြစ်နေတာမို့ သူ
ဟာ ပိုပြီးထိခိုက်ရသလို ထိတ်လန့်မှုကလည်း အလွန်အကျွံ ဖြစ်
ရတာပဲဖြစ်သည်။

"သား ... သားလေး"





မေမေက သူ့ကိုမြင်လျှင် မျက်ရည်များဖြင့် ဖက်ငို
တာကြောင့် သစ်ညိုက ရင်တွေပိုတုန်လာရ၏။

"မေမေ ... သူတို့ အခြေအနေက ဘယ်လိုရှိလဲဟင်"

"ဆူးလေးက အခုထိ operation ခန်းထဲမှာပဲ သား"

အနောက်ကနေ သူ့ရဲ့ပခုံးကို ခပ်တင်းတင်း လာ
ဖျစ်ညှစ်ကာ ပြောသူကို လှည့်ကြည့်မိလျှင် လေးလေး ဖြစ်နေတာ
ကြောင့် သူက လေးလေးကို အားကိုးတကြီး ကြည့်မိသွားကာ...

"လေးလေး ... အခြေအနေ ဘယ်လိုရှိလဲဟင်"

"မသိသေးဘူးလေကွာ"

လေးလေးရဲ့အသံဟာ တုန်ခါနေတာကြောင့် သစ်ညို
ကို ဆူးအတွက် စိတ်ပူနေရသလို တစ်ဆက်တည်းမှာပဲ ဖွဲ့ကို
ပြေးမြင်ကာ လေးလေးကိုပဲ မေးရတော့သည်။

"လေးလေး ... လေးလေး ... ဖွဲ့ ... ဖွဲ့ကော ... ဖွဲ့အခြေ
အနေကကောဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့ …"

လေးလေးမျက်နှာက သိသိသာသာ ပျက်သွားတာကြောင့် သူက ဖွဲ့အတွက် စိုးရိမ်စိတ်က ငယ်ထိပ်တက်ဆောင့်ကာ လေးလေးကို အသည်းအသန် မေးမိလေလျှင် ဖေဖေကပဲ လေးလေးကိုယ်စား ဖြေပေးလေသည်။

"သား … မင်းသူငယ်ချင်း ဖွဲ့ဆိုတာ ဒီက ရှေ့နေကြီးရဲ့ တူမပဲ"

ဖေဖေ့စကားကြောင့် သစ်ညိုက တိုက်ဆိုင်စွာ ပတ်သက်တဲ့ တော်စပ်မှုကို ဒီအချိန်မှာ အံ့သြရပေမယ့် ဒီအချိန်မှာ အဲဒါတွေထက် အရေးကြီးနေတာဟာ ဖွဲ့ရဲ့ခြေအနေပဲ ဖြစ်သည်။

"ဖေဖေ … ဖွဲ့ကော … ဖွဲ့ကောဟင်"

"မင်း စိတ်ခိုင်ခိုင်ထားပါ သား။ ဖွဲ့ ဆုံးသွားပြီ"

"ဗျာ"





ဖေဖေ့စကားဟာ သူ့ကို မိုးကြိုးပစ်ချလိုက်တဲ့ အလား လောင်ကျွမ်းသွားစေကာ နားထဲမှာ အသံတွေ အူတက်သွားသလို ခံစားလိုက်ရလေသည်။

"Accident ဖြစ်တဲ့ နေရာမှာတင် ဆုံးသွားရှာတယ်။ ဖေဖေတို့လည်း အဖြစ်အပျက်တွေက တအားမြန်လွန်းတော့ ဘယ်လိုမှကို ဖြေလို့မရဘူး ဖြစ်နေတယ်။ သမီးလေး ဆူး အခြေအနေကလည်း အခုချိန်ထက်ထိ မသိရသေးဘူး။ တောက် … ကွာ"

သစ်ညိုက တကယ့်ကို မယုံနိုင်လောက်အောင်သော အကြောင်းတရားတို့ကြောင့် တလှပ်လှပ် တုန်ယင်လာသော ခံစားချက်တွေနဲ့အတူ မျက်ရည်တို့က ကျလာလေ၏။ ဖွဲ့ ဆုံးသွားပြီ။ ဖွဲ့ ဒီကမ္ဘာလောကကြီးမှာ ရှိမနေတော့ဘူး။

"ဒေါက်တာ … ဒေါက်တာ … ကျွန်မသမီးလေး အခြေအနေ"



www.burmeseclassic.com

www.burmeseclassic.com



မမေ့ရဲ့ အထိတ်တလန့် စိုးရိမ်တကြီး မေးသံကြောင့် သူဟာ မျက်ရည်တွေ ကြားထဲကနေ ဆရာဝန်ကြီးဆီက အဖြေတစ်ခုကို စောင့်ဆိုင်းမျှော်လင့်မိသွားသည်။

"လူနာ အသက်အန္တရာယ် စိုးရိမ်စရာ မရှိတော့ပါဘူး"

အဲဒီ တစ်ခွန်းတည်းနဲ့တင် သူ့ရဲ့စိတ်တွေ ဒုံးဒုံးချနိုင်ကာ မျက်ရည်တစ်စက်က ပေါက်ခနဲကျလို့ သွားလသည်။

✱ ❖ ✱





"ကျွန်တော် သိချင်တာက အဲဒီနေ့က ဖွဲ့နဲ့ဆူးက ဘာဖြစ်လို့ အတူတူ ရှိနေကြရတာလဲ။ အမြဲတမ်း ကျောင်းတက်မှန်နေတဲ့ ဆူးက အဲဒီနေ့ကျမှ ဘာလို့ ကျောင်းမသွားတာလဲ။ ကားပေါ်မှာ သူတို့နှစ်ယောက် ဘာတွေဖြစ်ခဲ့ကြတာလဲ"

လဲ ... ပေါင်းများစွာသော သူ့ရဲ့မေးခွန်းတွေအတွက် မေမေက တစ်ခွန်းတည်းသော အဖြေကိုသာ တုံ့ပြန်လေ၏။

"ဖြစ်ချိန်တန်လို့ ဖြစ်သွားတဲ့ကိစ္စပါ သား။ ဒီကိစ္စအတွက် အားလုံး ပူလောင်ခံစားနေရတာချည်းပဲ။ ပြီးခဲ့တာတွေကို အစဆွဲမထုတ်ပါနဲ့ သား"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရဲ့ အဲဒီစကားကို သူ လုံးဝလက်သင့်မခံနိုင်ပေ။ ဖွဲ့ကို ဒီကမ္ဘာလောကကြီးထဲမှ နေခွင့်မရှိတော့အောင် ကံတရား ဖန်တီးတာဆိုလည်း အဲဒီနေ့က ဖြစ်ပျက်ခဲ့တဲ့ ကံတရားကို သူ အသေအချာကို သိရမှ ဖြစ်မည်။ ဆူးနဲ့ ဖွဲ့ အတူတူရှိခဲ့တယ်ဆိုတဲ့ အဖြစ်ကတင် သူ့အတွက် အံ့သြစရာကြီးကို ဖြစ်လို့နေတာ ဖြစ်၏။ ဖွဲ့ မကျေနပ်နေတဲ့ ဆူး၊ ဆူး မကျေနပ်နေတဲ့ ဖွဲ့။ သူတို့နှစ်ယောက်ဟာ သူ မသိတဲ့ နောက်ကွယ်မှာ ဘာတွေ့ကြတာလဲ။ သစ်ညိုက တွေးလေ နက်နဲလေ ဖြစ်လာတဲ့ အဲဒီအတွေးစကြီးတွေအတွက် အစဆွဲမထုတ်ဘဲ ဒီအတိုင်းထားဖို့ဆိုတာ မဖြစ်နိုင်ပေ။

ဆူးနဲ့ဖွဲ့ ကြားထဲမှာ အဲဒီနေ့က ဆုံတွေ့ဖို့ အချိန်းအချက်က ဘာဆိုတာ သူသိရမှ ဖြစ်လိမ့်မည်။

"ကျွန်တော် သိရမှဖြစ်လိမ့်မယ် မေမေ။ ဖွဲ့ ဘာဖြစ်လို့ ဆုံးသွားတာလဲဆိုတာ ကျွန်တော် သိရမှ ဖြေနိုင်မှာ။ အဲဒီနေ့က သူတို့နှစ်ယောက် အချိန်းအချက်ကို ကျွန်တော်သိမှ ဖြစ်လိမ့်မယ်"





"ဖူးသစ်ညို ... သား ... မင်း ဘာစကား ပြောလိုက်တာလဲ။ မေမေ ပြောနေတာတောင် မင်းက မယုံနိုင်သေးဘူးလား။ ဆူးကို မင်းက သံသယဝင်နေတာလား။ အဲဒီနေ့က မေမေ့ရှေ့မှာတင် ဖွဲ့က ဖုန်းခေါ်တာပါ ဆိုတာကိုတောင် မင်း မယုံနိုင်ဘူးလား သစ်ညို"

မေမေက သူ့စကားတွေ ဘာရည်ရွယ်နေတယ်ဆိုတာ ရိပ်မိနေသလို သူ ဒီအချိန်မှာ အဲဒီလိုစကားတွေ ပြောခြင်းအတွက်လည်း မေမေ စိတ်ဆိုးမယ်ဆိုတာ သူ သိပါသည်။ ဒါပေမဲ့ သူ့ရင်ထဲမှာလည်း တကယ်ကို ဖြေမဆည်နိုင် ဖြစ်နေရတာဖြစ်သည်။

"သားကို ခွင့်လွှတ်ပါ မေမေ။ ဖွဲ့ကို ဆုံးရှုံးသွားရတာကို ကျွန်တော် အရမ်းခံစားနေရလို့ပါ"

"သား ... မင်း သိပ်အတွေးကြီးနေပြီ။ မင်း ဆူးကိုမငဲ့ဘူး။ ဖွဲ့ဆုံးသွားတာကို မင်း ခံစားရတာ မေမေ နားလည်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မေမေတို့ ဆူး အသက်ကိုလည်း လွယ်လွယ်နဲ့ ပြန်ရခဲ့တာမှ မဟုတ်တာ။ ဖြစ်ခဲ့တဲ့ ကိစ္စတွေအတွက် ရှေ့နေကြီးတို့ မိသားစုတွေလည်း သူတို့သမီး သူတို့တူမ အတွက် ခံစားကြရတာပဲ။ အေး ... ဒါပေမဲ့ မင်းလိုတော့ ဘယ်သူမှ မတွေးဘူး ...

ဆူးဟာ မင်းနဲ့ ငယ်ငယ်ကတည်းက ကြီးပြင်းလာတဲ့ကလေးပါ။ ဖွဲ့ဆုံးသွားလို့ မင်းဟာ သူ့ချစ်သူမို့ ခံစားရတယ်ဆိုရင် ဆူးဟာ မင်းသူငယ်ချင်း၊ မင်းမိသားစု။ ဆူး အသက်အန္တရာယ်ကြားက လွတ်လာတာကို မင်း ဝမ်းသာရသလို အခုချိန်ထိ ကောင်းကောင်းနေမကောင်းသေးတဲ့ ဆူးကို မင်း စိတ်ပူသင့်တာပေါ့ ...

ဘာဖြစ်လို့ အဲဒီနေ့က ဆူး ကျောင်းမတက်တဲ့ ကိစ္စကိုပဲ မင်းက လက်ညှိုးထိုး ပြောနေရတာလဲ။ ဖွဲ့ကို သတ်တာ ဆူးလို့ မင်းက ပြောချင်တာလား"





မေမေ့ရဲ့ အပြတ်သားဆုံး မေးလိုက်တဲ့ မေးခွန်းတွေကြောင့် သူ့ရင်ထဲမှာလည်း ကမ္ဘာပျက်နေရသလို ခံစားနေရတာ ဖြစ်သည်။

"ကျွန်တော် အဲဒီလို မစွပ်စွဲပါဘူး မေမေ။ ဒါပေမဲ့ ဖွဲ့ အခုလို ဖြစ်ရတာ ကျွန်တော် အရမ်းခံစားရတယ်။ ကျွန်တော့်ဘဝမှာ အဲလို နှုတ်ဆက်ခွဲခွာခြင်းမျိုး တစ်ခါမှမခံစားခဲ့ရဖူးဘူး။ အရမ်းဆိုးဝါးတယ်။ ဆူးကို ကျွန်တော် စိတ်မပူတာ မဟုတ်ပါဘူး။ ဒီအချိန်မှာ ကျွန်တော် သိချင်နေတဲ့ မေးခွန်းက ကျွန်တော့်ကို အရမ်းဖိစီးနေလို့ပါ မေမေ"

"ဘာကြောင့်ပဲဖြစ်ဖြစ် ဆူးလေးကို ဂရုစိုက်ဖို့ မင်းမှာ တာဝန်ရှိတယ် သား။ သူ ပြန်နေကောင်းဖို့ မေမေတို့ ကြိုးစားရမယ်။ ဆူးလေးကို မင်း အထင်မလွဲပါနဲ့ သားရယ်"

မေမေ့စကား အဆုံးမှာ သူဟာ သက်ပြင်းတစ်ချက်သာ ချနိုင်လိုက်သည်။ ဖွဲ့ရေ ... အဲဒီနေ့က ဘာတွေဖြစ်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ ဘာဖြစ်လို့များ ကိုယ့်ကို ခွဲခွာသွားဖို့ ထွက်သွားရတာလဲ။

မင်းကို ဒီအချိန်မှာ စက္ကန့်မလတ် သတိရနေသလို ဆူးနဲ့ မင်းကြားထဲက ကိစ္စက ဘာလဲဆိုတာကို ကိုယ်သိပါရစေ။ ကိုယ့်ကြောင့် ဘာမှမဆိုင်ဘဲ ဘာလို့ ဒီလိုတွေ ဖြစ်ကုန်ရတာလဲ ဖွဲ့ရယ်။

❋ ❖ ❋





ဆေးရုံမှာ တစ်လနီးပါး ဆေးကုသမှု ခံယူပြီးသည့်နောက်မှာတော့ ဆူးဟာ ကိုယ့်မိသားစုဟု မှတ်ယူထားရသည့် အိမ်ကို ပြန်လာခဲ့ရသည်။ နွေးထွေးမှု ရှိလှသော မျက်နှာများကြားမှာ ဆူးကို အေးစက်သော အကြည့်တို့ဖြင့် နွေးထွေးဟန်ပြနေသော အသစ်ကို ဆူး ရင်မဆိုင်ရဲဆုံးဘဲ ဖြစ်သည်။ ဘယ်လိုမှ ထင်မထားခဲ့သော ဘဝရဲ့အချိုးအကွေ့ကြီးတစ်ခုကို ဆူးက ကျော်ဖြတ်နိုင်ခဲ့ပေမယ့် ဖွဲ့ကတော့ ဆုံးသွားပြီဆိုတဲ့ သတင်းစကားအပေါ် ဆူးလည်း ရင်ထဲဆို့နင့် ကြေကွဲရလေသည်။

"ကဲ ... သမီး၊ စိတ်ထဲမှာ ဘာမှမတွေးဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေ ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ။ ဖြစ်ခဲ့တဲ့ ကိစ္စတွေအတွက် အဲဒါအိပ်မက်ဆိုးတစ်ခုလို့ပဲ သမီး သတ်မှတ်လိုက်ပါ။ လေးလေးအတွက် ဆူးလေးကလည်း သမီးပါပဲ။ သမီးကို လေးလေးတို့ဆီ ပြန်ပေးတဲ့ ကံတရားကိုပဲ ကျေးဇူးတင်လှပါပြီ"

ဆူးက လေးလေး စကားကြောင့် မျက်ရည်တွေဝဲလာကာ ခေါင်းသာ ညိတ်ပြလိုက်မိသည်။ တိုက်ဆိုင်လှသော ကံတရားသည် ထူးထူးဖွဲ့ဟာ လေးလေးရှေ့နေကြီးရဲ့အစ်မကမွေးတဲ့သမီး လေးလေးတူမ ဖြစ်နေခဲ့ခြင်းပဲဖြစ်သည်။ အဲဒီနေ့က ဆူးတို့ သိပ်မှားခဲ့ကြသည်။ စိတ်ထဲက ရုတ်တရက် ဖြစ်လာတဲ့ သဝန်တိုမှုတွေ မခံချင်စိတ်တွေ ကြားထဲမှာ ဘဝဟာ တစ်စစီကြေမွ အက်ကွဲခဲ့ရတာဖြစ်၏။

လောကကြီးဟာ အံ့သြစရာ ကောင်းလောက်သော မျက်လှည့်တစ်ခုကို ပြလိုက်သလို ဟာခနဲ ဟင်ခနဲ ဖြစ်ကျန်ရစ်ခဲ့ရကာ အတော်လေးကို မှင်သက်စရာ ကောင်းလှပေသည်။ ဖွဲ့ဒီကမ္ဘာလောကကြီးမှာ မရှိတော့ဘူးဆိုတဲ့ ဖြစ်စဉ်အတွက် ဖွဲ့ရဲ့





ချစ်သူဖြစ်သော အသစ်နှင့် ဆူး အသေအချာ စကာမပြောရသေးပေ။

ဆူးကိုယ်တိုင်လည်း အသစ်ဆီက ပြန်ကြားလာရမယ့် တုံ့ပြန်မှုတစ်ခုခုကို ဆူးလည်း သိချင်လှသည်။ တစ်လနီးပါး ဆေးရုံတက်နေကာ ဆေးကုသမှု ခံယူနေရတဲ့ အချိန်မှာ ဆူးကို အသစ် ဆက်ဆံပုံဟာ အင်မတန်မှ အေးတိအေးစက်နိုင်လှကာ မကောင်းတတ်လို့ ပတ်သက်ရသည့် အနေအထားမျိုးဖြစ်သည်။ အဲဒီအတွက် သူ့ရင်ထဲမှာလည်း ရှင်းသွားရအောင် ဆူးက အသစ်နဲ့ စကားအေးဆေးပြောဖို့ ကြိုးစားသော်လည်း ရှောင်ရှောင်သွားတာဟာ ဆူးအတွက်တော့ တကယ် မခံချိမခံသာ အနေအထားပဲဖြစ်၏။

သူ အဲဒီလို ရှောင်ရင်းပတ်ရင်း နေလာတာကို ဆူးကလည်း ဘယ်လိုမှ သည်းမခံနိုင်တော့စွာ အသစ်ကို ပေါ်တင်ပဲ ဖွင့်မေးလိုက်ရတော့သည်။ အဲဒီနေ့က ဖေဖေကော မေမေကော အိမ်မှာမရှိတဲ့ အချိန်မှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူးက ဒီအခွင့်အရေးကို လက်လွှတ် မခံနိုင်စွာ အသစ်ကို မေးရတော့သည်။

"အသစ် ... နင် ငါ့ကို ဘာလို့ ရှောင်နေတာလဲ"

ဆူးရဲ့မေးခွန်းအတွက် သူက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်းက ပြန်ဖြေလေသည်။

"ဒီလိုမေးခွန်းမျိုး ငါ နင့်ကို မေးဖူးပါတယ်။ နင်ကကော ငါ့ကို ဘာလို့ ထပ်မေးတာလဲ ဆူး"

"လိုအပ်လို့ပေါ့။ နင်နဲ့ ငါက ရှောင်ဖို့မလိုဘူးလေ။ နင့်မျက်လုံးကို ကြည့်လိုက်တာနဲ့နင် ငါ့ကို ပြောချင်တဲ့စကားတွေ အများကြီး ရှိနေတယ်ဆိုတာ ငါ သိတယ်။ ပြောပါ အသစ်။ ငါတို့ရဲ့ ဆက်ဆံရေးတွေ မထင်မှတ်လောက်အောင် ပြောင်းလဲသွားတာကို ငါ အံ့သြလို့ မဆုံးဘူး။ အဲဒီတော့ နင်ပြောပါ အသစ်။ ဘာပြောချင်လဲ"

ဆူးက သူ့ဆီက တစ်ခုခုကို အတိအကျသိချင်တာကြောင့် သစ်ညိုကို ပြောခွင့်ပေးလိုက်လျှင် သစ်ညိုက ဆူးကို ခပ်ထန်ထန် တစ်ချက်ကြည့်ရင်း ...





"နင်နဲ့ ဖွဲ့ အဲဒီနေ့က ဘယ်သွားတာလဲ။ ဘာကိစ္စရှိလို့လဲ"

မေးမယ်ဟု ကြိုတင်မျှော်ထားပြီးသား မေးခွန်းတစ်ခု ဖြစ်နေတာအတွက် ဆူးက အဲဒီနေ့က အဖြစ်အပျက်ကို ပြောပြလိုက်သည်။

"ဖွဲ့ အိမ်ကို လာခေါ်တယ်။ ငါနဲ့ သီးသန့်ရှင်းရမယ့်ကိစ္စရှိလို့တဲ့။ အိမ်ထဲမှာ မေမေလည်း ရှိနေတဲ့အခါကျတော့ ငါ သူနဲ့လိုက်သွားတယ်။ ကားပေါ်မှာ နင်နဲ့ပတ်သက်တာတွေ ပြောတယ်။ ငါတို့ စကားအချေအတင် ဖြစ်နေတဲ့အချိန်မှာ မမျှော်လင့်ဘဲ ..."

ဆူးက အဲဒီအဖြစ်ဆိုးတွေကို တရိပ်ရိပ် ပြန်မြင်ယောင်လာကာ ဆက်မပြောနိုင်တော့ဘဲ မျက်ရည်တို့က ကျလာကာ အသံတွေ တိမ်ဝင်လို့ သွားလေသည်။

"နင်တို့ ဘာတွေပြောကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အသစ် ...။ နင်ဟာ။ မိန်းကလေးနှစ်ယောက်ကြားထဲက ပြောခဲ့တဲ့ စကားတွေကို ငါက ပြန်ပြောရမှာလား။ နင် ငါ့ကိုလည်း ကိုယ်ချင်းစာပါဦး ...

ငါ နင်တို့နှစ်ယောက်အပေါ် မှားခဲ့တယ် ဆိုရင် တောင် ဆိုးဝါးတဲ့အမှား မဖြစ်ခဲ့ပါဘူး။ နင့်ကို ၂ ဝင်မိ တာကလည်း ငါတို့ ငယ်သံယောဇဉ်ကြောင့်ပဲ ဖြစ်ပါလိမ့် မယ်။ အဲဒီတစ်ချက်တည်းနဲ့ပဲ နင်ဇီ ငါ့ကို စိမ်းကားသွား ခဲ့တာ။ နင် တော်တော် အငြိုးကြီးတာပဲ အသစ်"

"ငါ့မှာလည်း ခံစားတတ်တဲ့ နှလုံးသားရှိတယ်။ ဖွဲ့ တစ် ယောက်လုံး လူတစ်ယောက်လုံး သေသွားလောက်အောင် နင်တို့ ဒေါသတွေက သိပ်ကို ကြောက်စရာကောင်းတယ် ဆူး။ ဖွဲ့ရဲ့သဝန်တိုမှုတွေ နင့်ရဲ့သဝန်တိုမှုတွေ ကြားထဲမှာ အရာအားလုံး ပျက်စီးကုန်ခဲ့တာ"

"တော်တော့ အသစ်။ နင် တော်တော် အတ္တကြီးတယ်။ ငါဘဝမှာ ငါ ငယ်ငယ်ကတည်းက မိဘဆိုတာ ရှိခဲ့တာ





မဟုတ်ဘူး။ ငါနဲ့ သွေးသားမတော်စပ်တဲ့ နင်တို့ဆီမှာ နင်တို့မိသားစုဝင်အဖြစ် ငါ ကြီးပြင်းလာခဲ့ရတာ။ ငါသိပ် ခင်တွယ်ခဲ့ရတာ နင်တို့ကိုပါ။ ငါ ခင်တွယ်ခဲ့တဲ့ နင့်ကို လုယူသွားတယ်လို့ ငါ ခံစားရတယ်။ မှန်တယ် ... ငါ ဝန်ခံတယ် ...

ဒါပေမဲ့ ငါ မြန်မာမိန်းကလေး တစ်ယောက်ပါ။ ငါ့မှာ အရှက်သိက္ခာဆိုတာ ရှိပါတယ်။ ငါ သဝန်တိုလို့ ထူးထူးဖွဲ့ ဒေါသဖြစ်ခဲ့ရသလို သူ သဝန်တိုပြီး ငါ့ကိုစော် ကားနေတဲ့ စကားလုံးတွေအတွက် ငါ့မှာ ဒေါသထွက်ခွင့် မရှိတော့ဘူးလား။ နင့်ကို ငါ အရမ်းကြောက်သွားပါပြီ အသစ် ...

နင်က သူများစိတ်ခံစားချက်ကို ဘာလို့ထည့်မတွက် ခဲ့ရတာလဲ။ နင် ငါ့ကို အရမ်းမုန်းနေတယ်ဆိုလည်း ငါ ထွက်သွားပေးပါ့မယ်။ ဖွဲ့ သေခဲ့ရလို့ ငါသေမှ ကျေနပ် မယ်ဆိုလည်း ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့။ ဟား ကွာ ..."

ဆူးက နှင့်သီးနေတဲ့ ခံစားချက်တွေ ပြောနေပေမယ့် စကားဆုံးကာနီးမှာ အညီ့ ကိုယ်တိုင် ဆက်နားမထောင်နိုင်တော့ဘှာ "တော်တော့"ဟု တားမြစ်အော်ဟစ်ကာ ထွက်သွားလေသည်။ ဆူး ကိုယ်တိုင်လည်း နာကျင်စွာ ခံစားရလေသည်။

ဆူးရဲ့ကံတရားကိုက မချိုမြိန်ခဲ့တာလား။ ဘယ်သူ့ကိုမှ တွယ်တာခွင့်မရှိတဲ့ ဆူးရဲ့ အထီးကျန်ဘဝမှာ ဆူး တစ်ယောက်တည်းသာ ဖြတ်သန်းပါရစေတော့။ ဘဝမှာ အချစ်ဆိုတာကို သူငယ်ချင်းလို့ပဲ မှတ်ယူခဲ့ကာ အဲဒီသူငယ်ချင်း ရည်းစားရသွားလေတော့ ရင်ထဲက နှလုံးသား ဆွဲထုတ်ခံလိုက်ရတယ်ဆိုတဲ့ တွန့်တိုမှုကြောင့် ဆူး သဝန်တိုခဲ့ဖူးသည်။ အရာအားလုံးဟာ အချစ်ကစ၍ အမုန်းမှာ အဆုံးသတ်ဖို့ အချိန်တန်ခဲ့ပြီ ထင်ပါသည်။

ဆူးဟာ သူ့ချစ်သူကို သတ်တဲ့သူလို့ အထင်ခံနေရတဲ့ဘဝမှာ ဆူး မနေလိုတာမို့ အားလုံးနှင့် ဝေးရာကို ထွက်ပြေးသွားချင်မိလာခဲ့သည်။

❋ ❖ ❋





လူငယ်တစ်ယောက်ရဲ့ဘဝမှာ အချစ်ဟာ အဓိက အရေးပါသော ရာခိုင်နှုန်းကနေ ပါဝင်နေတာမို့ အချစ်မရှိတော့သောအခါမှာ ဘဝဟာ တစ်စစီပြိုကွဲကုန်လေ၏။ သူ့အတွက် ဘာရယ်ဆိုပြီး ထောက်ပြစရာ ဒေါသမရှိပေမယ့် တစ်လောကလုံးနဲ့သူဟာ လုံးဝကို သဟဇာတမဖြစ်ခဲ့တာတော့ သေချာလေသည်။ သူ့စိတ်တွေဟာ အရမ်းကို မွန်းကျပ်လွန်းတာမို့ သူဟာကားတစ်စီးနှင့် တစ်ယောက်တည်း လျှောက်သွားသည်။ ဖွဲ့ကို သူ အရမ်းလွမ်းဆွတ်နေသလို ဆူးနဲ့တောက်လျှောက် ပြဿနာတွေဖြစ်ခဲ့ခြင်းအတွက်လည်း သူ အရမ်းဝမ်းနည်းရလေသည်။

ဒါပေမဲ့ သူ့ရဲ့စိတ်ခံစားချက်တွေကို ဘယ်သူ ဘယ်သူကမှ နားလည်ပေးနိုင်ခြင်းဆိုတာလည်း မရှိနိုင်တော့သောအခါ



www.burmeseclassic.com

www.burmeseclassic.com



သူက black label ကိုသာ သူငယ်ချင်း တော်ပစ်လိုက်၏။ တစ်ယောက်တည်း အရက်တွေ ထိုင်သောက်လိုက် လောကကြီးကို ဟားတိုက်ရယ်မောပစ်လိုက်ဖြင့် သူ အရှိန်တော်တော် တက်နေတာပဲဖြစ်သည်။

"ဟား ... ရှာလိုက်ရတာ သစ်ညိုရာ။ မင်း ဘာလို့ ဖုန်း မကိုင်တာလဲ"

သူက စားပွဲပေါ် ခေါင်းမှောက်နေတုန်း ကြားရတဲ့ အသံကြောင့် သူက ခေါင်းအသာမော့ကြည့်လျှင် စိုးတဝါးမြင်ကွင်းထဲသို့ ပေါ်လာတဲ့ focus ကတော့ ဇေယျာနောင် ဖြစ်လို့နေတာမို့ သူက မျက်မှောင်ကြုတ်ကာ ...

"ဟျောင့် ... မင်း ဘာလာလုပ်တာလဲ။ ဘာလဲ ... ငါ့ရဲ့ ကျရှုံးခန်းဆိုပြီး မင်းက လာကြည့်တာလား ဟမ်"

"ဟား ... မင်း တော်တော် သောက်ထားတာပဲ။ မင်းကို စိတ်ပူလို့ မင်းသူငယ်ချင်းတွေလည်း လိုက်ရှာနေကြတယ်။ ငါနဲ့တွေ့လို့ တော်သေးတာပေါ့ကွာ။ မိုးတောင် တော်တော်





ချုပ်နေပြီ။ ဟျောင့် ... ထ ... ငါ မင်းကို အိမ်ပြန်လိုက်ပို့ပေးမယ်"

ဇေယျာနောင်က သူ့လက်မောင်းကို လာတွဲထူတာမို့ သူက အဲဒီကောင်ကို ကြည့်လို့မရစွာ ပုတ်ထုတ်ပစ်လိုက်ရင်း ...

"မောကောင် ... အပိုတွေ လုပ်မနေနဲ့။ ငါ့ဟာငါပြန်မယ်"

"ဟား ... ဒီကောင်တော့ကွာ။ ဖူးသစ်ညို ... နေပါကွာ၊ ငါ လိုက်ပို့ပေးပါ့မယ်"

ဇေယျာနောင်က သူ့ကို ဖွတ်ဆွဲခေါ်လာကာ ကားပေါ်တင်လာ၏။ သူ ဘာမှကို မသိချင် မကြားချင်တော့။ သူ့ရဲ့ အတွေးတွေ အာရုံတွေထဲမှာ ဖွဲ့ကိုသာ အလွန်အမင်း သတိတွေရလျက် အိပ်မက်ကမ္ဘာထဲမှာ ဖွဲ့နဲ့တွေ့နေကာ ဖွဲ့ထွက်မပြေးအောင် သူ အတင်းဖက်ထားရင်း ဖွဲ့ကို ချစ်တယ်ဟု အကြိမ်ကြိမ် မြည်တမ်းနေခဲ့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား ဆူးလေးရယ်"

မေမေက မျက်ရည်လေး စမ်းစမ်း, စမ်းစမ်းဖြင့် ဆူးကို မေးရှာ၏။ အဲဒါဟာ အကောင်းဆုံးဟု ဆူး ဆုံးဖြတ်ထားပြီးသားလေ။ ဆူးက ခေါင်းကို ခပ်လေးလေး တစ်ချက်ညိတ်ပြလိုက်ရင်း ...

"အဲဒါ အကောင်းဆုံး ဖြစ်မှာပါ ဖေဖေနဲ့ မေမေ။ ဆူး နိုင်ငံခြားမှာ ကျောင်းသွားတက်ချင်တယ်လို့ အစကတည်းက ပြောထားခဲ့ပြီးသားပဲလေ။ ဆူးကို ခွင့်ပြုပေးပါနော်"





"သမီးရယ် ... မေမေတို့နဲ့ တစ်သက်လုံး နေသွားကြရအောင်လေ။ မသွားပါနဲ့နော်"

ဆူးက နာကျင်ခံစားရသော မျက်ရည်စက်တွေကို ပွတ်သုတ်လိုက်ရင်း ...

"အဖြစ်သင့်ဆုံးလမ်းကို ဆူး ရွေးချယ်တာပါ မေမေ။ လေးလေးကလည်း ဆူးဆန္ဒကို လိုက်လျောပေးရှာပါတယ်။ နောက်ပြီး ဆူးလည်း ဟိုမှာ တစ်သက်လုံးနေမှာမှ မဟုတ်တာ မေမေရယ်။ ခွင့်ပြုပေးပါနော်။ ဆူး အားလုံးအတွက် အဆင်ပြေပြီး ဆူးလည်း ကိုယ့်ဘဝ တိုးတက်ဖို့ လမ်းကြောင်း ဖြစ်နေလို့ပါ။ လက်ခံပေးပါနော်"

"အေးလေ ... သမီးဘက်က ဒီလောက်ထိတောင် ဆန္ဒပြင်းပြနေတယ်ဆိုမှတော့ ဖေဖေတို့ဘက်က လိုက်လျောပေးရမှာပေါ့။ ငါ့သမီးက ထက်တဲ့ကလေးပဲဟာ။ ထက်မြက်တဲ့ လူတစ်ယောက် ဖြစ်လာမယ်လို့ ဖေဖေ အပြည့်အဝ ယုံကြည်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရဲ့ခွင့်ပြုချက် ရရှိပြီးနောက်မှာတော့ ဆူးဟာ ဩစီမှာ ကျောင်းသွားတက်ဖို့ ကိစ္စက သေချာလို့ သွားခဲ့ပေပြီ။ ဆူး အားလုံးနှင့် အဝေးဆုံမှာ နေတော့မယ်လို့ ဆုံးဖြတ်ပြီးနောက်မှာ ဆူးရဲ့ဆုံးဖြတ်ချက်တွေ အားလုံးဟာ ပိုမိုတောင် သေချာလာခဲ့ပေသေးသည်။

ဆူးအတွက်တော့ ဘဝဆိုရာ ရုပ်ရှင်တစ်ကား ဖြစ်ခဲ့မယ်ဆိုရင် ဆူး ကြည့်ချင်ခဲ့တဲ့ သာယာစရာ အပိုင်းလေးတွေကိုပဲ ရွေးချန်ထားခဲ့ချင်တာမျိုးဖြစ်သည်။ ဒါပေမဲ့ …။ ဘာကြောင့်မှန်းမသိ။ မျက်ရည်တစ်စက်က သူ့အလိုလို ကျလို့လာလေသည်။

❋ ❖ ❋





"နင် တကယ်ပဲ အဲဒီလို ဆုံးဖြတ်လိုက်ပြီလား ဆူး"

သူ့ရဲ့မေးခွန်းကို ဆူးက ချက်ချင်းမဖြေပေ။ သူ့ကို နားလည်ရခက်တဲ့ မျက်ဝန်းတွေဖြင့် ငေးကြည့်ရင်း …

"အဲဒါ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ ငါ ယုံကြည်လို့ ငါ ဆုံးဖြတ်လိုက်တာပါ"

"အဲဒီလောက် မလိုပါဘူးဟာ။ ငါ့ကို မုန်းနေတယ်ဆိုလည်း နင် မေမေတို့အသည်းကိုတော့ ခွဲမသွားသင့်ဘူး။ နင့်ကို ဖေဖေနဲ့ မေမေ ဘယ်လောက် ချစ်ကြသလဲဆိုတာ နင် သိရက်သားနဲ့ ဘာဖြစ်လို့ ထွက်သွားချင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘ၀အတွက် အတွေ့အကြုံတွေ သင်ခန်းစာတွေ အများကြီး လိုသေးတယ်။ ငါကိုယ်ငါ ရပ်တည်နိုင်ဖို့ ငါကြိုးစားရဦးမယ် အသစ်။ ငါ အတွက် ဘ၀ရဲ့အချိုးအကွေ့ကြီး တစ်ဆစ်ကို ဖြတ်ကျော်ပြီးသွားတဲ့ အချိန်မှာ ဒါ နောက်ထပ် ဘ၀ရဲ့အချိုးအကွေ့တစ်ခုပေါ့"

ဆူးက သူ့ကို တမင်အရွဲ့တိုက် ပြောနေတယ်ဆိုတာ သူ သိသည်။ ဒါပေမဲ့ ဆူးရဲ့မျက်နှာဟာ ဟိုတုန်းကလို ကြည့်လိုက်တာနဲ့ တန်းခနဲ ဖတ်လို့ရအောင် မရိုးရှင်းတော့။ အရမ်းကို တည်ငြိမ်ရင့်ကျက်သွားကာ သူ့ကိုလည်း ဆက်ဆံရေးတွေ သိပ်အေးစက်သွားပါသည်။

"နင် သွားချင်သွားပါ ဆူး။ ဒါပေမဲ့ နင့်အိမ်က ဟောင်အိမ်ကြီးဆိုတာ မမေ့နဲ့နော်။ ဘယ်တော့ပဲဖြစ်ဖြစ် နင်ပြန်လာလို့ ရပါတယ်"

"ကျေးဇူးတင်ပါတယ်။ ငါ့အတွက် နင် ဒီလောက်ထိ ကောင်းပေးနိုင်သေးတဲ့ အတွက်ပါ။ ငါလည်း နင့်လိုမျိုး တချို့သောကိစ္စတွေကို မေ့တတ်ရင် သိပ်ကောင်းမှာပဲ"





ဆူးက မျက်ရည်တွေ ကျလာကာ အဲဒီမျက်ရည်တွေကို အလျင်အမြန် ပွတ်သုတ်လိုက်ရင်း ...

"ငါ အထဲပြန်ဝင်တော့မယ်။ နင့်လည်း ဝင်တော့လေ အသစ်"

"အေး"

ခေါင်းတစ်ချက် ညိတ်ပြအပြီးမှာတော့ ဆူးက သူ့ကို ကျောခိုင်းထွက်လို့ သွားလေသည်။ ဘာဖြစ်လို့များ အဲဒီလို အေးစက်စိမ်းကားမှုတွေ ဖြစ်နေရတာလဲ။

ဆူးဆိုတာ သူငယ်ငယ်ကတည်းက အရမ်းချစ်ခဲ့ရတဲ့ ဆူးနဲ့ ဘာကြောင့် ဒီလောက်ထိ ကွာဝေးမှုတွေ ဖြစ်ကုန်မှန်းလည်း သူ မသိတော့ပါ။

သူ့ရင်ထဲမှာ နာကျင်စွာ ခံစားနေရသည်။ သူသိပ်ချစ်တဲ့ ချစ်သူ ဖွဲ့ သူ့အနားမှာ မရှိတော့။ အခု သူသိပ်ချစ်တဲ့ သူငယ်ချင်း ဆူး သူ့နားက ထွက်သွားပြီ။ တစ်ယောက်တည်း ကျန်နေရစ်ခဲ့ခြင်းသည် သူ့အတွက်တော့ အရမ်းခံစားရလွန်း



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ခံစားချက်ချက်တွေက ထုံပေနေခဲ့သည်။ ရှူးကို ထွက်မသွားစေချင်ပေမယ့်လည်း သူ ဘာဖြစ်လို့ မတားခဲ့မိမှန်းလည်း မသိတော့ချေ။

* ❖ *





ချန်ရစ်ခဲ့လို့ လွမ်းရတာ
ကျန်ရစ်ခဲ့လို့ လွမ်းရတာ
ဘာကြောင့်ပဲလွမ်းလွမ်း
အလွမ်းတိုင်းဟာ
ဘယ်တုန်းကများ ချိုမြခဲ့ဖူးလို့လဲ။

* ❖ *

www.burmeseclassic.com

www.burmeseclassic.com







Six Years later

ခြောက်နှစ်လွန်သော်

www.burmeseclassic.com

www.burmeseclassic.com







အသုံး-(၁)

www.burmeseclassic.com

www.burmeseclassic.com







"ဝိုး ... မာမီ ... I like it. very nice"

သားက ကားပေါ်ကနေ တစ်ရှိန်ထိုး ပြေးဆင်းကာ ဝန်းခြံထဲသို့ ခုန်ပေါက်ဝင်သွား၏။ အဝေးကနေ သား ပျော်ရွှင်မြူးတူးနေပုံကို သဘောတကျဖြင့် ခဏလောက် ရပ်ငေးကြည့်နေမိသည်။

"ဘယ်လိုလဲ ဆူး။ ခြံနဲ့တိုက်ကို သဘောတွေ့ရဲ့လား"

ဘေးက မေးသံကြောင့် ဆူးက အပြုံးတစ်ခုဖြင့် ခေါင်းညိတ်ပြလိုက် ...

"သား ဘယ်လောက် သဘောကျနေတယ်ဆိုတာ အမြင်ပဲ။ မေးဖို့လိုသေးလို့လား။ အဲဒါတွေ အားလုံးက မေယျ ကျေးဇူးကြောင့်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့ ဆူးအတွက် ကိုယ်က အကောင်းဆုံးတွေပဲ ဖန်တီးပေးရမှာပေါ့။ အဲဒါ ကိုယ့်တာဝန်ပဲလေ"

ဇေယျစကားကြောင့် ဆူးက ခေါင်းအသာညိတ်ပြလိုက်ရင်း ပန်းခြံထဲမှာ စုန်ပေါက်ဆော့နေသော သားကို လှမ်းခေါ်လိုက်၏။

"သားသား ... come here"

"Yes ... မာမီ"

သားက လိမ္မာစွာ ဆူးဆီ ပြေးလာလျှင် ဆူးက သားနဲ့အတူ ခုံမှာဝင်ထိုင်လိုက်ရင်း ...

"သား ဘယ်လိုလဲ။ ဒီမှာနေရတာ သဘောကျမှာလား"

"Yes ... သား ကြိုက်တယ် မာမီ။ ဆော့လို့လည်းရတယ်"

"ဟုတ်ပါပြီ။ မာမီသားက ကြိုက်တယ်ဆိုတော့ ဝမ်းသာပါတယ်။ ကဲ ... သား သွားဆော့တော့"





ဆူးက ပါမစ်ပေးလိုက်တာနဲ့ သားက ဆူးရှေ့ကနေ ပျော်ရွှင်မြူးတူးစွာ ထွက်လို့သွားလေသည်။ ဒီအချိန်မှာ ဆူးအတွက်က မိသားစုဘဝကို ပိုင်ဆိုင်ခဲ့ပြီလေ။ အဲဒီအတွက်လည်း ဆူး အရမ်းပဲ ကျေနပ်လေ၏။

"ဆူး ပြန်ရောက်တာ ရှေ့နေကြီးကိုတော့ အသိပေးသင့်တယ် ထင်တယ်။ ရှေ့နေကြီး ဦးဇော်ခ ကျန်းမာရေးမကောင်းဘူးလို့ ကြားတယ်"

"ဆူး သိပါတယ်။ လေးလေးကို ဆူး သွားတွေ့မှာပါ။ ဒါပေမဲ့ အခုလောလောဆယ်တော့ ဆူးတို့ အခြေတကျဖြစ်ဖို့ အရင်လုပ်ရဦးမယ် ဇေယျ"

"ဆူး သဘောပါ။ ဆူး အဆင်ပြေတယ်ဆို ပြီးတာပါပဲ"

ဆူးက ဇေယျကို ခေါင်းအသာညိတ်ပြလိုက်သည်။ ဆူး မြန်မာနိုင်ငံကို ပြန်မရောက်တာ ခြောက်နှစ်ကျော်တော်ရှိခဲ့ပေပြီ။ ခြောက်နှစ်ဆိုတဲ့ အချိန်ကာလဟာ အရာရာကို အံ့သြဖွယ် ပြောင်းလဲစေခဲ့အောင် ဖန်တီးနိုင်ခဲ့တာပဲဖြစ်၏။ ဆူးကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်လည်း သားတစ်ယောက်မိခင် ဘဝကို ရောက်ရှိလာသလို ဆူးရဲ့ကျေးဇူးရှင်ဖြစ်တဲ့ ဖေဖေ မေမေတို့ကလည်း လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ရှေ့ဆင့် နောက်ဆင့် ဆုံးသွားခဲ့ကြပြီ ဖြစ်သည်။

ဆူး မိုက်မဲလွန်းစွာ ဖေဖေ မေမေတို့ရဲ့ ရျာပနကို သွားမကန်တော့နိုင်ခဲ့သလို ဆူးကိုယ်တိုင်လည်း နာကျင်ခံစားရလွန်းစွာ ဟိုမှာ မနည်းရပ်တည်ခဲ့ရတာ ဖြစ်၏။

အခုချိန်မှာ ဆူးအတွက် အရာရာ ပြည့်စုံလုနီးပါး ဖြစ်နေပြီ ဆိုပါသော်ငြားလည်း ဆူး ရင်ထဲက တစ်စုံတစ်ယောက် သောသူ ဘာတွေလုပ်နေပြီလဲ ဆိုတာကို ဆူး သိချင် မြင်ချင်မိပါသေးသည်။

❋ ❖ ❋





သစ်ညိုက ရုံးခန်းထဲမှ အထွက်မှာ ဒီည ဒင်နာအတွက် ဘာစီစဉ်ရကောင်းမလဲ စဉ်းစားမိသွားသည်။ တစ်ကိုယ်ရည် တစ်ကာယသမား တစ်ယောက်အတွက်ကတော့ အစားအသောက် ဖွယ်ဖွယ်ရာရာဆိုတာ မစီစဉ်နိုင်ဘဲ ဖြစ်သလို နှစ်ပါးသွားနေခဲ့ရတာဖြစ်သည်။ ဒီညနေတော့ စိတ်လက်လည်း နည်းနည်းကြည်ကြည်သာသာ ရှိနေတာကြောင့် သူ့ရုံးခန်းနဲ့ နီးနီးနားနား Market Place (City Mart) ထဲဝင်ကာ ဟင်းလျာဝင်ဝယ်ရင်း ကိုယ်တိုင်ချက်စားဖို့ စီစဉ်လိုက်သည်။

သူက အိမ်အတွက် လိုတာလေးတွေ လိုက်ဝယ်နေရင်း အနောက်ကနေ သူ့ဘောင်းဘီစကို လှမ်းဆွဲလိုက်မှုကြောင့် သူက လှည့်ကြည့်လိုက်လျှင် ချာတိတ်လေးတစ်ယောက် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ... အန်ကယ်"

ခေါ်တဲ့ အခေါ်အဝေါ်ဟာလည်း ဆန်းပြားနေတာမို့ သစ်ညိုက အဲဒီချာတိတ်ကို အကဲခတ်ရင်းက မေးဆတ်လိုက်ကာ ...

"ဘာလဲ"

"your key ... ။ ရော့လေ"

ကလေးလက်ထဲက သော့က သူ့ကားသော့ဖြစ်နေတာကြောင့် သစ်ညိုက အံ့အားသင့်သွားရကာ သော့ကိုယူလိုက်ရင်း ...

"ဟား ... ကျေးဇူးတင်လိုက်တာ ချာတိတ်ရာ။ ဘယ်မှာ ပြုတ်ကျခဲ့မှန်းတောင် မသိဘူး။ သား လာပို့ပေးလို့ပေါ့။ ကျေးဇူးပါပဲကွာ"

"ရပါတယ်။ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ နောက်တစ်ခါဆိုရင် တောင့် မမေ့နဲ့ပေါ့။ သော့ဆိုတာ အသုံးဝင်တဲ့ ပစ္စည်းလေ။ ဘာကိုမဆို သတိထားပါ"





ဟမ်။ ဒီ ... ဒီအပြောတွေက။ သစ်ညိုက အဲဒီစကားတွေကြောင့် ရုတ်တရက် မှင်သက်သွားမိမှာ အဲဒီကလေးကို ကြည့်မိသွားသည်။ ဒီစကားလုံးတွေကို သူ အရမ်းကို ရင်းရင်းနှီးနှီး ကြားဖူးခဲ့သည်။ ဒီကလေးလေး ပြောတာတွေက ဖွဲ့ ပြောခဲ့ဖူးတာတွေနဲ့ ...။

"သား ... အဲဒီမှာ ဘာလုပ်နေတာလဲ"

နောက်ကနေ လှမ်းခေါ်သံကြောင့် သစ်ညိုက လှည့်ကြည့်မိလိုက်လျှင် ထပ်မံ အံ့သြစရာ ဇေယျနောင်ကို သွားတွေ့လေသည်။ ဇေယျနောင်ကလည်း သူ့ကိုမြင်လျှင် အင်မတန် အံ့သြစွာဖြင့် ...

"မင်း ... မင်း ... ဖူးသစ်ညို"

သစ်ညိုက အံ့အားတသင့် ဖြစ်နေတုန်းမှာ ကလေးက ဇေယျာနောင်နား ရောက်သွားတာကြောင့် သူက အဲဒီကလေးကို တစ်ချက်ကြည့်လိုက်ရင်း ...

"မတွေ့တာ ကြာပြီနော်။ ဒါ မင်းရဲ့သားလေးလား"



www.burmeseclassic.com

www.burmeseclassic.com



ဖေယျာက သူ့သားကို ချီလိုက်ရင်း သူ့ကိုအပြုံး တစ်ချက်နဲ့ ပြန်ဖြေလေသည်။

"ဆူးရဲ့သားလေး"

"ဆူး"

သစ်ညိုက မထင်မှတ်ထားတဲ့ နာမည်တစ်ခုကို ကြားလိုက်ရတာကြောင့် ပိုပြီးတော့တောင် အံ့ဩမိရသည်။ ဆူး…။ ဆူးဆိုတာ …။

"ဆူး ဆိုတာ မင်းရဲ့သူငယ်ချင်း ဆူးချိုချိုလေ။ ဒါ သူ့ရဲ့ သားပဲ"

ဆူးရဲ့သား။ သစ်ညိုက အံ့ဩပြီးရင်း အံ့ဩရကာ ဆူးရဲ့သားဟု ဆိုသော ကလေးရဲ့မျက်နှာကို သူက အံ့ဩတကြီး ကြည့်မိသွားသည်။ ဆူးက ကလေးတောင် ရနေပြီ။

"ဆူးက အခု ရန်ကုန် ပြန်ရောက်နေတာလား"

"အင်း … ဟုတ်တယ်။ ပြန်ရောက်တာ နှစ်ပတ်ရှိပြီ။ မင်းကော အိမ်ထောင်ကျပြီလား"





"ဟင့်အင်း။ ငါ ခုထိ တစ်ယောက်တည်းပဲ။ မင်းနဲ့ဆူးက"

သူ့ရဲ့မေးခွန်းအတွက် ဖေယျာက အပြုံးတစ်ခုနဲ့ အတူ သူ့ပခုံးကို ပုတ်လိုက်ရင်း …

"မင်းနဲ့တွေ့ရတာ ဝမ်းသာတယ်ကွာ။ ငါတို့တွေ တစ်ရက်လောက် ဆုံရအောင်လေ။ ဪ … ရော … ဒါ ဆူးရဲ့လိပ်စာ။ မင်း အိမ်လာလည်ပါဦး။ တွေ့ရတာပေါ့ကွာ။ သား ဦးကို နှုတ်ဆက်လိုက်ဦး။ ပြန်ရအောင်"

"သွားလိုက်ပါဦးမယ် အန်ကယ်။ ဘာကိုမဆို သတိထားနော်"

"သွားပြီ … ဟောကောင်"

သူ့အတွက်ကတော့ အိပ်မက်တစ်ခု မက်နေသလို ခံစားရလေသည်။ သူ့ရဲ့လက်ထဲမှာ ဆူးရဲ့လိပ်စာကတ်လေး။ ရင်ထဲမှာ အံ့ဩမှုတွေ၊ ပဟေဠိတွေ များစွာဖြင့် သူ ငူငူကြီးကျန်ခဲ့ရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူးရဲ့သားက ဘာဖြစ်လို့ ... သူ့စိတ်ထဲမှာ တအား ကြီး ရင်းနှီးနေရတာလဲ။ ပြီးတော့ ဒီကလေးပြောတဲ့စကားက တစ်ချိန်က ဖွဲ့ ပြောသွားတာနဲ့ ဘာလို့ ဒီလောက်တူနေရတာလဲ။ လဲ,ပေါင်းများစွာသော ပဟေဠိတွေအတွက် သစ်ညိုက ဆူးချိုမို့ တို့အိမ်ကိုသွားဖို့ ဆုံးဖြတ်လိုက်တော့သည်။

❋ ❖ ❋





"ဘာဖြစ်တယ်။ ဟား ... နင် ဘာဖြစ်လို့ အိမ်လိပ်စာ ပေးခဲ့ရတာလဲ ဒေယျရဲ့။ ဟားကွာ"

ဆူးက စိတ်ပျက်စွာဖြင့် ဆိုဖာပေါ် ဘုံးခနဲ ပစ်ချ ထိုင်မိသွားသည်။ သားသားကတော့ ဆူးတို့ရဲ့စကားဝိုင်းထဲကနေ ခြံထဲဆင်း ထွက်သွားလေ၏။ သားထွက်သွားတော့မှ ဆူးက စိတ်ပျက်လက်ပျက်ဖြင့် ကျစ်ခနဲ စုပ်သပ်လိုက်ရင်း ...

"နင် ဘာလို့ သွားပေးရတာလဲ ဒေယျ"

"ငါ စေတနာပါ။ နင်တို့တွေကို ငါ မကွဲကွာစေချင်တာ"

"နင်ဟာ။ ဆူးသစ်အကြောင်းကို နင် သိနေရက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဆူးက စိတ်ပင်ပန်းကြီးစွာ မျက်ရည်တွေပါ ဝဲလာ၍ ဓေယျကို အပြစ်ပြောမိသွားသည်။ သစ်ညို အိမ်လိပ်စာသိသွားပြီဆို သူ လာချင်ရင် အချိန်မရွေး လာလို့ရတဲ့ အနေအထားမျိုး ဖြစ်သွားပြီ။ ဆူးက စိတ်မောလူမောဖြင့် ထိတ်လန့်နေတာကို ဓေယျက သဘောမတွေ့စွာ ခေါင်းခါလိုက်ရင်း ...

"နင် အဲဒါ ရူးနှမ်းတာပဲ။ အဲဒီလောက်ကြီး နင့်စိတ်ထဲမှာ နှစ်မနေနဲ့လေ။ ဆူးသစ်က ဆူးသစ်ပဲ။ သူက နင့်ရဲ့သား။ ဖွဲ့ မဟုတ်ဘူး"

"ဒါပေမဲ့ အဲဒါ ဖွဲ့ပဲလေ"

"ဆူး ... စိတ်ကို အဲဒီလောက်ထိ အစွဲအလမ်း မကြီးစမ်းပါနဲ့။ဆူးသစ်လေးဟာ ဖွဲ့ ဝင်စားတယ် ဆိုရင်တောင် ဒီအချိန်မှာက ဖူးသစ်ညိုရဲ့ချစ်သူ ထူးထူးဖွဲ့ မဟုတ်တော့ဘူး။ နင် မွေးထားတဲ့ နင့်ရဲ့သား ဆူးသစ်ထူး ဖြစ်နေပြီ။ ဘာဖြစ်လို့ ဒီလောက်ထိ နင် အစွဲအလမ်းကြီးနေတာလဲ။ ဆူးသစ်ကို ဖွဲ့လို့ နင်မမြင်ဘဲ နင်တို့နှစ်ယောက်ရဲ့သား





လို့ ဘာလို့ နင် မမြင်ရတာလဲ။ အဲဒါ နင့်ရဲ့သားလေ။ နင်နဲ့ ဖူးသစ်ညိုရဲ့ သားပဲ။ အမှန်တရားကို နင် လက်ခံပါ။ ဆူးသစ်ထူးဟာ ထူးထူးဖွဲ့ ဟုတ်ခဲ့မယ်ဆိုရင်လည်း သူ ဘယ်တော့မှ ဖွဲ့ပြန်မဖြစ်တော့ဘူး။ နင့်သားပဲ"

"ဘာဖြစ်တယ် ဓေယျ"

အနောက်ကပြောတဲ့ အသံကြောင့် ဆူးက အံ့အားသင့်စွာ လှမ်းကြည့်မိသွားသည်။ သစ်ညို။ သစ်ညိုက သားကို ချီထား၍ အံ့ဩဖွယ်မျက်နှာထားဖြင့် အိမ်ထဲဝင်လာခဲ့သည်။

"ဓေယျ ... ဒါ ငါ့သား ဟုတ်လား"

"နင် ... နင် ... ဘယ်လိုလုပ် အိမ်ထဲရောက်လာတာလဲ အသစ်"

"သား ဖွင့်ပေးလိုက်တာ မာမီ"

ဆူက သစ်ညို လက်ထဲကသားကို ပြန်ပွေ့ယူလိုက်ကာ ဒေါ်ကြီးကို လှမ်းခေါ်လိုက်သည်။

"ဒေါ်ကြီး ... သားသားကို လာခေါ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … မာမိ။ သား ဒီမှာပဲ နေမယ်"

"ဆူးသစ် … မာမီ ပြောနေတယ်။ သွား … ခေါ်ကြီးခေါ် သွားလိုက်"

"သား"

ခေါ်ကြီးက သားသားကို ခေါ်သွားလျှင် ဆူးတို့ သုံးယောက်တည်းသာ ကျန်နေတော့၏။ အသစ်က သားကို လှမ်းကြည့်လိုက်ပြီးမှ မေးခွန်းတွေ စထုတ်တော့တာဖြစ်သည်။

"မင်း ခုနက ပြောတာတွေက ဘာတွေလဲ ဓေယျ"

"အေး … အမှန်အတိုင်း မင်းသိရမယ့် အချိန်ကိုရောက်လာပြီ"

"ဓေယျ"

"နင် ငါ့ကို လာမတားနဲ့ ဆူး။ နင်တို့တွေ ဒီလိုနဲ့ပဲ အဆုံးသတ်သွားရမယ့် ဘဝမျိုးကို ငါ မလိုလားဘူး …

ဟောကောင် … မင်း သိပ်သိချင်နေတဲ့ မေးခွန်းတွေ အားလုံးကို ငါ ပြောပေးမယ်။ အဲဒီကလေးက မင်းနဲ့ ဆူးရဲ့ ကလေးပဲ"





အမှန်အတိုင်း ဖွင့်ပြောချလိုက်ပြီဖြစ်သော ရှင်းတမ်းအတွက် ဆူးက မျက်ရည်ကျလာကာ ဆိုဖာပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်လေသည်။ အသစ်က မယုံနိုင် အံ့သြနေသော မျက်ဝန်းတို့ဖြင့် ခေါင်းခါယမ်းရင်း …

"မဖြစ်နိုင်ဘူး။ ငါနဲ့ ဆူးက … …"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ။ မင်း အရက်တွေမူးနေတဲ့ညကို မှတ်မိလား။ မင်းကို ငါကိုယ်တိုင်ထမ်းပြီး အိမ်ပြန်လိုက်ပို့ခဲ့တာလေ"

သစ်ညိုက အတိအကျချည်းကို စွပ်စွဲလိုက်သော ဓေယျစကားကြောင့် ငြိမ်သက်လို့ သွားရလေသည်။ ဓေယျသူ့ကို အိမ်ပြန်ပို့တဲ့နေ့က။ သူ့မျက်လုံးထဲမှာ အဲဒီအတိတ်ဆီ ဘူးခတ်သွားမိသည်။ ဝိုးတဝါး ပုံရိပ်တို့က မပီပြင်ကာ အဲဒီနေ့က ဆူ့တို သူ အရမ်းတမ်းတပြီး တကြော်ကြော် ခေါ်နေမိခဲ့တာတွေ။

"ဆူးဟာ မိန်းမကောင်းတစ်ယောက်ကွ။ မင်းနဲ့ရတဲ့ကလေးကို သူ ဟိုမှာ single mother အနေနဲ့ ရပ်တည်ပြီး မွေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာ။ ငါ ဟိုကို ရောက်တဲ့အချိန်မှာ ဆူး တစ်ယောက်တည်း ရပ်တည်နေရတာကို မကြည့်ရက်လို့ သူတို့သား အမိကို ငါ ကူညီနေခဲ့တာ။ ဆူးသစ်ထူး ဆိုတာ မင်းရဲ့ သားပဲ။ အဲဒါကိုမှ မင်း မယုံဘူးဆိုလည်း ငါ မတတ်နိုင်ဘူး"

ဖေယျဆီက စကားတွေ အဆုံးမှာ သူက မျက်ရည်တွေဖြင့် ဆိုဖာမှာ ထိုင်နေတဲ့ ဆူးဆီသွားကာ ဆူးရှေ့မှာ ဒူးထောက်ထိုင်ချရင်း ဆူးကို အသည်းအသန် မေးရလေသည်။

"ဆူး ... ဆူး ... ဟုတ်လား။ ငါတို့နှစ်ယောက် တကယ်ပဲ အဲဒီလို ဖြစ်ခဲ့တာလား။ ငါ အဲဒီလောက်ထိတောင် နင့်ကို နာကျင်ခံစားစေခဲ့တာလား။ ဆူး ... ဖြေပါဟာ။ ဆူး"

သစ်ညိုက ဆူးကို လှုပ်ယမ်းရင်း အသည်းအသန် မေးလိုက်လျှင် ဆူးက မျက်ရည်တွေဖြင့် ခါးစာခံဖြစ်ခဲ့ရတဲ့ အမှောင်ညကို မြင်ယောင်ကာ မျက်ဝန်းတွေကို အလိုလိုမှိတ်မိသွားသည်။





"ဆူး ... ဟုတ်လားဟင်။ သားက ငါတို့သားလား"

ဆူးရဲ့လက်တွေကို ဆုပ်ကိုင်ထားတဲ့ သူ့ရဲ့လက်တွေကို ဆူးက ဖယ်ထုတ်လိုက်ကာ ...

"အေး ... ဟုတ်တယ်။ အဲဒါ နင့်ရဲ့သားပဲ ...

ငြိုးတော့ ရှိသေးတယ်။ ဆူးသစ်က ဖွဲ့ ပြန်ဝင်စားတာ။ ဖွဲ့ ငါ့ကို အိပ်မက်ပေးတယ်။ နင်နဲ့မဝေးနိုင်လို့ နင်တို့ဆီ ပြန်လာပါရစေတဲ့။ သားကို မွေးတဲ့နေ့မှာ ငါ အမြဲမက်နေခဲ့တဲ့ ဖွဲ့ရဲ့အိပ်မက်တွေ ပျောက်သွားတယ်။ သားကလည်း ဖွဲ့နဲ့ အမူအကျင့်တွေ အများကြီးတူတယ် ...

ဒါပေမဲ့ နင်သိရင် နင်ယုံမှာ မဟုတ်ဘူးလေ။ ငါ့ကြောင့် သေဆုံးသွားတယ်လို့ နင် ယူဆနေတဲ့ ဖွဲ့က ငါ့ရဲ့သား ဖြစ်လာတယ် ဆိုတာကို နင် လက်ခံမှာလည်း မဟုတ်သလို အဲဒါ နင့်သားဆိုတာကိုလည်း ငါ ဘယ်လို ရှင်းပြရမှာလဲ အသစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



သစ်ညိုက မယုံနိုင်စရာ ဆန်းကြယ်လှတဲ့ အဖြစ်အပျက်တွေအတွက် မျက်ရည်တွေသာ ကျနေပြီး ပုံရက်သား ထိုင်ချမိသွားသည်။ ဖေယျုက သူ့ရဲ့ပခုံးတွေကို ခပ်တင်းတင်း ဖက်ကာ ...

"မင်းတို့တွေကြားထဲမှာ သဝန်တိုမှုတွေကြောင့် အဖြစ်ဆိုးတွေ ဖြစ်ခဲ့ရတယ်။ ဆူး ပြောသလို တကယ်ပဲ ဆူးသစ်ကဖွဲ့ ဝင်စားခဲ့တယ် ဆိုရင်လည်း မင်းတို့နှစ်ယောက်ရဲ့ သားသမီးအဖြစ် သူ ပြန်လာတာလေ။ မင်းတို့နှစ်ယောက်ကို သူ သဘောတူတယ်ဆိုတဲ့ သဘောလေ ...

အဘက်ဘက်က စဉ်းစားကြည့်ကြပေါ့ကွာ။ ဆူးသစ်ဟာ ဟိုဘဝက ဖွဲ့ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မင်းတို့နှစ်ယောက်ရဲ့ကလေးဟာ မိတကွဲ ဖတကွဲ ဖြစ်နေတဲ့အဖြစ်ကို မင်းတို့ ကြည့်ရက်သလား။ သစ်ညို ... ငါတို့တွေ အသက်ကြီးလာကြပြီ။ အရင်လို မမိုက်ချင်တော့ဘူးကွာ။ မင်း အမှန်ကန်ဆုံး ဆုံးဖြတ်တတ်စမ်းပါကွာ"





ဖေယျုက သူ့ရင်ထဲကို အသိတရားတွေ ရိုက်သွင်းပြီးသတားသော အခါမှာတော့ ထွက်သွားပေးလေသည်။ သစ်ညိုက ဆူးအပေါ် လုံးဝမတရားခဲ့တဲ့ အဖြစ်တွေအတွက် တကယ်ကိုပဲ ရှက်ရွံ့အားနာရသည်။ ဆူးတစ်ယောက် တစ်နိုင်ငံမှာ သူ့ရဲ့ရင်သွေးလေးကို မွေးနေတဲ့အချိန်မှာ သူဟာ ဒီမှာ ဆူးကို စိတ်နာလို့ ကောင်းနေတုန်းပဲ ဖြစ်၏။

"ဆူး ... ငါ့ရဲ့ အမှားတွေအတွက် နင့်ကို တောင်းပန်စရာ စကားလုံး မရှိပါဘူးဟာ။ ငါ တောင်းပန်ပါတယ်။ ငါ အခုကျမှ နင့်ကို ဘာပြောရမှန်း ငါ ... ငါဟာ"

သစ်ညိုက ဆို့နင့်တက်လာကာ စကားမပြောနိုင်တော့ဘဲ နှုတ်ဆွံ့သွားချိန်မှာ ဆူးက သူ့ရဲ့လက်တွေကို ဆုပ်ကိုင်လာကာ ...

"တောင်းပန်ဖို့ မလိုပါဘူး။ ငါတို့ မှားခဲ့တယ် ဆိုရင်တောင် အချစ်ကြောင့်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆူး ... ဆူး ... ငါ အမှားတွေပြင်ဖို့ အချိန်မီပါသေးတယ်နော်။ ငါ မိသားစုဘဝလေးကို တည်ဆောက်ဖို့ အခွင့်အရေး နင်ပေးနိုင်မလားဟင်"

သစ်ညိုက မျှော်လင့်တကြီးဖြင့် ဆူးဆီက အဖြေတစ်ခုကို စောင့်နေမိသည်။ ဆူးကအပြုံးတစ်ခုနဲ့အတူ ပြန်ဖြေလေ၏။

"အဲဒါ သားအပေါ်မှာ မူတည်တယ်။ သူက ဖွဲ့လို့ ငါ ယုံကြည်ထားတဲ့အတွက် သားဆန္ဒကသာ ငါ့ဆုံးဖြတ်ချက်ပဲ။ နင် အခုပြန်တော့ အသစ်။ ငါ သားသားကို ပြောပြပြီး နင့်ကို ပြန်ဆက်သွယ်ပါ့မယ်"

"ဆူး ... ငါ ... ငါ ... မျှော်နေမယ်နော်"

ဆူးက အဖြေဘာမှန်း မသိရသေးတဲ့အတွက် ဆူးကိုယ်တိုင်လည်း ရင်ခုန်လေသည်။

ဖွဲ့ဟာ တစ်ချိန်တုန်းက ဆူးကို အသစ်နဲ့ မတွဲစေလိုသော စေတွေဖြင့် ဆုံးသွားခဲ့ရတာဖြစ် သည်။ ဖွဲ့ ဝင်စားတယ်





လို့ ဆူး ယုံကြည်ထားတဲ့ သားဟာ ဆူး ဘဝအတွက် ဆုံးဖြတ်ချက်ပဲ ဖြစ်သည်။

ဒီအချိန်မှာ အချစ်ထက် အရေးကြီးတာဟာ မေတ္တာတရားလို့ပဲ ဆူးကတော့ ယူဆလေ၏။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ဆူးက ပြန်ပါဟု ဆိုသောအခါ သူက စကားနားထောင်စွာ ပြန်လာခဲ့၏။ အဲဒီအတွက် ဆူးဆီက တုံ့ပြန်မှုကို သူမျှော်ခဲ့သော်လည်း ဆူးတို့သားအမိဟာ သူ့ကို မျက်ခြည်ပြတ်အစဖျောက်ကာ ခရီးထွက်သွားခဲ့သည်။ ဇာကန္တ သားက တကယ်ပဲ ဖွဲ့ဝင်စားခဲ့လို့ သူနဲ့ ဆူး ပေါင်းဖက်ခြင်းကို သဝန်တိုပြီး လက်မခံခဲ့တာများလား။ သူက အတွေးပေါင်းနက်နဲစွာဖြင့် နေ့တိုင်းခံစားနေခဲ့ရတာဖြစ်သည်။

"ဒယ်ဒီ"

ခေါ်သံတစ်ခုက သူ့ရင်ထဲကို ပုတ်ခတ်လာတာကြောင့် သူက လှည့်ကြည့်မိလိုက်လျှင် အိပ်မက် မက်နေတယ်ဟုထင်ရစွာ ဆူးနဲ့သားကို တွေ့ရလေသည်။

"သား"





သူက ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် သားကိုဆီးပွေ့လိုက်ကာ နမ်းလိုက်မိသည်။ ဒီအချိန်မှာ ဖခင်ဆိုတဲ့ စိတ်တစ်ခုနဲ့ သူ့ရင်ထဲက ပီတိဟာ ဘာနဲ့မှ မလဲနိုင်ပေ။

"ဆူး ... ဆူး ... ကိုယ့်ကို လက်ခံတယ်ပေါ့နော်"

"သားက သူ့ဒယ်ဒီနဲ့ အတူတူနေချင်တဲ့တဲ့။ လိုက်ပို့ပေးပါဆိုလို့"

ဆူးရဲ့အဲဒီစကားကြောင့် သူက ထိတ်ထိတ်ပျာလန့်သွားရကာ ဆူးရဲ့လက်ကို လှမ်းဆွဲထားလိုက်မိသည်။ သားက သဝန်တိုလို့ ဆူးကို သူတို့နဲ့ မနေခိုင်းတာလားဆိုတဲ့ အတွေးကြောင့် သူဟာ အရမ်းကို စိုးရိမ်သွားရကာ ...

"ဆူး ... ဆူး ... မသွားပါနဲ့။ ကိုယ်တို့ မိသားစုဘဝလေး တည်ဆောက်ဖို့ ဆူးရှိမှ ဖြစ်မှာပါ။ သား ... သား ... လက်ခံပေးပါနော်။ သား"

သူက သားကိုတစ်လှည့် ဆူးကိုတစ်လှည့် တောင်းပန်နေလျှင် ဆူးက အပြုံးတစ်ခုနှင့်အတူ ...

"ဆူး မသွားပါဘူး။ သားလေးက ဆူးကိုလည်း သူ့ဒယ်ဒီအနားမှာပဲ နေခွင့်ပြုပါတယ်။ ဟုတ်တယ်မှလား သား"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ သူက ရင်ထဲက အလုံးကြီးက ကျသွား၍ ဆူးရဲ့ပခုံးလေးကို ဖက်လိုက်ချိန်မှာ သားက ချစ်စဖွယ်ကောင်းသော စကားကို ဆိုလေ၏။

"Yes ... ဒယ်ဒီနဲ့မာမီကို သားသား သိပ်ချစ်"

သားရဲ့အဲဒီစကားကြောင့် သူ့ဘဝဟာ မင်္ဂလာရှိသွားရကာ တစ်ဆက်တည်းမှာပဲ ဆူးအပေါ် တာဝန်မကျေခဲ့သော ချစ်ခြင်းများအတွက် သားနဲ့ ဆူးအပေါ်ကို သဝန်တိုခြင်းကင်းသော ပျော်ရွှင်မှု ကကြိုးများဖန်တီးပေးဖို့ အဆင်သင့် ရှိနေခဲ့သည်။

❋ ❖ ❋

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

20. January. 2015.

2;55 PM

www.burmeseclassic.com